



ရှုပုံ စာအုပ်တိုက်
၂၁ ၂၃၁လမ်း၊ရန်ကုန်မြို့။ဖုန်း၇၀၆၈၀၅၅

*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်** – ၅၄၇/၂၀၀၂(၆)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – ၁၄၇/၂၀၀၃(၂)

**ထုတ်ဝေသူ** – ဦးထွန်းထွန်းဦး
နှင်းဦးလွင်စာပေ
၅၃၃(အေ)၊ဂ/ရပ်ကွက်၊
ပြည်လမ်း၊ကမာရွတ်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ** – ဦးမောင်မောင်လွင်
ကဝိရတနာပုံနှိပ်တိုက်
၂၀၄၊လမ်း၃၀၊ရန်ကုန်။

**ပုံနှိပ်ခြင်း** – ပထမအကြိမ်
၂၀၀၄–ခုနှစ်၊ဇန်နဝါရီလ

**အုပ်ရေ** – (၁၀၀၀)

**တန်ဖိုး** – ၄၅၀ကျပ်


### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ တာဝန်ဖြစ်သည်"

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ညီသစ်

## စိတ်ဓာတ်ခွန်အားကိုပေးသော စာစုများ

## (ဒုတိယအုပ်)

**Chicken Soup for the Soul**

**Edited By**
Jack Canfield
Mark Victor Hansen
Patty Hansen
Irene Dunlzp

စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

## မာတိကာ


| | |
|---|---|
| ၁။ အားရအောင် ငိုချလိုက်ပါ | ၅ |
| ၂။ ဒါလေးကျွန်ုပ်ကိုရှင်းပြပါ | ၁၇ |
| ၃။ နေ့ရက်တွေ သတ္တဝါလေးတွေကြား | ၂၉ |
| ၄။ မေမေ့လက်မှ သင်ခန်းစာများ | ၃၅ |
| ၅။ သူစိတ်ကူးထဲကပေါက်လာတဲ့ လက်ဆောင် | ၄၁ |
| ၆။ မေမေ့ရဲ့ဗန်းကွဲလေး | ၄၉ |
| ၇။ သုံးကြိမ်မြောက်ပေး | ၅၇ |
| ၈။ ဂေါက်သီးက သင်ခန်းစာ | ၆၃ |
| ၉။ ရထားနောက်ကျခြင်း | ၈၇ |
| ၁၀။ ဓါတ်မှန်ပေါ်က အရိပ်များ | ၉၃ |
| ၁၁။ မေမေ့ အရွှေမက်သွား | ၁၀၃ |
| ၁၂။ အဖေနှင့် ကိုယ့်ကြိုက်ဖိနပ်များ | ၁၁၇ |
| ၁၃။ အပြုံးမှုန် | ၁၂၉ |


# အားရအောင် ငိုချလိုက်ပါ

Crying's Okay By Kirk Hill

"ကျွန်တော်တို့အတွက်လုပ်ကိုင်ပေးနေသူတွေထက်
ကျွန်တော်တို့အတွက် ခံစားပေးနိုင်တဲ့သူတွေကိုသာ
ပိုပြီးလိုချင်တယ်"
*ဂျော့ချ် အီးလီယော့*

ကျွန်တော် လူတွေကြားထဲမှာ နေချင်စိတ် မရှိသလိုဖြစ်နေတဲ့ အချိန်မျိုးမှ ကျွန်တော့်မိဘတွေက ကျွန်တော့်ကို ကျောင်းလွှတ်ကြတယ်။ ကျောင်းရောက်ပြီဆိုမှတော့ လူတွေနဲ့ကင်းအောင် ဘယ်နေရာမှာ သွားနေရမလဲ။

နောက်ဆုံးတော့ ကျွန်တော်လည်း အင်္ဂလိပ်စာသင်ခန်းဘက်လျှောက်ခဲ့တယ်။ အခန်းထဲမှာ အမှတ်တွေခြစ်နေတဲ့ မစ္စစ် မာကယ်လ်ကလွဲပြီး ဘယ်သူမှ မရှိဘူး။ ကျွန်တော်လည်း ဆရာမရဲ့ မျက်နှာချင်းဆိုင်က စာသင်ခုံမှာ ဝင်ထိုင်လိုက်တယ်။ ဆရာမက ကျွန်တော့်

ရွှေဝံစာအုပ်တိုက်

*စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကို မော့ကြည့်ပြီး ပြုံးပြတယ်။ ဘာကိစ္စမှမရှိဘဲ အင်္ဂလိပ်စာသင်ခန်းထဲဝင်လာတဲ့ ကလေးတစ်ယောက်ကိုတွေ့လိုက်ရပေမဲ့ ဘာမှ အဆန်းတကြယ်ဖြစ်သွားတဲ့ပုံမျိုး မရှိဘူး။

"သူ သေသွားပြီ" လို့ ကျွန်တော်က လည်မျိုအညှစ်ခံရတဲ့ အသံမျိုးနဲ့ ပြောလိုက်တယ်။

"ဂျွန်လား"

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။

"သူက ကျွန်တော့် အခင်ဆုံးသူငယ်ချင်းလေ"

"အေး၊ ဆရာမသိတယ် ကာ့ခ်" လို့ ဆရာမက ပြောပြီး စာသင်ခန်းတံခါးကို သွားပိတ်တယ်။ ပြီးမှ သူ့စားပွဲရှိရာကို ပြန်လာတယ်။

"ကျွန်တော် သူ့ကို မတွေ့ရတော့ဘူး"

"ဆရာမသိပါတယ်ကွယ်။ ပြီးတော့ စိတ်ထိခိုက်စရာလည်း ကောင်းတယ်။ တစ်ခုခုအတွက် အရမ်းစိတ်ထိခိုက်လာရင် ငိုချပစ်လိုက်တာ အကောင်းဆုံးပဲကွဲ့" လို့ ဆရာမက ပြောပြီး ကျွန်တော့်ရှေ့မှာ တစ်ရှူးတစ်ဗူးချထားပေးတယ်။ ကျွန်တော် မအောင့်အည်းနိုင်တော့ဘဲ ငိုချပစ်လိုက်တဲ့အချိန်မှာ ဆရာမဟာ အမှတ်တွေ ဆက်ခြစ်နေတယ်။ ဆရာမက ကျွန်တော့်ကို ကြည့်မနေတဲ့အတွက် ကျွန်တော့်မှာ စိတ်သက်သာရာတော့ရတယ်။

"အခုလို အဖြစ်အပျက်မျိုး ကျွန်တော့်ဘဝမှာ တစ်ခါမှ မဖြစ်ဖူးဘူး။ ဒါကြောင့် ကျွန်တော့်မှာ ဘယ်လို





ဖြေဆည်ရမလဲဆိုတာ မသိဘူး ဖြစ်နေတယ်ဆရာမရယ်" လို့ ကျွန်တော် ပြောလိုက်မိတယ်။

"မင်းမှာ ရွေးချယ်စရာ များများစားစား မရှိပါဘူးကွယ်။ ဂျွန်က သေသွားခဲ့ပြီပဲ။ ပြန်ပြီး ရှင်မလာနိုင်တော့ဘူးလေ" လို့ ဆရာမကဆိုတယ်။

"ဒါဆို ကျွန်တော် ဘာလုပ်ရမလဲ"

"မင်း နည်းနည်းဖြေသာတဲ့အချိန် ရောက်တဲ့အထိ စိတ်ထိခိုက်နေဦးပေါ့"

"သူ အခုလို သေသွားရတဲ့ အဖြစ်မျိုးကိုတော့ ကျွန်တော့်အနေနဲ့ ဘယ်လိုမှ ဖြေသာနိုင်မယ်မထင်ဘူးဆရာမရယ်"

"မင်းတစ်နေ့နေ့ ဖြေသာလာမှာပါကွယ်။ ခုနေအချိန်မှာတော့ ဖြေသာနိုင်လိမ့်မယ်လို့ မင်းဘယ်ထင်မလဲ"

"ကျွန်တော် စဉ်းစားကြည့်ပါ့မယ်"

"ဆရာမ အခုလိုပြောနိုင်တာကလည်း ဆရာမတို့ရဲ့ စိတ်ထဲက သိနေလို့ပါကွယ်။ ဒါပေမဲ့ ဆရာမတို့ရဲ့ ခံစားမှုနဲ့လည်း ယုံကြည်လို့ပေါ့ကွယ်"

ကျွန်တော် ထိုင်နေရင်းနဲ့ ဆရာမစကားကို အတန်ကြာအောင် တွေးနေမိတယ်။

"မင်း ဂျွန်ရဲ့ ကျန်ရစ်သူ မိသားစုဆီသွားပြီး လည်မယ်ဆိုရင် သူတို့တတွေရဲ့ စိတ် ဝန်ထုပ်ဝန်ပိုးတွေလည်း သက်သာသွားမှာပေါ့" လို့ ဆရာမက နူးညံ့တဲ့ လေသံနဲ့ အကြံပေးတယ်။



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကျွန်တော်ကလည်း . . .

"ဂျွန့် မိဘတွေက ကျွန်တော့်ကို သိပ်ပြီး ကြည်ဖြူကြတာမဟုတ်ဘူး။ ပြီးတော့ သူတို့သားဟာ ကျွန်တော်နဲ့ ပေါင်းလို့ နာမည်ပျက်တယ် ထင်နေကြတာ" လို့ ရှင်းပြရတယ်။

"မင်းရဲ့ မိဘတွေကတော့ မင်းဂျွန်နဲ့ပေါင်းတာကို ဒီလောက်အထိ ရိုင်းရိုင်းစိုင်းစိုင်း ပြောမှာတော့ မဟုတ်ပါဘူးနော်"

"အမှန်ပေါ့ ဆရာမရယ်"

မစ္စစ်မာကယ်လ်တစ်ယောက် ကျွန်တော်တို့နဲ့ ပတ်သက်ပြီး ဘာဖြစ်လို့ ဒီလောက်တောင် သိနေရတာလဲ။ ကျွန်တော် အံ့သြသွားတယ်။ သူက အင်္ဂလိပ်စာပြတဲ့ ရိုးရိုးဆရာမလေးပဲ မဟုတ်လား။

"မိဘဆိုတာ ဒီအတိုင်းပဲကွဲ့။ ကလေးချင်းကတော့ လူငယ်ဘာဝ စိတ်ထဲမှာ ဘာမှ မထားဘဲ အတူတူ လုပ်ရှားကြ၊ ပျော်ပါးကြ နေကြတာပေါ့ကွယ်။ မိဘတွေကတော့ ငါ့သား သူနဲ့ပေါင်းလို့ ပျက်စီးသွားမလား၊ သူငယ်ချင်းကြောင့် လမ်းမှားများ ရောက်သွားမလား ဆိုပြီး အတွေးအမျိုးမျိုး ဝင်တတ်ကြတာပေါ့"

"ဟာ၊ အခုဖြစ်နေတာကလည်း ဆရာမပြောသလိုပဲ"

"ကာ့ခ်ရယ်၊ မင်း ဂျွန်ရဲ့ မိသားစုကို သွားတွေ့လိုက်ပါ။ အခုလိုအချိန်မျိုးမှာဆိုရင် သူတို့တတွေ မင်း





အပေါ်မှာ အမြင်ပြောင်းလောက်ရောပေါ့။ မင်းသွားကြည့်ရင် ကိုယ်တိုင်သိလာမှာပါ။ တကယ်လို့ သူတို့ဘက်က သဘောထား မပြောင်းသေးရင်လည်း မင်းဘက်က သူတို့ သဘောပေါက်သွားအောင် အတတ်နိုင်ဆုံး ကြိုးစားကြည့်သင့်တယ်"

"ဂျွန်နဲ့ကျွန်တော် အတူတူ လုပ်ခဲ့တာတွေကြောင့် ကျွန်တော့်မှာ အပြစ်ရှိသလို ခံစားနေရတယ် ဆရာမရယ်။ ဘုရားသခင်က ကျွန်တော်တို့ကို ဒဏ်ခတ်ဖို့ အပြစ်ရှိသလိုခံစားရအောင် လုပ်ထားသလား မသိဘူး"

မစ္စစ်မာကယ်လ်က ခေါင်းရမ်းတယ်။

"တို့တတွေရဲ့ဘဝတစ်လျှောက်လုံး အပြစ်ဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးတွေ သယ်ဆောင်ဖို့ ဘုရားသခင်က စီမံလိမ့်မယ်လို့ ဆရာမတော့ မထင်ဘူး။ ဆရာမတို့တတွေကသာ အပြစ်ကလွတ်ဖို့ ဆုတွေတောင်းနေတာ ဘုရားသခင်က ဆရာမတို့ကို အမှားအမှန်ခွဲခြားသိစိတ်ကို ပေးအပ်ထားပြီးသားပဲ။ ဒီတော့ ဆရာမတို့အနေနဲ့ မိမိတို့ရဲ့ အမှားတွေကနေ အမြတ်ထုတ်နိုင်တာပေါ့။ ဒါကြောင့်လည်း ဆရာမတို့ဟာ ပိုမိုကောင်းမွန်လှတဲ့ လူသားဘဝတွေကို ရနေတာပေါ့"

ဆရာမရဲ့ စကားလုံးတွေက ကျွန်တော့်ခံစားမှုတွေကို နည်းနည်းတော့ သက်သာအောင်လုပ်ပေးတယ်။ ဒါပေမဲ့ အပြစ်ရှိသလို ခံစားနေရတဲ့ အဖြစ်ကနေ



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဘယ်လို ရှန်းထွက်ရမလဲဆိုတာ ကျွန်တော် မသိဘူး။ မစ္စစ်မာကယ်လ်က ကျွန်တော် စဉ်းစားနေတာတွေကို သိနေတဲ့ပုံနဲ့ . . .

“အပြစ်ဆိုတာ အထောက်အကူတစ်ခု ဖြစ်နိုင်တာပဲကွဲ့၊ မင်းသိလား” လို့ ဆိုတယ်။

“အထောက်အကူတစ်ခု ဟုတ်လား”

“ဟုတ်တယ်လေ၊ အပြစ်ရှိသလို ခံစားရတာဟာ ကိုယ့်ကိုယ်ကို အပြစ်ပေးပုံ တစ်မျိုးပဲကွဲ့။ တကယ်လို့ မင်းအနေနဲ့ ငါ့မှာ အပြစ်ရှိတယ်လို့ ခံစားမိလာတာနဲ့ နောက်ထပ် မိမိကိုယ်ကိုအပြစ်မကျူးလွန်ဖို့ မဝံ့မရဲဖြစ်သွားတယ် မဟုတ်လား”

“ကိုယ့်ကိုယ်ကို အပြစ်မကျူးလွန်ဖို့ ဟုတ်လား”

“ဥပမာဆိုရရင် မင်းရဲ့အမူအကျင့်တွေ တိုးတက်လာတယ် ဆိုတဲ့ သဘောမျိုးပေါ့ကွယ်”

ပထမအချိန် ခေါင်းလောင်းထိုးသံ ပေါ်လာတယ်။ ကျွန်တော် အပြင်ထွက်ဖို့ မတ်တပ်ရပ်လိုက်တယ်။

“ဒါနဲ့ စကားမစပ် ကားတိုက်တုန်းက ဂျွန်နဲ့ အတူ မင်းပါ ပါမသွားတဲ့အတွက် ဆရာမ ဝမ်းသာပါတယ်ကွယ်” လို့ မစ္စစ်မက်ကယ်လ်က ဆိုတယ်။

“ကျွန်တော့်မှာ အပြစ်ရှိသလိုခံစားနေရတာလည်း အဲဒီကိစ္စကြောင့်ပါပဲ။ ဂျွန်ကသေသွားပြီး ကျွန်တော်က ဘာမှမဖြစ်ဘူးမဟုတ်လား” လို့ ကျွန်တော် ဝန်ခံမိတယ်။

“တစ်ယောက်က သေပြီး တစ်ယောက်က ရှင်နေတယ်ဆိုတဲ့ ကိစ္စမျိုးအတွက်တော့ မင်းမှာ အပြစ်ရှိသလို မခံစားသင့်ပါဘူးကွယ်”

“ဩော်၊ ကျွန်တော့်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဆရာမရယ်။ ကျွန်တော့် မိဘတွေကတော့ ကျွန်တော် ဘယ်လောက်အထိ ခံစားနေရသလဲ ဆိုတာ မသိကြဘူး”

“ဒါကို မင်း ဘယ်လိုလုပ်သိလဲ”

“သူတို့က ကျွန်တော့်ကို ကျောင်းတက်ခိုင်းတယ်လေ”

“မင်းကို နားလည်လို့ သူတို့က ကျောင်းတက်ခိုင်းတာ နေမှာပေါ့။ မင်းခံစားနေရတဲ့ သောကတွေကို ကျောင်းက သူငယ်ချင်းတွေနဲ့ မျှဝေခံစားနိုင်ဖို့ သူတို့က ကျောင်းတက်ခိုင်းတာနေမှာပေါ့ကွယ်”

“အို ဟုတ်သားပဲ။ ကျွန်တော်က ဆရာမပြောသလို မတွေးခဲ့မိဘူး။ ကျွန်တော် တွေးနေတာက . . .”

ဂျွန်ရဲ့ မိသားစုဆီသွားလည်ဖို့ ဆိုတာက ကျွန်တော် သိရသလောက်ဆိုရင် အခက်ခဲဆုံးအလုပ်ပဲ။ အဲဒီအကြောင်းကို ကျွန်တော့် မိဘတွေကိုလည်း ပြောပြချင်တယ်။ ဒါပေမဲ့ သူတို့ နားမလည်မှာကိုလည်း ကျွန်တော် စိုးရိမ်နေတယ်။ ဒါပေမဲ့ မစ္စစ် မာကယ်လ်ပြောပုံအရ







စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဆိုရင်တော့ ကျွန်တော့်မိဘတွေက ကျွန်တော်နားလည်တာထက် ပိုပြီးနားလည်တယ်ဆိုပဲ။

ညစာစားချိန်ရောက်တော့ မေမေက . . .

"ဂျွန်နဲ့ပတ်သက်ပြီး သားခံစားနေရတာတွေကို မေမေတို့ သိပါတယ်။ သားအနေနဲ့ ဘာများ ပြောစရာရှိနေလဲ" လို့ ဆိုပါတယ်။

မေမေတို့က ကျွန်တော်လိုအပ်နေတာကို လမ်းဖွင့်ပေးတယ်။

"ကျွန်တော့်အနေနဲ့ ဂျွန့်မိသားစုကို သွားတွေ့သင့်တယ်။ ဒါပေမဲ့ သူတို့က ကျွန်တော့်ကို တွေ့မှ တွေ့ချင်ပါ့မလား"

"ဘာလို့ မတွေ့ချင်ရမှာလဲ" ဖေဖေက ဝင်ပြောတယ်။

"တစ်ခါတလေမှာ ဂျွန်နဲ့ကျွန်တော် သူတို့ကို ဒုက္ခပေးမိသလို ဖြစ်ခဲ့တာတွေ ရှိခဲ့ဖူးတယ်လေ"

"တစ်ခါတလေမှာ ပူပင်သောကတွေက လူတွေကို ပိုပြီး နီးစပ်လာစေတယ်ကွဲ့။ မေမေသာ ဂျွန့်မေမေဆိုရင် သားလာလည်ဖော်ရတဲ့အတွက် တကယ့်ကို အားရှိသွားမှာပဲ" လို့ မေမေက ဆိုတယ်။

ဒါကြောင့် ကျွန်တော်ဟာ ခြေထောက်တွေကို အားတင်းပြီး ဂျွန်တို့အိမ်ကို ထွက်လာခဲ့တယ်။ ကျွန်တော် မသိတဲ့ အမျိုးသမီးကြီးတစ်ယောက်က အိမ်တံခါးဖွင့်ပေးပြီး ဧည့်ခန်းထဲ ခေါ်သွားတယ်။ ဂျွန့်ဖေဖေ၊





မေမေနဲ့ ညီမလေးတို့ဟာ အရုပ်ကြိုးပြတ် ထိုင်နေပြီး ငေးငေးငိုင်ငိုင် ဖြစ်နေကြတယ်။ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။ ဒါပေမဲ့ သူတို့ကို ကျွန်တော့်ရဲ့မိဘရင်းတွေလိုပဲ စိတ်ထဲမှာ နှလုံးသွင်းမိလိုက်တယ်။ ဒီတော့ ကျွန်တော့်အနေနဲ့ မစွစ်ရိုပါဆီသွားပြီး ပွေ့ဖက်ရတာ ဘာမှ မထူးခြားသလို ဖြစ်သွားရတယ်။ ကျွန်တော်လည်း ဖက်လိုက်ရော မစွစ်ရိုပါဟာ ငိုပါလေရော။ သူမကလည်း ကျွန်တော့် ခါးကိုဖက်ပြီး ပုခုံးကိုမှီထားတယ်။

"စိတ်ကို မထိန်းနိုင်တဲ့အတွက် အခေါ်ကို ခွင့်လွှတ်ပါကွယ်။ အခေါ့စိတ်ထဲမှာ ငိုချင်စိတ်ပေါက်လာလို့ပါ" လို့ သူမက ဆိုတယ်။

"ငိုချလိုက်တာ ကောင်းပါတယ်ခေါ်ခေါ်" လို့ ကျွန်တော်က ပြောလိုက်တယ်။ ရုတ်တရက် ကျွန်တော်ပါ ငိုချလိုက်မိတယ်။ ၁၁နှစ်သာ ရှိသေးတဲ့ ဂျွန့်ညီမလေး အာဒီလီကလည်း ကျွန်တော်တို့ဆီလာပြီး ကျွန်တော်တို့နှစ်ယောက်လုံးကို ဖက်ထားတယ်။ တစ်ယောက်တည်း ထီးထီးထိုင်နေတဲ့ ဂျွန့်ဖေဖေကို ကျွန်တော် သနားကြင်နာစိတ် ဝင်လာမိတယ်။ ခဏနေတော့ ကျွန်တော် သူ့ဆီကိုသွားပြီး သူ့ပုခုံးကို ဆုပ်ကိုင်ထားမိတယ်။

"ငိုချလိုက်တာ ကောင်းပါတယ်လို့ မင်းပြောလိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်ကွယ်။ ဦးလေး ငိုချင်နေတာကို ထိန်းထားရတယ်" လို့ ဂျွန့်ဖေဖေက ဆိုတယ်။



စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အဲဒီအချိန်မှာ တခြားသူတွေလည်း အခန်းထဲကို ဝင်လာကြတယ်။ ဒါကြောင့်မို့ ကျွန်တော်လည်း ပြန်ရင်ကောင်းမယ်လို့ ထင်ကြောင်း ပြောလိုက်မိတယ်။

မစ္စစ်ရှိုပါက ကျွန်တော့်ကို တံခါးပေါက်အထိ လိုက်ပို့တယ်။

"ကာ့ခ်ရယ် မင်းကို တွေ့လိုက်ရတဲ့အတွက် အဒေါ် အတော်လေး နေသာထိုင်သာ ရှိသွားတယ်"

"ကျွန်တော့်ကို ဒေါ်ဒေါ်တို့ သိပ်ပြီးကျေနပ်မှာ မဟုတ်ဘူးလို့ ကျွန်တော်က စိုးရိမ်နေတာ"လို့ ကျွန်တော် ပြောလိုက်မိတယ်။

"ဂျွန်က မင်းကိုချစ်တာမို့ အဒေါ်တို့ကလည်း မင်းကို ချစ်ပါတယ်ကွယ်။ ကာ့ခ်ရယ် အတိတ်က နာကြည်းစရာတွေကို မတွေးပါတော့နဲ့လား။ မင်းနဲ့ ဂျွန်တို့က အသိမှ မကြွယ်သေးဘဲကိုး။ ဒီတော့လည်း ဆယ်ကျော်သက်လေးတွေလိုပဲ ပြုမူမိကြမှာပေါ့။ ဒီလောက်တော့ ရှိကြမှာပေါ့။ ဂျွန်သေရတာ ဘယ်သူ့အပြစ်မှ မဟုတ်ပါဘူးကွယ်"

"နောင်လည်း ကျွန်တော် လာလည်ပါဦးမယ်" လို့ ကျွန်တော် ကတိပေးလိုက်တယ်။

"အို၊ တကယ်လား ကာ့ခ်ရယ်။ လာလည်မှာလား။ မင်းလာလည်ရင်တော့ အဒေါ်တို့အတွက် အများကြီး အားရှိတာပေါ့ကွယ်"





ကျွန်တော့် အချစ်ဆုံးသူငယ်ချင်း သေသည့်သတင်း ကြားမိလိုက်စဉ်က ကမ္ဘာ၏ နောက်ဆုံးအချိန် ကျရောက်သလိုခံစားခဲ့ရသည်။ ယခု အိမ်ပြန်ချိန်မှာ ခံစားရသည့် ခံစားမှုကတော့ ထိုစဉ်ကထက် အများကြီး သက်တောင့်သက်သာ ရှိနေပါသည်။ မနက်ဖြန်ရောက်လျှင်တော့ ကျွန်တော် ဂျွန်တို့အိမ် သွားလည်သည့်အကြောင်းကို မစ္စစ်မာကယ်လ်အား ပြောပြရပေဦးမည်။

◆ ◆



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

# ဒါတွေကို စဉ်းစားကြည့်ပါ

Consider This By Jack Canfield and Mark Victor Hansen

မဟာအောင်မြင်မှုများအားလုံးအတွက်
အချိန်ကိုလိုအပ်သည်။
ဒေးဗစ် ဂျိုးဇက် ရှဝပ်ဇ်

*ဒါတွေကို စဉ်းစားကြည့်ပါ*

အမေရိကန်နိုင်ငံ၏ အကျော်ကြားဆုံး ကဗျာဆရာများထဲမှ တစ်ယောက်အဖြစ် မွေးဖွားလာခဲ့သည့် ကဗျာဆရာ ရောဘတ်ဖရော့စ် သည် နာမည်မကျော်၊ အောင်မြင်မှုမရဘဲ အနှစ်နှစ်ဆယ်လုံးလုံး အပင်ပန်းခံ ကြိုးစားအားထုတ်ခဲ့ရသည်။ သူ့အသက် ၃၉နှစ်ရောက်သည်အထိ ကဗျာစာအုပ် တစ်အုပ်မှ မထုတ်ရသေး။ ယနေ့ခေတ်မှာတော့ သူ့ရဲ့ ကဗျာစာအုပ်တွေကို ဘာသာပေါင်း နှစ်ဆယ့်နှစ်ဘာသာသို့ ပြန်ဆိုထုတ်ဝေပြီးခဲ့ပြီ ဖြစ်သလို ကဗျာ ပူလစ်ဇာဆုကိုလည်း လေးကြိမ်တိုင်တိုင် ချီးမြှင့်ခြင်း ခံခဲ့ရသည်။

**ရွှေဝံစာအုပ်တိုက်**

*စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ညာဏ်အမြော်အမြင် အကြီးမားဆုံးသူအဖြစ် သက်ရှိထင်ရှားရှိစဉ်ကာကတည်းက မှတ်ကျောက်တင်ခံခဲ့ရသော အဲလ်ဘတ်အိုင်းစတိုင်း သည် "ကျွန်တော်ဟာ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ တွေးပြီးရင်း တွေးနေခဲ့တယ်။ ကျွန်တော့်ရဲ့ ကောက်ချက်ချမှုတွေဟာ (၉၉) ကြိမ်အထိ မှားယွင်းနေတုန်းပဲ။ အကြိမ်တစ်ရာမြောက်တော့မှ အမှန်ကိုရတယ်" ဆိုတဲ့စကားကို မကြာခဏ ပြောလေ့ရှိသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ထင်ရှားသည့် စီဘီအက်စ် သတင်းဌာနမှ သတင်းထောက် ဖြစ်သူ ဝီလျံမ်ရှိုင်ယား သည် စာရေးဆရာတစ်ယောက် လုပ်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ထိုသို့ ဆုံးဖြတ်ချက်ချပြီး နောင် ၁၂ နှစ်အထိ သူသည် စာရေးခြင်းဖြင့်သာ အချိန်ကုန်လွန်ခဲ့၏။ ကံခေချင်တော့ သူ့ စာအုပ်များသည် ရောင်းရသည် ဆိုရုံလေးသာ ရှိခဲ့၏။ ထို့ကြောင့် သူ့၏ မိသားစုစားဝတ်နေရေးမှာ မကြာခဏ အကြပ်အတည်း ကြုံခဲ့ရသည်။ သို့သော်လည်း ထိုကာလအတွင်းမှာပင် စာမျက်နှာ ၁၂၀၀ အထိရှည်လျားလှသည့် လက်ရေးစာမူကြီးကို ရေးသားပြီးစီးခဲ့သည်။ ထိုအခါ သူ၏ စာအုပ် ကိုယ်စားလှယ်၊ အယ်ဒီတာ၊ ထုတ်ဝေသူနှင့် သူ၏ မိတ်ဆွေများအပါအဝင် လူတိုင်းက စာအုပ်မှာ ရှည်လျားလွန်းလှ၍ ရောင်းရမှာမဟုတ်ဟု သူ့ကို ပြောခဲ့ကြသည်။ ရှိုင်ယား





သည် သူ၏စာအုပ်ကို ပုံနှိပ်ပြီးသောအခါ စာအုပ်တန်ဖိုးကို ၁၀ ဒေါ်လာဟု သတ်မှတ်လိုက်သည်။ ထိုခေတ်က ၁၀ ဒေါ်လာဆိုသည်မှာ စာအုပ်တန်ဖိုးများထဲတွင် ဈေးအကြီးဆုံးဖြစ်သည်။ သူ၏ စာအုပ်ကို ပညာရှင်အသိုင်းအဝိုင်းမှလွဲ၍ မည်သူမျှ စိတ်ဝင်စားလိမ့်မည် မဟုတ်ဟု ထင်ခဲ့ကြသည်။ သို့ရာတွင် သူ၏ The Rise and Fall of the Third Reich စာအုပ်သည် ပုံနှိပ်ထုတ်ဝေရေးလောကတွင် သမိုင်းတွင်ခဲ့သည်။ ထိုစာအုပ်ကို ပထမအကြိမ် ရိုက်နှိပ်ရာ စထွက်သည့် နေ့မှာပင် တစ်အုပ်မကျန် ရောင်းလိုက်ရသည်။ ယနေ့အချိန်အထိလည်း သူ၏ စာအုပ်သည် အရောင်းရဆုံးစာအုပ်သမိုင်းတွင် ထိပ်တန်းအဆင့်မှာ ရှိနေဆဲပင်ဖြစ်သည်။

လူစီယာနို ပါဗာရော့တီ သည် ကောလိပ်မှ ဘွဲ့ရပြီးသောအခါ ကျောင်းဆရာလုပ်ရမလား၊ အဆိုတော်ပဲ လုပ်ရမလားဆိုတာကို မရေမရာ ဖြစ်နေခဲ့သည်။ သူ့ဖခင်က "ငါ့သား လူစီယာနို၊ ကုလားထိုင် နှစ်လုံးကြားမှာ ထိုင်ရင်တော့ မင်းပြုတ်ကျမှာပဲ။ ကုလားထိုင် တစ်လုံးကိုပဲ မင်းရွေးသင့်တယ်" ဟု သူ့ကို ပြောခဲ့သည်။ ထိုအခါ လူစီယာနိုက အဆိုတော်ဘဝကို ရွေးချယ်ခဲ့သည်။ သူသည် ကြေးစား အဆိုတော်ဘဝ မရောက်ခင် အဆိုပညာကို ခုနစ်နှစ်ကျော် ကြာအောင် သင်ယူလေ့လာခဲ့ရသည်။ ထိုမှတစ်ဆင့် မက်ထရိုပိုလီတန် အော်ပရာ



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ဇာတ်ခုံထက်တွင် ဖျော်ဖြေခွင့်ရရန် နောက်ထပ် ခုနစ်နှစ် အချိန်ယူခဲ့ရသည်။ သို့ရာတွင် သူသည် မိမိနှစ်သက်သည့် ကုလားထိုင်ကို ရွေးချယ်ပြီး အောင်မြင်မှုကိုလည်း ရရှိခဲ့သည်။

အထူးအောင်မြင်ကျော်ကြားလှသော အီတာလျံ ယောက်ျား သံမြင့် အဆိုတော် အန်ရီကို ကရူးဆိုးသည် ပထမဦးဆုံးအကြိမ် အဆိုသင်တန်းတက်ခဲ့စဉ်က သင်တန်းဆရာသည် သူ့ကို မျှော်လင့်ချက်မရှိသော အဆိုရှင်တစ်ယောက်ဟု မှတ်ချက်ချခဲ့သည်။ ထိုဆရာက သူ၏အသံသည် ပြတင်းပေါက်မှ ဖြတ်သန်း တိုက်ခတ်လာသော လေသံနှင့် တူသည်ဟု ဆိုခဲ့သည်။

ကမ္ဘာကျော်လှသော ကာတွန်းပညာရှင်ကြီး ဝေါ့တ် ဒစ္စနေးကို တီထွင်စိတ်ကူးချို့တဲ့သည်ဟုဆိုကာ သတင်းစာတိုက် အယ်ဒီတာတစ်ယောက်က အလုပ်ဖြုတ်ခဲ့သည်။ ဒစ္စနေးသည် စောစောပိုင်းကာလက သူ၏ ရှုံးနိမ့်မှုများကို ပြန်လည်အောက်မေ့ကာ "ကျွန်တော် နှစ်ဆယ့်တစ်နှစ်အရွယ်မှာ ပထမဦးဆုံးအကြိမ် စိတ်ဓာတ် အကြီးအကျယ် ကျခဲ့ရတယ်။ အဲဒီတုန်းက ဆိုဖာတစ်ခုရဲ့ ကူရှင်တွေပေါ်မှာအိပ်ပြီး သံဗူးထဲက အေးစက်စက် ပဲတွေကိုပဲ စားခဲ့ရတယ်" ဟုဆိုသည်။





ကမ္ဘာကျော် ဘတ်စကက်ဘောသမားကြီး စကော့တီ ပစ်ပင်းသည် အန်ဘီအေ ချန်ပီယံ လက်စွပ်လေးကွင်းနှင့် အိုလံပစ် ရွှေတံဆိပ်ဆု နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။ သူသည် မည်သည့်တက္ကသိုလ်ကမှ အားကစားပညာသင်ဆု ရခဲ့ခြင်းမရှိခဲ့ဖူးပေ။ သူ၏ အသေးစား ကောလိပ် ဘတ်စကက်ဘောအသင်းမှာ အားကစားပစ္စည်းထိန်း မန်နေဂျာအဖြစ်နှင့် ကိုယ့်ထူးကိုယ်ချွန် လေ့ကျင့်ရင်း ထူးချွန်လာခဲ့သူ တစ်ယောက်ဖြစ်သည်။

မျိုးရိုးဗီဇ ခေတ်သစ်သိပ္ပံဌာနမှ စားတော်ပဲ၏ ဗီဇကို ဓာတ်ခွဲစမ်းသပ်ခဲ့သူ ဩစတြီးယန်း ရုက္ခဗေဒပညာရှင် ဂျော့ချ် မင်ဒယ် သည် အထက်တန်းကျောင်းသားဘဝက အထက်တန်းပြ သိပ္ပံဆရာဖြစ် စာမေးပွဲကို တစ်ကြိမ်တစ်ခါမျှ မအောင်ခဲ့ပေ။ ဇီဝဗေဒ ဘာသာရပ်တွင်လည်း စာမေးပွဲ ကျခဲ့သည်။

> ရှုံးနိမ့်ခြင်းဆိုတာ ပိုမိုကြွယ်ဝလာတဲ့ ဉာဏ်ရည်နဲ့
> နောက်တစ်ကြိမ် ကြိုးစားဖို့အတွက် တစ်ခုတည်းသော
> အခွင့်အရေးသာ ဖြစ်တယ်။
> *ဟင်နရီ ဖို့ဒ်*

ကားများကို စတင်တီထွင်ခဲ့သူ ဟင်နရီ ဖို့ဒ်သည် သူ ပထမဦးဆုံး တီထွင်သောကာလတွင် နောက်ဆုတ်သည့် ဂီယာကို တပ်ဆင်ရန် မေ့လျော့သွားခဲ့



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သည်။ ထို့အတူပင် သူဆောက်သော အဆောက်အဦထဲမှ ကားတစ်စင်း ပြန်ထွက်နိုင်လောက်အောင် ကျယ်သည့် တံခါးပေါက်မျိုးလည်း မဖောက်ခဲ့မိပေ။ ဂရင်းဖီးလ်ဒ် ကျေးရွာသို့ သွားလျှင် သူ့ကားပြန်ထုတ်ရန်အတွက် ဖောက်ခဲ့ရသည့် နံရံ အပေါက်ကြီးကို တွေ့နိုင်ပါသည်။

ချီကာဂို တက္ကသိုလ်မှ ဒေါက်တာ ဘင်ဂျမင် ဘလွန်းမ် သည် အနုပညာလောကမှ အကျော်အမော်များ၊ အားကစားနှင့် ပညာရေးနယ်ပယ်မှ ထိပ်သီးများ၊ လုပ်ငန်းနယ်ပယ်အသီးသီးမှ ထိပ်သီးအယောက် နှစ်ဆယ်နှင့် သူတို့၏ မိသားစုများ၊ မိတ်ဆွေများ၊ ဆရာများကို ငါးနှစ်တိတိ လူမသိ၊ သူမသိ တွေ့ဆုံမေးမြန်း လေ့လာခဲ့ဖူးသည်။ လူသားတို့၏ သာမန်သဘာဝတွင် ပါရှိသည့် မည်သို့သော စရိုက်လက္ခဏာများက ထိုသူတွေကို ကြောက်ခမန်းလိလိ အောင်မြင်အောင် လုပ်ပေးနေသလဲ ဆိုတာကို ဘင်ဂျမင် သိချင်သည်။ "ကျွန်တော်တို့က အဲဒီလူတွေဆီမှာ အလွန်ကြီးမားတဲ့ ပင်ကိုယ်ပါရမီထက်သန်မှုဆိုတဲ့ ဇာတ်လမ်းမျိုးတွေ တွေ့လိမ့်မယ်လို့ မျှော်လင့်ထားခဲ့တာ။ ဒါပေမဲ့ အဲဒီအရာတွေကို မတွေ့ခဲ့ပါဘူး။ သူတို့ရဲ့ မိခင်တွေကဆိုရင် တခြားသားသမီးတွေက အဲဒီ အောင်မြင်နေတဲ့ သားသမီးတွေထက်တောင် ပင်ကိုယ်ပါရမီ ထူးချွန်နေသေးတယ် ဆိုတာမျိုးတွေ





ပြောပြကြတယ်" ဟု ဒေါက်တာ ဘလွန်းမ်က ကောက်ချက်ချသည်။ သူတို့ တွေ့ရှိရသည်မှာ အောင်မြင်သူများသည် အလွန်အကျွံကြိုးစားကြပြီး အလွန်အကျွံ ရည်မှန်းချက်ထားကြသည် ဆိုသောအချက်ပင် ဖြစ်သည်။ အောင်မြင်သော ရေကူးချန်ပီယံတစ်ယောက်သည် နေ့စဉ်မနက်ကျောင်းမသွားခင် နှစ်နာရီကြာ ရေကူးလေ့ကျင့်သည်။ နာမည်ကျော် စန္ဒရားပညာရှင်တစ်ယောက်သည် ၁၇ နှစ်လုံးလုံး တစ်နေ့လျှင် နာရီပေါင်းများစွာ လေ့ကျင့်သည်။ ဒေါက်တာ ဘလွန်းမ်၏ သုတေသနပြုချက်က မောင်းနှင်အားကောင်းခြင်း၊ ရည်မှန်းချက်ပန်းတိုင် ထားရှိခြင်း၊ အလုပ်ကို ကြိုးစားပမ်းစား လုပ်ကိုင်ခြင်း (ပင်ကိုယ်ပါရမီ ရင့်သန်မှုနှင့်မဆိုင်) တို့ကသာ ထိုသူများကို ထူးခြားသော အောင်မြင်မှုများဆီ ပို့ဆောင်ပေးခြင်းဖြစ်သည်ဟု ပြတ်ပြတ်သားသား ဆိုထားသည်။

စွန့်လွှတ် အနစ်နာခံခြင်းဖြင့် ဝယ်ယူထားသော
နှောင့်နှေးသည့် ပျော်ရွှင်မှုများသည် အမြဲ ချိုမြိန်နေ၏။
*ဘီရှော့ပ် ဖူလ်တန် ရှိန်*

တစ်ချိန်တစ်ခါက လူတိုင်းကို အံ့သြတွေဝေစေသော စန္ဒရားအကျော်အမော် အာသာ ရှူဘင်စတိန်းသည် နေ့စဉ်နေ့တိုင်း တစ်နေ့လျှင် ရှစ်နာရီ မပျက်မကွက် လေ့ကျင့်ခဲ့သည်ဟု မေးမြန်းသူ လူငယ်တစ်ဦးကို ပြောပြသည်။ ထိုအခါ လူငယ်က "ဒါနဲ့ ဆရာရယ်၊



*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဆရာတီးတာက အရမ်းကောင်းနေပြီပဲ။ အများကြီး လေ့ကျင့်စရာ မလိုတော့ပါဘူး" ဟုပြောသည်။

ထိုအခါ စန္ဒရားအကျော်အမော်ကြီးက "ကျုပ်က ပြိုင်စံရှားတစ်ယောက် ဖြစ်ချင်တာကိုး" ဟု ပြန်ပြောလိုက်လေသည်။

တယောပညာရှင် အကျော်အမော်များကို လေ့လာကြည့်ရာ သူတို့၏ လေ့ကျင့်မှုနာရီစံချိန်ကြောင့်သာ သူတို့သည် တခြား ကောင်းသည်ဆိုသော ပညာရှင်များထက် ပိုမို၍ သာလွန်သွားကြခြင်းဖြစ်သည်ကို တွေ့နိုင်ပါသည်။ အနောက်ဘာလင် ဂီတပညာသင်ကျောင်းရှိ တယောသင်တန်းသားများ၏ ဘဝကို စိတ်ပညာ ပါရဂူများက လေ့လာကြည့်ရာ အကောင်းဆုံး တယောပညာရှင်များသည် (၁၈နှစ်အရွယ်) သင်တန်းသားတို့ အရွယ်လောက်က သူတို့၏ တပည့်များထက် နာရီပေါင်း ၂၀၀၀ကျော် လေ့ကျင့်ခဲ့ကြပြီးပြီ ဖြစ်သည်ကို တွေ့ရှိခဲ့ကြသည်။

တစ်ခါတုန်းက ဧည့်သည်တစ်ယောက်သည် ပန်းချီပန်းပု ပညာရှင်ကြီး မိုက်ကယ်အိန်ဂျလို ကို "ကျွန်တော် နောက်ဆုံးတစ်ကြိမ် ရောက်ကတည်းက ဘာတစ်ခုမှ အချောသတ်တာ မတွေ့ရသေးပါလား" ဟုမေးရာ မိုက်ကယ်အိန်ဂျလိုက "အို၊ မဟုတ်ပါဘူး။





ကျွန်တော် တော်တော်များများ အချောကိုင်ပြီးပါပြီ။ သေသေချာချာကြည့်မယ်ဆိုရင် တွေ့ရပါလိမ့်မယ်။ ဟောဒီနေရာကို ကျွန်တော် ပြန်ကိုင်ထားတယ်။ ဟို နေရာလေးကိုတော့ အရောင်တင်ထားတယ်။ ဒီဘက်ပိုင်းမှာတော့ ထပ်ဖြည့်ထားတယ်။ ဒီမျဉ်းလေးတွေကိုတော့ ပြန်ပြီး ဖြေထားတယ်" ဟု ပြန်ဖြေလေသည်။

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ အဲဒါတွေက အသေးအဖွဲလေးတွေပဲ" ဟု ဧည့်သည်က ပြော၏။

ထိုအခါ မိုက်ကယ်အိန်ဂျလိုက . . .

"အသေးအဖွဲ ဖြစ်ရင်ဖြစ်လိမ့်မယ်။ ဒါပေမဲ့ အဲဒီအသေးအဖွဲလေးတွေက ပြီးပြည့်စုံအောင် လုပ်ပေးတယ်။ ပြီးပြည့်စုံခြင်းကတော့ အသေးအဖွဲ မဟုတ်ဘူးနော်" ဟု ပြန်ဖြေလေသည်။

ပိုအောင်မြင်လေ၊ ပိုခက်ခဲလေပဲ။ အခက်အခဲတွေကို ကျော်လွှန်တဲ့အခါ ပိုပြီးအောင်မြင် ခမ်းနားလာမယ်။

*အီပီကြူးရပ်စ်*

ဇာတ်ခုံပေါ်နှင့် ရုပ်ရှင်ပိတ်ကားပေါ်တွင် စကားကို အလှပ အချိုမြိန်ဆုံးဖြစ်အောင် ပြောနိုင်စွမ်းရှိသူများထဲတွင် သရုပ်ဆောင် ဂျိမ်းစ် အားလ် ဂျုန်းစ် လည်း တစ်ယောက်အပါအဝင်ဖြစ်သည်။ ဂျုန်းစ် တစ်ယောက် အလွန်ဆိုးလှသည့် စကား ထစ်အထစ်အ ဖြစ်မှုကို ကြာ



*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မြင့်စွာတိုက်ပွဲဝင်ခဲ့ရသည်ကို သိမှ သိကြပါလေစ။ သူ့အသက် ကိုးနှစ်မှ ဆယ်ကျော်သက်အရွယ်ရောက်သည်အထိ ဆရာများနှင့် အတန်းဖော်များကို စာရေးပြီး ဆက်သွယ် ပြောဆိုခဲ့ရသည်။ အထက်တန်းပြ အင်္ဂလိပ်စာဆရာက သူလိုအပ်မည့် အကူအညီများကို ပေးခဲ့သည်။ သို့ရာတွင် သူသည် ယနေ့ထက်တိုင် စကားထစ်သည့် ဒုက္ခအခက်အခဲကို ရုန်းကန် ကြိုးစားနေရဆဲ။ သို့တိုင်အောင် သူ့လောက် စကားပြောသည့်အရာတွင် သာလွန်သည့်သူ တစ်ယောက်မှ မရှိသေးပေ။ သူ့ကို မကြာသေးမီက စကားပြောသည့်အသံ အသာယာဆုံးသော သရုပ်ဆောင်ဆယ်ဦးထဲတွင် စာရင်းထည့်ထားသည်။

ချားလ်စ် ဒါဝင်သည် အရွယ်ရောက်လာသည့် ကာလများတွင် သိနားလည်ရခက်လှသည့် ဝေဒနာများကို တစ်မျိုးပြီးတစ်မျိုး ခံစားခဲ့ရသည်။ သို့သော်လည်း သူသည် "လူသား၏ မူလအစ" ဖြစ်သော ရှာဖွေမှုတစ်ခုကို သူမတူအောင် စွမ်းဆောင်ပြနိုင်ခဲ့သူတစ်ယောက်ဖြစ်သည်။

ငယ်ရွယ်စဉ်ကပင် အဘိုးအဘွားတို့၏ လက်အောက်တွင် နေလာရသော ဆာ အိုင်းဆက် နယူတန်၏ အဖြစ်သည် လူဖြစ်စောနေ၍လားမသိ၊ ကျောင်းမှ





စောစီးစွာ ထွက်လာခဲ့ရပြီး သူနှင့် လုံးဝမကိုက်ညီလှသော ယာသမားဘဝကို ရောက်ရှိလာရသည်။ သို့သော်လည်း တစ်ချိန်မှာတော့ သူသည် သိပ္ပံသမိုင်း၌ သူမတူအောင် အရှိန်အဝါကြီးလှသော ပုဂ္ဂိုလ်တစ်ဦးအဖြစ်ကို ရောက်ရှိခဲ့ရသည်။

ပေါလ် ဂေဗင်ဆိုသူ သည် ဒေဝါလီခံလိုက်ရသော သူ၏ကုမ္ပဏီ ပြာပုံထဲမှ မော်တာရိုလာကုမ္ပဏီကို ထူထောင်ခဲ့ခြင်းဖြစ်သည်။ ဂေဗင်သည် ၁၉၂၈ ခုနှစ်တွင် ငွေကြေးကို နည်းနည်းချင်း ပြန်လည်စုဆောင်းပြီး လေလံတင်ထားသော သူပိုင်သည့်မြေကွက်ထဲမှ မြေကွက်နေရာ ကျဉ်းကျဉ်းလေးကို ပြန်လည်ဝယ်ယူခဲ့ရသည်။ ထိုမြေကွက်မှတစ်ဆင့် မော်တာရိုလာ ကုမ္ပဏီကို ပြန်လည်ထူထောင်ခဲ့ရာ ယခုအချိန်တွင် အလွန်ကြွယ်ဝအောင်မြင်နေသော ကုမ္ပဏီခွဲ ၅၀၀ ရှိနေပြီဖြစ်သည်။

အလုပ်တစ်ခုက အသေးအဖွဲ့လေးများအဖြစ်
ပိုင်းလိုက်သည့်အခါ ထူးခြားခက်ခဲမှုဟူ၍ ရှိတော့မည်
မဟုတ်ပေ။
*ဟင်နရီ ဖို့ဒ်*

ဂရင်းနစ် ကမ္ဘာ့စံချိန်စာအုပ်ထဲမှာ စက်ဘီးတစ်စီးလုံးကို တာရာပါမကျန် ဝါးစားပြသည့် လူတစ်



*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ယောက်၏ ဖြစ်ရပ်မှန်ကို မှတ်တမ်းတင်ထားသည်။ သို့ရာတွင် သူသည် စက်ဘီးတစ်စီးလုံးကို တစ်ကြိမ်တည်း စားပြခြင်းမဟုတ်ပေ။ ၁၉၇၇ ခုနှစ် မတ်လ ၁၇ရက်မှ ဧပြီလ ၂ရက်နေ့အထိကြာသည်။ ထိုသူ၏ အမည်မှာ မိချယ် လိုတီတို ဖြစ်ပြီး ပြင်သစ်နိုင်ငံ ဂရီနိုဘယ်မြို့သား ဖြစ်သည်။ သူသည် စက်ဘီးတစ်စီးလုံးကို မျိုချ၍ ရနိုင်သော အစိတ်အပိုင်းလေးတွေဖြစ်အောင် အရည်ကျိုပြီးမှ တစ်စချင်းစီ စားခဲ့ခြင်းဖြစ်သည်။

ကိုယ်ထူးကိုယ်ချွန်ဖြင့် တစ်သက်လုံး
ရပ်တည်သွားနိုင်သူဟူ၍ မရှိပေ။ တခြားသူများ၏
ကူညီစောင့်မမှုဖြင့်သာ မိမိတို့၏ ပန်းတိုင်သို့
ရောက်ရှိမည်ဖြစ်သည်။
ဂျော့ချ် ရှင်း

ဂျော့ချ် မက်ဒေါ်နယ်လ် က မြင်းတစ်ကောင်သည် နှစ်တန်အလေးချိန်ကို သယ်ဆောင်နိုင်သည်၊ သို့သော် မြင်းနှစ်ကောင် အတူတူရုန်းပါက အလေးချိန် ၂၃ တန်ကို သယ်ဆောင်နိုင်သည်ဟု တစ်ခါက မှတ်ချက် ချခဲ့ဖူးသည်။

◆◆



## နေရတဲ့ဘဝတလျှောက်မှာ

All Our Lives Long By Jeanne  Marie Laskas

ကျွန်မမေမေနဲ့ ဖေဖေတို့ရဲ့ အနှစ် ၅၀မြောက် မင်္ဂလာနှစ်ပတ်လည်ခရီး ကျင်းပရမယ့်အချိန် နီးကပ်လာပါပြီ။ မေမေဟာ စိတ်လှုပ်ရှားမှု ပြည့်လျှံနေတဲ့ အသံနဲ့ လှမ်းအော်ခေါ်တယ်။

"သမီးဖေဖေက မေမေ့အတွက် နှင်းဆီပန်း ဖြူဖြူ ၁၂ပွင့် ယူလာ ပေးတယ်ကွဲ့" မေမေ့အသံဟာ လမ်းရှေဟတ်ပွဲကို လိုက်ဖို့ အခေါ်ခံရတဲ့ ဆယ်ကျော်သက်အရွယ်လေးလို ရှိနေပါတယ်။

ကျွန်မမိဘတွေဘက်က ဒီလိုနှစ်ပတ်လည်နေ့တစ်ခုလုပ်လာလိမ့်မယ်ဆိုတာ ကျွန်မဘယ်တုန်းကမျှ မသိခဲ့ဘူး။ ယုတ်စွအဆုံး မေမေနဲ့ ဖေဖေတို့ရဲ့ မင်္ဂလာလက်စွပ်မှာ ကဗျာစာတစ်ကြောင်း ရေးထိုးတာက အစပေါ့။

"နှင်းဆီငုံဖူး ဖြူနှစ်နှစ်တစ်ပွင့် လက်ဆင့်ကမ်း



စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



၍" ဆိုတဲ့ စာကြောင်းလေးနဲ့ပေါ့။ အဲဒီကိစ္စကို တစ်နေ့ ကျမှပဲ ဖေဖေကိုယ်တိုင် ကျွန်မကို မီးဖိုဆောင်ထဲမှာ ပြောပြခဲ့တယ်။ အဲဒီအခါ မေမေက "အို ဂျွန်ကလဲ" လို့ ဖေဖေ့ကို လှမ်းဟန့်လိုက်တယ်။ ဒီအခါ ဖေဖေက "ဟာ၊ ကလျာကလဲကွာ " ဆိုပြီး ပြန်ညည်းတယ် . . .

ဒီလိုပါပဲ။ ဖေဖေနဲ့မေမေတို့ရဲ့ ကူးလူးဆက်ဆံမှုတစ်ခုဟာ ဒီပုံစံအတိုင်း ရှိနေတတ်တယ်။ သူတို့အတွက် သီးသန့်ရှိနေတဲ့ ပုံစံမျိုးပေါ့။ ကျွန်မတို့လေးတွေရဲ့ရှေ့မှာ သူတို့ရဲ့ နူးညံ့တဲ့ခံစားချက်နဲ့ ပက်သက်တဲ့ အကြောင်းတွေကို ဘယ်တော့မှ သိစေချင်တာ မဟုတ်ဘူး။ ကျွန်မတို့ရဲ့ အမြင်မှာတော့ ဖေဖေနဲ့မေမေတို့ဟာ သီးခြားတစ်ဖွဲ့လိုဖြစ်နေပါတယ်။

"ဖေဖေ့ ကဗျာကို မှတ်မိသေးလားဟင်" မီးဖိုဆောင်ထဲမှာရှိနေတဲ့နေ့က ဖေဖေ့ကို မေးမိတယ်။ ကျွန်မကို ဖေဖေလှမ်းကြည့်တယ်။ ပြီးတော့ အသက်တစ်ချက်ရှိုက်သွင်းပြီး ကဗျာကို စရွတ်တယ်။ ကဗျာက "နှင်းဆီဖြူတစ်ပွင့်"ကဗျာ။ အိုင်းရစ် အမေရိကန် လူဆိုးကဗျာဆရာ ဂျွန်ဘွိုင်းအိုရယ်လိုင်း ဖွဲ့ခဲ့တဲ့ ကဗျာပေါ့။

"နှင်းဆီနီနီပွင့်က ရမ္မက်လေပူ လွင့်မှုတ်တဲ့အခါ၊ အဖြူနှင်းဆီပွင့် အချစ်သက်ပြင်းချဖြစ်တယ်" လို့ အစချီပြီး ဖေဖေက ကဗျာကို စရွတ်တယ်။

အဲဒီအခါ မေမေက" အို. . ဂျွန်ကလည်းတော်"တဲ့။





"အဲ၊ နှင်းဆီနီဟာ သိမ်းငှက်ဆိုရင် နှင်းဆီဖြူကတော့ စင်ရော်ပေါ့"

"အို ဂျွန်ရယ်" မေမေက ဒါပဲပြောတယ်၊ ပြီးတော့ အခန်းထဲက ထွက်သွားပါတယ်။

"ဒါပေမဲ့ မင်းဆီကို ကိုယ်ဟာ နှင်းဆီဖူးငုံ ဖြူနှစ်နှစ်တစ်ပွင့် ကမ်းဆင့်ခဲ့ပါတယ်။ ပွင့်ဖတ်ဖျားတွေမှာ အရှက်ကလေး တစ်ခုထားပြီးပေါ့ကွယ်" ဖေဖေဟာ ကြွေအင်တုံနားမှာ ရပ်နေရင်းကပဲ ဆက်ရွတ်နေပါတယ်။ "အချစ်များသန့်စင် ဖို့နဲ့ ချိုလာစေဖို့ရာပြင်းပြတဲ့ အနမ်းတစ်ခုကို နှုတ်ခမ်းများနဲ့ စေစားပေးပါလားနော်"

ဖေဖေဟာ ကဗျာရွတ်တာကို ရပ်တန့်လိုက်ပါတယ်။ "ကဗျာလေးက လှတယ်နော်ကွယ်" ဖေဖေက ပြုံးရင်းပြောတယ်။ ကျွန်မတို့ဟာ မေမေ့ကို လိုက်ရှာကြတယ်။ မေမေဟာ သီးသန့်အခန်းထဲမှာ ရောက်နေပြီး ခေါင်းကို လက်နှစ်ဘက်နဲ့ ရစ်သိုင်းဖက်ထားတယ်။

"သိပ်လှတဲ့ကဗျာလေးပဲမေမေ"လို့ ကျွန်မက ပြောလိုက်တယ်။

"သိပ်နှောင့်ယှက်တဲ့ကဗျာပါ" လို့ မေမေက ဆိုတယ်။

မေမေဟာ ပျိုမြစ်စဉ်ကာလတုန်းက ပျော်စရာကောင်းတဲ့ အိမ်ထောင်သည်ဘဝဆိုတာကို ဘယ်တော့မှမမြင်နိုင်ခဲ့ဘူးလို့ ပြောပြတယ်။ မေမေ့ကို တစ်ယောက်ယောက်က ဘယ်လိုများနှောက်ယှက်ပေးနေတာလဲလို့



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ကျွန်မတွေးပြီးအံ့သြရတယ်။ ထိုအစား မေမေဟာ ကဗျာစာဆို **ချော့ဆား** ရဲ့စာပေလောင်းရိပ်မိနေသလို အနာဂတ်ဆိုတာပဲတွေးနေတယ်။ တက္ကသိုလ် ကျောင်းသူဘဝက မေမေ့မှာ ကြင်နာမှုနဲ့ပက်သက်တဲ့ ပျော်ရွှင်မှုကို တစ်ကြိမ်တစ်ခါ ကြုံခဲ့ဖူးတယ်။ ဒါပေမဲ့ အဲဒီအချိန်ကာလရဲ့နောက်မှာ ဖေဖေနဲ့ ဆုံဆည်းခဲ့တယ်။

ဖေဖေဟာ မေမေဆုံဖူးသမျှတွေထဲမှာ မေမေ့အတွက် အသင့်တော်ဆုံး အဖော်မွန် တစ်ယောက် ဖြစ်လာတယ်။ မေမေ စွဲလမ်းဖူးတဲ့ လူတစ်ယောက်ကျတော့ အိမ်ထောင်ရေးဘဝအထိ လျှောက်လှမ်းဖို့ ရည်ရွယ်ချက်မရှိခဲ့ဘူး။ မေမေ့ဘက်ကတော့ ရာသက်ပန် ရည်ရွယ်ထားခဲ့ပေမဲ့ သူ့ကြောင့် ကျောက်ဆောင်ပေါ်က တောင် ခုန်ချချင်စိတ်ဖြစ်မိကြောင်း ပြောပြချင်နေပုံရပဲ။

မေမေတို့ရဲ့ မင်္ဂလာခရီး ပထမနှစ်ထဲမှာပဲ ဖေဖေဟာ စစ်မြေပြင်ဆီထွက်ခွာသွားရတယ်။ အဲဒီအချိန်က မေမေ့မှာ ကိုယ်ဝန် ၅ လရှိနေပြီ။ မေမေ့အဖို့ ကြောက်စရာအကောင်းဆုံးအချိန်ပါပဲ။ မေမေဟာသန္ဓေသားကို လွယ်ပိုက်ထားရတဲ့အချိန်ဖြစ်သလို စောင့်စားနေရတဲ့အချိန်လည်းဖြစ်တယ်။ မေမေ့ခမျာ ချောကလက် လုံးလေးတွေနဲ့ ရေခဲမုန့် တွေမှီဝဲနေရင်းကပဲ သူ့နှလုံးသားကို ဖြေသိမ့်နေရတယ်။

သူ့ရဲ့သားလေး(၇)လ သားအရွယ်ရောက်မှပဲ ဖေဖေဟာ နှုတ်ခွန်းဆက်ဖို့ အိမ်ပြန်ရောက်တော့တယ်။





မကြာခင်မှာပဲ ကျွန်မမေမေက အိမ်တစ်လုံးဝယ်ယူလိုက်တယ်။ အဲဒီနောက် သူတို့ရဲ့ ဘဝထဲကို သမီး တစ်ယောက်ရောက်လာရပြန်တယ်။ တစ်ခါ နောက်သမီးတစ်ယောက်၊ ပြီးတော့မှပဲ ကျွန်မကိုမွေးတယ်ပေါ့ရှင်။

ကျွန်မငယ်စဥ်တောင်ကျေး အရွယ်လောက်ကပဲ မေမေနဲ့ဖေဖေတို့ဟာ တကွဲတပြားဖြစ်နေရတဲ့ကိစ္စကို ပြောနိုင်ကြတော့တယ်။ ဖေဖေဟာ မေမေနဲ့နေရမယ့်အချိန်ထက် သူများတကာတွေနဲ့ပဲ အပြင်ထွက်ပြီးဘိုးလင်းဘောလုံးပစ်ကစားရတာကို ပိုပြီးခုံမင်တယ်။ ဖေဖေ အိမ်မှာမရှိတဲ့အခါမှာလည်း မေမေက ကြောင်တောင်တောင်ဖြစ်မနေဘူး။ ပြီးတော့ ဖေဖေရှိပြန်လည်း အခြားဇနီးမယားတွေလို မေမေဟာ နောက်လားပြောင်လား၊ ရယ်လားရွှင်းလား မရှိဘူး။ အဲဒီလိုနေမယ့်အစား မေမေ ကျွန်မတို့ကိုပြောပြတတ်တာက "သမီးတို့သိဖို့ပြောပြရမယ်။ သမီးတို့ရဲ့ဖေဖေဟာ မေမေ့အပေါ် ဘယ်တော့မှ စိတ်ကုန်မယ့်လူစားမျိုးမဟုတ်ဘူး" တဲ့။

မေမေနဲ့ ဖေဖေတို့ရဲ့ မင်္ဂလာနှစ်ပတ်လည် ၅၀ နှစ်ကျင်းပတော့မယ့် အချိန်မှာ ကျွန်မမိဘတွေဟာ ခရစ်ယာန်ဘုရား ရှိခိုးကျောင်းမှာ အသစ်တစ်ဖန် သစ္စာခံယူပွဲလုပ်ကြပါတယ်။ အသိမိတ်ဆွေ ၇၅ယောက်က အဲဒီပွဲ ကျင်းပနေပုံကို စောင့်ကြည့် နေကြတယ်။ ဖေဖေဟာ အပြန်အလှန်သစ္စာစကား ဆိုနေတုန်းမှာ ဆို့ဆို့နင့်နင့်ရှိနေသလို တုံ့တုံ့ဆိုင်းဆိုင်း ဖြစ်နေတာကိုပါ



*စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မြင်နေရတယ်။ မေမေကတော့ ကျွန်မကြားနေကျဖြစ်တဲ့ အသံထက်ပိုပြီး စိတ်ဇောအဟုတ်ပြင်းပြင်းနဲ့ ရွတ်ဆိုနေတာကိုတွေ့ရပါတယ်။ ဖေဖေ့ မျက်လုံးတွေကို စိုက်ကြည့်ပြီးတော့"ကျွန်မရှင်သန်သမျှ နေ့ရက်တွေတိုင်းမှာ" ဆိုတဲ့ အသက်ထက်ဆုံးစကားကို ကြွေးကြော်နေပါတယ်။

အဲဒီကျင်းပပွဲကပြန်တော့ ကျွန်မတို့ဆီမှာ ပါတီပွဲကြီးထပ်လုပ်ကြပါတယ်။ အဲဒီအချိန်မှာပဲ ဖေဖေဟာ မေမေ့ကို မွှေးမွှေးပေးရင်းနဲ့ "သံသရာဆုံးတိုင်ကြိုဆိုပါတယ်ကွယ် " လို့ဆိုလိုက်ပါတော့တယ်။

မေမေဟာ ပြောချိန်မတန်တဲ့အခါမှာ အင်မတန်စကားနည်းလှတဲ့အမျိုးသမီးတစ်ဦးပါ။

"ကျွန်မ တစ်သက်တာမှာတော့ ဒီနေ့ဟာ ပျော်စရာအကောင်းဆုံး အချိန်ပါပဲ"လို့ မေမေကဆိုတယ်။

ဒါဟာမေမေစကားများများ ပြောလိုက်တာပဲ။ ပြီးတော့မေမေက ဆက်ပြီး "ဒီနေ့ဟာ ကျွန်မတို့ရဲ့ မင်္ဂလာဦး၊ ကြင်စဦးအချိန်အခါကထက် ပိုပြီး ပျော်စရာကောင်းပါတယ် ဘာကြောင့်လဲဆိုတော့ အရာရာကိုရင်ဆိုင်ကျော်လွှားနိုင်တဲ့ အချိန်ကို ရောက်လာတဲ့အတွက်ကြောင့်ပါပဲရှင်" လို့ နိဂုံးချုပ်စကား ဆိုလိုက်ပါတော့တယ်။

♦ ♦



# ဖေဖေ့ထံမှ သင်ခန်းစာများ

Lessons from My father by. Mo. Shuet Tam

ကျွန်မဖေဖေစာရေးတဲ့စံချိန်ကို ချိုးနိုင်မယ့်လူမျိုး ဒီလောကမှာရှိမှ ရှိပါ့မလားလို့ ကျွန်မ မကြာမကြာ တွေးတော အံ့သြနေမိပါတယ်။ ကျွန်မ အီဒင်ဘတ်နဲ့ လန်ဒန်မှာ သွားရောက်ပြီး ပညာသင်ယူနေတုန်းက ဆိုရင် ဟောင်ကောင်မှာကျန်ရစ်ခဲ့တဲ့ မိသားစုကို မရှုနိုင် မကယ်နိုင် အိမ်လွမ်းနာကျမိတဲ့ သုံးနှစ်တာ ကာလအတွင်း ဖေဖေဟာ ကျွန်မဆီကို စာတွေ မှန်မှန်ရေးနေခဲ့ပါတယ်။ အဲဒီလိုနဲ့ပဲ စာရေးတယ်ဆိုတာ ဖေဖေ့အဖို့ လွယ်ကူနေပါတယ်။ အခုလည်း ကျွန်မဆီ စာတွေ ရေးနေဆဲပါပဲ။ ဒါပေမယ့် ပြီးခဲ့တဲ့ သုံးနှစ်က ရေးပို့ခဲ့တဲ့ စာရေးနှုန်းကတော့ မှတ်သားလောက်ပါပေတယ်။

ဒီတော့ ကျွန်မကလည်း မနက်ဥနာရီအချိန်ပဲဖြစ်နေပါစေ၊ စာပြန်နိုင်ဖို့ ကြိုးစားရပါတယ်။ ပထမဆုံး ရောက်လာလေ့ရှိတဲ့ စာပို့သမားက စာတွေ လာမသိမ်း



စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ခင် ကိုယ်ရေးတဲ့စာကို ပါသွားနိုင်အောင် စာသွားထည့်ရတယ်။ ပြီးတော့ ညနေမှာဝင်လာမယ့် စာကိုမျှော်ရတယ်။ စာသင်ပြီး ပြန်ရောက်တဲ့အချိန်မှာ ဖေဖေ့စာတွေတင်ထားတာကို မြင်တာနဲ့ပဲ ကျွန်မဟာ စိတ်သက်သာရာရသွားသလို ရင်ထဲမှာလည်း အားတွေပြည့်လာရတယ်။ ဖေဖေက ကျွန်မကို အမြဲတမ်းအမှန်းတင်ပြီး "ဖေဖေ့အချစ်ဆုံး သမီးရှု့အက်သို့" ဆိုပြီး လိပ်စာရေးထိုးလေ့ရှိပါတယ်။

ဖေဖေက ကိုယ့်ထူးကိုယ်ချွန်သမား။ ဖေဖေ့နာမည်က ကျို့ကျိုတမ်။ ဖေဖေ့မိသားစုထဲမှာလည်း တက္ကသိုလ်ပညာရေးကို ပထမဦးဆုံး သင်ယူနိုင်တာက ဖေဖေပဲ။ ဖေဖေဟာ တရုတ်နိုင်ငံရဲ့ သမိုင်းရာဇဝင်ကို ကောင်းစွာဆည်းပူးထားရုံတင် မကဘဲ အနောက်နိုင်ငံက စာပေပညာကိုပါ ကောင်းစွာတတ်မြောက်ထားတယ်။ ကျွန်မတို့တတွေ ဖတ်ထားဖူးပေမဲ့ မေ့နေတဲ့ စာကဗျာတွေကို မကြာခဏဆိုသလို ဖေဖေကပဲ စာမျက်နှာတိုင်းကို ကိုးကားပြောဆိုပြသပေးတဲ့အတွက်ကြောင့် ကျွန်မရော ကျွန်မ အစ်ကိုပေါလ်ပါ အရှက်ရခဲ့ရပါတယ်။ ဖေဖေဟာကျောင်းဆရာအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်လာတာကြောင့်လည်း၊ ကျောင်းသားတွေ အလယ်မှာ ကျော်ကြားပြီး ရေပမ်းစားရသူအဖြစ် နာမည်ကြီးခဲ့တယ်။ ဖေဖေဟာ မြေဖြူအပိုင်းအစလေးကိုတောင် စိတ်ဝင်စားအောင် ပြောပြနိုင်တယ်လို့ ကျောင်းသားတွေက ပြောဖူးတယ်။





၁၉၄၀ခုနှစ်များဆီက တရုတ်နိုင်ငံထဲကို ပြေးလာတဲ့ အခြားမိသားစုတွေလိုပဲ ကျွန်မတို့ မိသားစုဟာ ရှိရှိသမျှ ဆုံးရှုံးခဲ့ကြတယ်။ ကျွန်မတို့ ဆင်းရဲနွမ်းပါးခဲ့ကြတယ်။ ဖေဖေဟာ နေ့ခင်းပိုင်းမှာ စာသင်လေ့ရှိပြီး ညဘက်ရောက်တာနဲ့ ရုပ်ရှင်ဇာတ်ညွှန်းတွေ ထိုင်ရေးနေတတ်တယ်။ ဖေဖေဟာ အဲဒီကာလတုန်းက ဘယ်လောက်တောင် အပင်ပမ်းခံလဲဆိုတာ ဒီအချိန်မှာ တွေးဆနိုင်လာပါတယ်။ ဒါပေမဲ့ ဖေဖေဟာ တစ်ကြိမ်တစ်ခါမှ မညည်းတွားခဲ့ဘူး။ ဝမ်ချိုင်းမြို့က ကျောင်းတစ်ကျောင်းမှာ ကျွန်မတို့တစ်တွေ ပညာသင်ယူခဲ့တယ်။ ကျောင်းက စာသင်ခန်းစာဟာ ၁၀ပေ၊ ၆ပေပဲကျယ်တယ်။ ကျွန်မမိဘတွေဟာ အဲဒီစာသင်ခန်းမှာပဲ အိပ်စက်တယ်။ ညသင်တန်းတွေ ပြီးတဲ့အခါမှာတော့ ကျွန်မနဲ့ ပေါလ်ဟာ စာသင်ခန်း သမံတလင်းပေါ်မှာ ကျွန်မတို့ရဲ့ဖျာတွေခင်းပြီး အိပ်ကြရတယ်။ စာသင်ခန်းကြမ်းပြင်က ကျွန်မတို့ရဲ့ အိပ်ရာတွေပဲပေါ့။

ကျွန်မတို့ကလေးတွေဟာ စားပွဲခုံတစ်ခုံအောက်မှာ ပုန်းအောင်းပြီး အိမ်ထဲမှာနေရသလို ဟန်လုပ်နေရတယ်။ အစ်ကို ပေါလ်ကတော့ နာရီပေါင်းများစွာကြာတဲ့အထိ ဆော်ဒါပုလင်းအဖုံးတွေနဲ့ပဲ ဆော့ကစားနေတတ်တယ်။ သူကအဲဒီ အဖုံးတွေကို စစ်မြေပြင်ကစစ်သားတွေလိုသဘောထားပြီး ဆော့ကစားတာ။ ရံဖန်ရံခါမှာ ကျွန်မတို့တတွေ ရုပ်ရှင်မေတ္တာလက်မှတ်



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တွေ ရတတ်တယ်။ မွေးနေ့ရက်တွေမှာတော့ အမေရိကန်စားသောက်ဆိုင်မှာ ခွဲခြမ်းထားတဲ့ ကြက်ကလေးနှစ်ကောင်သုံးကောင်လောက်နဲ့ ချက်ထားတဲ့ဟင်းကို ကျွန်မတို့တတွေ ငမ်းငမ်းတက် စားမိကြတယ်။ ဆင်းရဲနွမ်းပါးတယ်လို့ကို ကျွန်မအနေနဲ့ လုံးဝ မခံစားမိခဲ့ဘူး။

ကျွန်မတို့ကို တက္ကသိုလ်တက်ဖို့ မျှော်မှန်းထားကြတယ်။ တမ်မိသားစုထဲမှာ အလယ်တန်းကျောင်းသားဘဝက ထွက်ခဲ့ရတဲ့သူဆိုလို့ တစ်ယောက်မှ မရှိခဲ့ဘူး။ ပညာရေးအတွက် လိုအပ်တဲ့အချိန်ကျမှသာ ငွေရှာဖို့ အခက်တွေ့ရတာပဲ ရှိတယ်။ ကျွန်မတို့ရဲ့ မိဘတွေက သားသမီးတွေအတွက် အမြဲလိုလို စွန့်လွှတ်အနစ်နာခံကြရတယ်။

ဘဝအခြေအနေက ဒီ့ထက်ဒီ ချောမွေ့မလာတဲ့အခါ ကျွန်မမိဘများဟာ အလုပ်ကို ပိုအပင်ပမ်းခံလုပ်ပြီး ငွေရအောင် ရှာဖွေကြတဲ့အတွက် မိသားစုရဲ့ လုပ်ငန်းဟာ အကြီးအကျယ် အောင်မြင်မှုရလာတယ်။ ကျွန်မတို့ မောင်နှမနှစ်ယောက် ပညာရေးအပိုင်းရော၊ ဘဝအခြေအနေမှာပါ တိုးတက်ကောင်းမွန်လာတဲ့အချိန်ရောက်တော့ ဖေဖေ့မှာ ကုစားလို့မရနိုင်တဲ့ အူကြောင်းကင်ဆာရှိနေတာကို စစ်ဆေးတွေ့ရှိခဲ့ရတယ်။ အဲဒီမေလထဲမှာ ကျွန်မအဖို့ မွေးနေ့ကို သုံးခါကျင်းပရဖို့ အကြောင်းပေါ်လာတယ်။ အနောက်တိုင်းမွေးလအရ တစ်ကြိမ်၊ တရုတ်'လ'ပြက္ခဒိန်ဗေဒင်အရ





နှစ်ကြိမ် ပြုလုပ်ရဖို့ အကြောင်း ဖြစ်နေတယ်။ (ကျွန်မရဲ့ 'လ'ဝင်နေတဲ့ ဂြိုဟ်စဉ်ဟာ ခုန်ကျော်ကူးရမယ့် 'လ'ထဲရောက်နေလို့ပါပဲ) ဒါပေမဲ့ ၁၉၈၁ခုနှစ်ထဲမှာတော့ ကျွန်မအဖို့ ဘယ်လိုမွေးနေ့မျိုးမှ မကျင်းပနိုင်ခဲ့ဘူး။ နောက်တစ်နှစ်အကြာမှာ ဖေဖေဆုံးပါးသွားရတယ်။

နောက်တိုင်းအဆောက်အအုံအဖွဲ့အစည်းရဲ့ သချိုင်းမြေချမှု ထုံးတမ်းစဉ်လာသဘောကို ကျွန်မအနေနဲ့ လုံးဝမထောက်ခံနိုင်ဘူး။ ကွယ်လွန်ခြင်းဆိုတာ နှစ်စဉ်ကျင်းပပြုလုပ်ဖို့အကြောင်းတစ်ခု ဖြစ်လေရော့သလား။ နိဂုံးသတ်တဲ့အကြောင်း မဟုတ်လေရော့သလား။ ဟောင်ကောင်မြို့မှာတော့ အသုဘအခမ်းအနားဆိုတာ လူတစ်ဦးတစ်ယောက်ရဲ့ ဘက်စုံအောင်မြင်မှုကို ကိုယ်စားပြုတာ ဆိုပေမယ့် သူ့ရဲ့ လူမှုဆက်ဆံရေး အဆင့်အတန်းကို ဝိသေသပြုတာပါ။ ကျွန်မအဖေရဲ့ နောက်ဆုံးအိပ်စက်မှုအတွက် လွမ်းဆွတ်သူတွေဆီက ပို့ပေးလိုက်တဲ့ပန်းခွေတွေဟာ လမ်းထဲမှာ အလျှံပယ်ဝေဆာလို့နေတယ်။ ဟောင်ကောင်မြို့ရဲ့ လူမှုအဖွဲ့အစည်းအစိတ်အပိုင်းအားလုံးက လူကြီးလူငယ်မကျန် ဖေဖေရဲ့နောက်ဆုံးခရီးကို ဂါရဝပြုကြတယ်ပေါ့။

အဖေဆုံးပြီး တစ်နှစ်အကြာမှာတော့ ကျွန်မရဲ့သမီးလေး လော်ရာကို မျက်နှာမြင်ပါတယ်။ သမီးမွေးပြီးနောက် ၄နှစ်အကြာမှာတော့ သားလေးပေါလ်ကို ဖွားမြင်ခဲ့တယ်။ သူတို့လေးတွေ ပိုင်ဆိုင်ရရှိခွင့်မရှိခဲ့တဲ့



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သူတို့ရဲ့ဘိုးဘိုးဆီက ချစ်ခြင်းတရားနဲ့ လောကဝတ် ပျူငှာမှုအကြောင်းခြင်းရာတွေကို သာယာဖွယ်အကြောင်းအရာအဖြစ် ကျွန်မတစ်ဆင့် သူတို့ကို ပြန်ပြီး ဖောက်သည် ချရပါတယ်။ ဖေဖေ့ဆီက ကျွန်မရရှိ လိုက်တဲ့ဘဝသင်ခန်းစာထဲက ဖေဖေ့ရဲ့ မိသားစုတာဝန်အပေါ် မယိမ်းမယိုင် မသွေမဖီဆောင်ရွက်တတ်တဲ့ အကြောင်း၊ အလုပ်ကို အပင်ပန်းခံပြီး ကြိုးစားလုပ်တဲ့ အကြောင်းနဲ့ ပညာရေးမှာ အကောင်းဆုံးဆုရတဲ့ အကြောင်းတွေကို ပြန်ပြောရတယ်။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျွန်မသိမ်းဆည်းထားခဲ့တဲ့ ချစ်သောဖေဖေရဲ့တရုတ်လို ရေးထားတဲ့ စာလွှာတွေကို သူတို့တတွေလည်း ဖတ်တတ်ရင် ဖတ်တတ် လာကြမှာပါ။

♦ ♦



# သူစိမ်းတစ်ယောက်၏လက်ဆောင်

Gift From a Stranger By Anonymous

ကျွန်တော့်မေမေ ကွယ်လွန်တုန်းက ကျွန်တော့်အသက် နှစ်ဆယ်ပဲရှိသေးတယ်။ ကျွန်တော့်ဘဝမှာ ပထမဦးဆုံး ခံစားချက်ကြီးတစ်ခုကို အသက်နဲ့အမျှ ခံစားလိုက်ရတယ်။ ဒီတုန်းက ကျွန်တော်ဘယ်တော့မှ ပြန်ပြီး ဝေဒနာသက်သာလာနိုင်လိမ့်မယ်လို့ မထင်မိလောက်အောင်ပါပဲ။ အဲဒီနောက် ရက်လတွေကျော်ဖြတ်လာတဲ့ အခါမှာတော့ အမြဲတည်တံ့နေမယ်လို့ထင်တဲ့ ခံစားချက်ဟာ ပြေပျောက်လာပါတယ်။ နွေဦးရာသီကို ရောက်လာတဲ့အခါမှာတော့ ကျွန်တော့်ခံစားချက်ဝေဒနာဟာ လုံးဝအနာ ကျက်သွားရုံမကဘဲ သစ်လွင်လာတဲ့ သဘာဝတရားရဲ့ အံ့ဩစရာအကြောင်းတွေပေါ်မှာ သာယာမှုကို ရှာတွေ့လာပါတယ်။

အစပထမတုန်းကတော့ စိတ်လှုပ်ရှားမှု ခံစားချက်တွေ အပြည့်အဝနဲ့ သုသာန်မြေပြင်ဆီ ကျွန်တော်



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သွားခဲ့တယ်။ အဲဒီနောက်တော့ အံ့ဩစရာကောင်းလောက်အောင်ပါပဲ။ မေမေ မဆုံးပါးမီ ဝေဒနာခံစားချိန်တုန်းကလောက်၊ ကျွန်တော် လွမ်းနာကျတုန်းကလောက် အတွေးခံစားချက်မျိုးတွေ မေမေ့အပေါ်မှာ မထားနိုင်တော့တာကို အံ့ဩစရာကောင်းလောက်အောင် တွေ့ရှိလာရပါတယ်။ ကျွန်တော် မေမေ့ရဲ့ သင်္ချိုင်းအုတ်ဂူပေါ်မှာ ပန်းတွေ ဆင်ယင်ပေးဖို့ ရောက်သွားရပေမယ့် ကျွန်တော့်ရင်ထဲမှာတော့ နာကျင်မှုသဘောတွေ အလျဉ်းပျောက်နေရပါပြီ။ ဟိုတုန်းက မှတ်ဉာဏ်တွေ စင်သွားတဲ့သဘောပါပဲ။

ဒီလိုနဲ့နှစ်တွေ ကုန်လွန်သွားကြတယ်။ ကျွန်တော်မွေးဖွားပြီး လူပျိုပေါက်အရွယ်ရောက်တဲ့အထိ နေလာခဲ့တဲ့ ဟန်ဂေရီနိုင်ငံ ကာပေါ့စ်ဗားမြို့ကနေ ကျွန်တော် ပြောင်းခဲ့ရတယ်။ ကျွန်တော့်အမျိုးတွေလည်း ပါလာတယ်။ **ဝိညဉ်အားလုံးရဲ့နေ့** နေ့လို အခါကြီးကျမှပဲ ကျွန်တော်တို့အားလုံးစုပေါင်းပြီး သင်္ချိုင်းသုသာန်ကို သွားရောက်တတ်ပါတယ်။

ဖေဖေဟာ အိုမင်းမစွမ်းရှိတဲ့အချိန်အထိ ကျွန်တော်နဲ့အတူ နှစ်ပေါင်းများစွာ နေလာပါတယ်။ အချိန်မတန်မီမှာ မေမေ့ကို ဆုံးရှုံးရပေမယ့်လည်း ဖေဖေဟာ အသက်ရှည်ရှည်နေထိုင်ရတဲ့ ဘဝကို ရလိုက်ပါတယ်။ အခုတော့ ဖေဖေလည်း ကျောက်သလင်းနဲ့ လုပ်ထားတဲ့အုတ်ဂူဖြူဖြူအောက်မှာ အိပ်စက်အနားယူသွားပါပြီ။





ကျွန်တော့်အဖို့ သင်္ချိုင်းမြေကို စိတ်အားထက်သန်မှုနဲ့အတူ သွားရတော့တာပေါ့။ နေရောင်တောက်ပတဲ့နေ့ကလေးတစ်နေ့မှာ ကျွန်တော်ချစ်တဲ့သူတွေဆီကို ရောက်သွားတယ်။ ကျွန်တော့်မိဘတွေရဲ့ အုတ်ဂူတွေဘေးရောက်သွားတဲ့အချိန်မှာတော့ ကျွန်တော်ရဲ့စိတ်အစဉ်ဟာ မိဘတွေနဲ့ နေခဲ့ဖူးတဲ့အချိန်တွေဆီ ရောက်သွားတယ်။ အဲဒီနေရာရဲ့ ဆိတ်ငြိမ်မှုဟာ ထူးခြားတဲ့ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုတို့ကို ပေးနေတယ်။

နည်းလမ်းပုံစံအသွယ်သွယ်နဲ့ အုတ်ဂူတွေပေါ်မှာ ပန်းတွေ ဆင်ယင်နေကြတဲ့ အခြားသူတွေဆီ ကြည့်မိတဲ့အခါ ဘယ်လိုကြောင့်များ ဒီလောက် လွမ်းဆွတ် တသနေကြတာပါလိမ့်လို့ ကျွန်တော်တွေးရင်း အံ့ဩရပါတယ်။ ကျွန်တော်ဟာ သူတို့ကို မသိပေမယ့်လည်း ကိုယ့်ရဲ့ညီအစ်ကိုတွေလိုပဲ သဘောထားမိတယ်။

တစ်နေ့မှာတော့ ကျွန်တော့်မိဘတွေရဲ့ ဂူနောက်ဘက်မှာ ခန့်ခန့်ညားညားမှုရှိနေတဲ့ ဂူတစ်ခုကို သတိပြုမိလိုက်တယ်။ ဒါပေမဲ့လည်း တခြားအင်္ဂတေကျောက်ဆစ်တွေနဲ့ သားသားနားနားမြင့်မြင့်မားမား ဆင်ယင်ထားတဲ့ အုတ်ဂူတွေထက်စာရင် အဲဒီအုတ်ဂူဟာ သိမ်နုတ်ပြီး ရိုးကုပ်နေတဲ့သဏ္ဌာန်ရှိနေတယ်။ အုတ်ဂူရဲ့နံဘေးမျက်နှာစာမှာ ကွယ်လွန်သူရဲ့အမည် “အိုဗီ”ဆို တဲ့ စာလုံးရေးသားထားပြီး လက်ဝါးကပ်တိုင်ပုံကို သစ်သားနဲ့လုပ်ထားသလို စာလုံးတွေကိုတော့



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကြေးနဲ့ စာစီသွင်းထုထားတယ်။ အိုင်ဗီရဲ့အောက်မှာ သက်တမ်း ၂၂နှစ်နေသွားရတယ်ဆိုတဲ့ သင်္ကေတ ဖော်ထားတယ်။ ကျွန်တော် ရောက်သွားလေတိုင်းမှာ အဲဒီအုတ်ဂူရဲ့ ဂရုစိုက်မှုရှိတဲ့သဘော သေသပ်မှုရှိတဲ့ သဘောတွေကို သတိထားမိလာတယ်။ ရံဖန်ရံခါမှာ တော့ ကျွန်တော်ဟာ ဂူရဲ့သန့်ပြန့်လွန်းနေတဲ့ မြင်ကွင်း ကြောင့် ဘဝမှာ ၂၂နှစ်သာ နေထိုင်သွားသူတစ်ဦးရဲ့ ဆန်းပြားမှုတစ်ခုကို လေးလေးနက်နက် တွေးမိစပြုလာ တယ်။

တစ်ကြိမ်မှာတော့ အဲသည်အုတ်ဂူအနီးကနေ အသက်ခပ်ကြီးကြီး လူတစ်ယောက်ထွက်ခွာသွားတာ မြင်လိုက်ရတယ်။ ကျွန်တော့်စိတ်ထဲမှာ သူ့ဇနီးဆီ လာ တာဖြစ်မှာပဲလို့ တွေးမိတယ်။ နောက်တစ်ကြိမ် ၁၉၉၆ခုနှစ်ရဲ့ ဝိညာဉ်အခါတော်နေ့မှာ ကျွန်တော်ရောက် သွားတော့ ဂူကိုပြင်ဆင်နေတဲ့ အဲဒီအသက်ကြီးပုဂ္ဂိုလ်ကို ထပ်တွေ့ရပြန်တယ်။ ကျွန်တော်တို့နှစ်ဦးအသိအမှတ် ပြုသလို ခေါင်းညိတ်ပြကြပြီး လုပ်စရာရှိတာ ဆက်လုပ် ဖြစ်ကြတယ်။ အခါမလပ်ဆိုသလို ကျွန်တော်သူ့ဆီ လှမ်းလှမ်းကြည့်ဖြစ်တယ်။ သူ့မှာ သန့်စင်စရာ ဘာ တန်ဆာပလာမှ ပါလာတာ မတွေ့ရတဲ့အခါ ကျွန်တော့် ဆီကဟာတွေ ငှားလိုက်တယ်။ သူက ကျေးဇူးတင်စွာ နဲ့ လက်ခံယူပါတယ်။ ဒီလိုကြောင့် သူနဲ့ကျွန်တော် စကားဆုံဖြစ်ဖို့သဘာဝတရားက ဖန်တီးပေးလိုက်တယ်





ထင်ရတာပဲ။ ကျွန်တော်က ဘယ်သူ့ဂူကို လာလာပြီး ရှင်းလင်းနေတာလဲလို့ သူ့ကို မေးမိတယ်။ သူက အခုလို ပြောပြတယ်။

“အဲဒါကျုပ်ရဲ့မိခင်ပါ။ ကျုပ် တစ်နှစ်ခွဲသား အရွယ်ကလေးမှာပဲ ၁၉၁၂ခုနှစ်က မေမေဟာ ငယ်ငယ် ရွယ်ရွယ်နဲ့ ကွယ်လွန်သွားခဲ့ရတယ်။ ကျုပ်မေမေကို ကျုပ်သေသေချာချာတောင် မမီလိုက်ပါဘူး။ အဲဒီ လက်ဝါးကပ်တိုင်ရော ကြေးပြားစာလုံးပါ ကျုပ်ကိုယ်တိုင် လုပ်ပေးတာပါ”

အဲဒီနောက် စကားဆက်ပြန်တယ်။

“ကျုပ်မေမေဂူကို တစ်ယောက်မှ လာမရှင်း လင်းကြပါဘူး။ ဘာကြောင့်လည်းဆိုတော့ ကျုပ်ဟာ တစ်ဦးတည်းသော သားဖြစ်နေတဲ့အတွက်ပါပဲ။ မေမေ ဟာ နမိုးနီးယားရောဂါနဲ့ ဆုံးပါးသွားခဲ့ရတယ်။ ကျုပ်ဖေဖေက နောက်အိမ်ထောင်ကျတယ်။ ကျုပ် မိထွေးက သူ့သားသမီးတွေပေါ်မှာပဲ ဂရုစိုက်တယ်။ ပြောမယ်ဆို ကျုပ်ရဲ့ဖအေတူမအေကွဲ မောင်နှမတွေ ပေါ့။ အဲသလိုနဲ့ ကျုပ်မှာဝမ်းနည်းနေနေ၊ ဝမ်းသာနေနေ ကျုပ်မိခင်ရဲ့ခေါင်းချနယ်မြေကိုတော့ မှန်မှန် လာနေရတာပါပဲ။ ကျုပ်ရဲ့အသက်ဟာ တစ်ဖြည်းဖြည်း ကြီးလာပေမယ့်လည်း ကျုပ်မေမေကိုတော့ တစ်ချိန်မှ မေ့မရဖြစ်ခဲ့ဘူး။ သူများတွေက မိသားစုအပေါ် အား



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထားရသလို ကျုပ်အဖို့တော့ ဒီနေရာဟာ အားထားစရာပါပဲ။ ကျုပ်အိမ်ကို အမြဲမပြတ် လာနေရတယ်။

"နှစ်ပရိစ္ဆေဒကာလတွေ ကြာလာတဲ့ အခါမှာကျတော့ ကျုပ် ဒီနေရာကို အရောက်လာဖို့ရာမှာ တော်တော်လေး အခက်အခဲ ဒုက္ခတွေနဲ့ ရင်းနှီးရတယ်။ ဒါပေမယ့် ကျုပ်ခြေထောက်တွေ ဒီနေရာရောက်အောင် သယ်ဆောင်လာနေနိုင်သမျှ ကာလတိုမှာတော့ အနည်းဆုံး တစ်နှစ်မှာ နှစ်ခေါက်လောက်ဆိုသလို ကျုပ်မေမေဆီလာဖြစ်အောင် လာတယ်။ အခုကျုပ် ၈၀ထဲ ဝင်နေပြီ။ ကျုပ်ဘယ်လောက်ကြာကြာထိ ဆက်လုပ်နိုင်တော့မယ်ဆိုတာ ဘယ်သူသိနိုင်မှာလဲ။

ကျွန်တော် အံ့သြမင်သက်မှုအပြည့်နဲ့အတူ သူပြောသမျှ နားစိုက်နေမိပါတယ်။ ကျွန်တော့်မှာ သူ့လို အတိုင်းအဆမရှိတဲ့ ချစ်ခြင်းမေတ္တာမျိုး ရှိမနေတာကို သိလိုက်ရတဲ့အခါ ကျွန်တော့်မျက်လုံးမှာ မျက်ရည်တွေ စို့လာတယ်။ ကျွန်တော့်မိဘတွေအပေါ် မှာ ခပ်ပေ့ါပေ့ါပဲ သဘောထားမိတာတွေကို တွေးလာမိတယ်။ ကျွန်တော့် အတွေးတွေဟာ ကျွန်တော့်ရဲ့ မှတ်ဉာဏ်အိမ် သုံးခုထဲကို ရောက်သွားတယ်။ မိဘတွေရဲ့ ချည်နှောင်ထားတဲ့ ကြိုးပေါင်းအထောင်အသောင်းရဲ့ကြားမှာ ပျော်ခဲ့ရတာတွေ၊ ဝမ်းနည်းခဲ့ရတာတွေ အလှအပအမျိုးမျိုး ဆင်ယင်ခြံရံခဲ့ရတာတွေ ပြန်မြင်ယောင်လာတယ်။ ဒီ အဘိုးကြီး





ရဲ့ဘဝမှာ အဲသလို သိုလှောင်စရာအမှတ်အသားတွေမှ ရခဲ့ပါရဲ့လား။ သူ့အမေရဲ့ ရှေးတုန်းက ကြွင်းကျန်သွားတဲ့ ဓါတ်ပုံတစ်ပုံလောက်သာ ကျန်ကောင်းကျန်နေမယ်။

မိဘရဲ့ ယုယနွေးထွေးမှု၊ ချစ်ခြင်းမေတ္တာတရားကို လုံးဝမရတဲ့အဖြစ်နဲ့ မိခင်ဖြစ်တဲ့ မိန်းမသားတစ်ဦးရဲ့ လဲလျောင်းရာမြေကို သူ့ရဲ့ ရှည်လျားတဲ့ ဘဝတာအထိ ကြီးမားတဲ့ ခံစားချက်များနဲ့အခါမလပ် လာရောက်နေတဲ့သူတစ်ဦးရဲ့ ချစ်ခြင်း မေတ္တာဂါရဝတရားကို ကျွန်တော် စဉ်းစားနေမိတယ်။

ကျွန်တော်တို့နှစ်ဦးသား နှုတ်ဆက်ပြီး လမ်းခွဲလိုက်ကြတယ်။ ကျွန်တော့်အနေနဲ့ ကြီးမားနက်ရှိုင်းတဲ့ ရင်တွင်းလှုပ်ခတ်မှုကို ရလိုက်တယ်။ ပြောမယ်ဆို သူ့ဆီက ကြီးမားတဲ့လက်ဆောင်ဆုလာဒ်ကို ရလိုက်သလိုပါပဲ။ မိခင်ပေါ် ရိုးသားမြင့်မြတ်တဲ့နှလုံးသားနဲ့ သံမဏိလို ခိုင်ခိုင်မာမာ သစ္စာတရားစိုက်ထူခဲ့တဲ့ ပုံရိပ်တစ်ခုကို ကျွန်တော် အမြဲပဲ ငုံ့စောင်းကြည့်နေဖြစ်မှာပါ။

အိမ်အပြန်လမ်းမှာ သူ့ရဲ့ ထိရှတဲ့ဇာတ်လမ်းဟာ ကျွန်တော့် အတွေးထဲကို လိုက်ပါလာပါတယ်။ အဲဒီလူရဲ့ မိခင်အုတ်ဂူပေါ် ခြုံနွယ်ပိတ်ပေါင်းတွေ ပိတ်ဖုံးလာချိန်မှာဖြစ်စေ၊ ကျွန်တော့်မိဘတွေဂူမှာ ဖုံးလာတဲ့အခါဖြစ်စေ ရှင်းလင်းဖယ်ရှားပေးဖို့ ကျွန်တော် စိတ်ကို ဒုံးဒုံး



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ချလိုက်တယ်။ ကျွန်တော့်စိတ်တွေ ဘာကြောင့်အခုလို ပြောင်းလဲလာရတာလဲ။

မိခင်ထက်အသက်ကြီးနေပြီဖြစ်တဲ့ သား တစ်ယောက်က ပျိုရွယ်တဲ့မိခင်ဆီ စဉ်ဆက်မပြတ် ဂါရဝတရားအပြည့်နဲ့ ရောက်လာတဲ့အတွက်ကြောင့် ဆိုရင် မှားမယ်မထင်ပါဘူး။

♦ ♦



# မေမေ့ရဲ့ ဖန်ကွဲစလေး

That Little Glass Chip By Bethe B. Youngs

ကျွန်မ မေမေဟာ ဒီလိုမျိုးတွေကို ဘာဖြစ်လို့များ သိမ်းဆည်းရပါလိမ့်

ကျွန်မ ကိုးနှစ်သမီးအရွယ်လောက်က တစ်နေ့မှာတော့ မေမေဟာ မောင်တွေ ညီမတွေကို ထိန်းဖို့ ကျွန်မကို အိမ်မှာထားရစ်ခဲ့ပြီး မြို့ထဲကို ထွက်သွားခဲ့တယ်။ မေမေ့ ရဲ့ကားလေး မောင်းထွက်စအချိန်မှာပဲ ကျွန်မဟာ မေမေ့ရဲ့ အိပ်ခန်းထဲဝင်ပြီး မေမေ့ဘီရိုကို မွှေနှောက် ဖြစ်ခဲ့တယ်။

အပေါ်ဆုံးအံဆွဲထဲက နူးညံ့ပြီး ထူးဆန်းတဲ့ အနံ့အသက်တွေနဲ့ မွှေးကြိုင်နေတဲ့ အဝတ်အစားတွေရဲ့ အောက်မှာ သစ်သားနဲ့လုပ်ထားတဲ့ ရတနာသေတ္တာ လေးကို တွေ့လိုက်ရတယ်။ ဘူးထဲက ရတနာ ပစ္စည်း တွေက ကျွန်မကို ညို့ငင်ဖမ်းစားခဲ့တယ်။ မေမေ့အချစ်



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဆုံး အဒေါ်တစ်ဦးက မေမေ့ဖို့ဆိုပြီး ပေးထားတဲ့ ပတ္တမြားလက်စွပ် တစ်ကွင်း၊ တစ်ချိန်တစ်ခါဆီက ကျွန်မရဲ့ ဘွားဘွားပိုင်ဆိုင်ဖူးတဲ့ ပုလဲနားကပ်တစ်ရံ၊ မေမေ့ကိုယ်ပိုင် လက်ထပ်ထိမ်းမြား လက်စွပ်ကိုတော့ မေမေဟာ ဖေဖေနဲ့အတူ မွေးမြူရေးခြံဆီ တောက်တို မယ်ရလေးတွေ ဆောင်ရွက်ပေးဖို့ လိုက်ပါသွားတဲ့အခါ အိမ်မှာ ထားတတ်လေ့ရှိတယ်။

ကျွန်မ အဲဒီ ရတနာပစ္စည်းတွေအားလုံးကို ဝတ်ကြည့်ပြီး ကျွန်မမေမေလို ချောမောလှပတဲ့ မိန်းမသား တစ်ဦးအနေနဲ့ ဒီလိုအဖိုးတန်လှတဲ့ ပစ္စည်းတွေ ဝတ်ဆင်ထားတာကို ပုံစံမျိုးစုံနဲ့ တစ်ခမ်းတနား တွေးကြည့်ခဲ့ဖူးတယ်။

နောက်တော့ အနီရောင် အဝတ်စလေးနဲ့ စည်းထားတဲ့ ပစ္စည်းတစ်ခုကို ကျွန်မ တွေ့လိုက်ရတယ်။ ကျွန်မ အဝတ်စလေးကို 'မ'ကြည့်လိုက်တော့ အောက်မှာရှိနေတဲ့ ဖန်ကွဲစဖြူဖြူလေးတစ်ခုကိုတွေ့ လိုက်ရတယ်။

ကျွန်မ ဖန်ကွဲစကလေးကို ကောက်ကိုင်လိုက်တယ်။ မေမေဟာ ဒီလိုအကွဲအစလေးတစ်ခုကို ဘာကြောင့်များ သိမ်းဆည်းထားရပါလိမ့်။ ဖန်ကွဲစလေးဟာ အလင်းရောင်အောက်မှာ တစ်လက်လက်ရှိနေပေမဲ့လည်း ဒီ့ထက်ပိုပြီး အဓိပ္ပာယ်ဖော်မရတဲ့အရာလေးပါပဲ။

အဲဒီနောက် လအတော်များများအကြာမှာ





ကျွန်မ ညစာစားကြဖို့ စားပွဲပြင်ဆင်နေတုန်း အိမ်နီးပါးချင်း မာဂျီရဲ့တံခါးခေါက်သံ ကြားလိုက်ရတယ်။ အဲဒီအချိန်က မေမေဟာ မီးဖိုမှာ အလုပ်ရှုပ်နေတယ်။ မာဂျီကို ဝင်လာဖို့ မေမေက အသံပေးလိုက်ပါတယ်။

မာဂျီက စားပွဲခုံကို ငဲ့စောင်းကြည့်ပြီး . . .

"အို သူတို့တတွေက အဖော်စောင့်နေတာကိုး။ နောက်ကျရင် ကျွန်မ အဖော်လာလုပ်ပေးမယ်"

"ဘယ်ဧည့်သည်မှ မမျှော်ပါဘူး"လို့ မေမေက ဖြေတယ်။

"ဒါနဲ့ ဒါတွေက ရှင့်ရဲ့ အကောင်းစား ကြွေထည်တွေမဟုတ်လား"လို့ မာဂျီကပြောရင်း "ကျွန်မတော့ ဒီလိုကွဲနိုင်ရှနိုင်တဲ့ဟာမျိုးတွေကို ကျွန်မ ကလေးတွေကို ပေးမကိုင်ရက်ပါဘူးရှင်။ ကလေးတွေက စိတ်မချဘူးလေ"လို့ ဆိုပါတယ်။

မေမေရယ်လိုက်ပါတယ်။ "ဒီကနေ့ညက တို့မိသားစုရဲ့ အကောင်းဆုံး ထမင်းစားဝိုင်းကြီးပဲလေ။ ဧည့်သည်တွေအတွက်ဆို အကောင်းဆုံးအခင်းအကျင်းတွေ၊ အထူးအစားအသောက်တွေ စီစဉ်ကြတယ်မဟုတ်လား။ ဒီလိုပဲပေါ့ ကိုယ့်မိသားစုကိုလည်း ဘာကြောင့် အကောင်းဆုံးဖြစ်အောင် မစီစဉ်ပေးနိုင်ရမှာလဲ"လို့ပါမေးတယ်။

"ဒါပေမဲ့ ရှင်တို့ရဲ့ ကြွေထည်ပစ္စည်းလေးတွေက လှလွန်းနေတော့"



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



"အင်း မှန်တာပေါ့ကွယ်။ တို့တတွေ ပန်းကန်အကွဲအရှလို ဟာလေးတွေနဲ့ ရောနှောပြီး စားသောက်ရတဲ့အခါ ပျော်သင့်သလောက် မပျော်ရွှင်ကြရဘူး မဟုတ်လား။ ဒါပေမဲ့ အကွဲအစအနလေးတွေဆိုတာ ဘာကြောင့် အဲဒီလို ကွဲခဲ့ရတယ်ဆိုတဲ့ ဒဏ္ဍာရီလေးတွေ ပြောပြနေတတ်တယ်ကွဲ့"မေမေက ပြောပါတယ်။

မေမေက ကြောင်အိမ်ဆီ လက်လှမ်းပြီးတော့ နှစ်ခြမ်းကွဲနေတဲ့ ပန်းကန်တစ်ချပ်ယူလာပြတယ်။

"ဒီပန်းကန် ကွဲတဲ့နေ့က မတ်ခ်ဆေးရုံကနေ ဆင်းပြီး အိမ်ပြန်ရောက်လာတဲ့နေ့ပေါ့"လို့ဆိုပြီး မေမေက စကားအဆုံးမသတ်သေးဘဲ "အဲဒီတုန်းက ဆူညံပြီးချမ်းစိမ့်လှတဲ့ နေ့လည်ခင်းလေး တစ်ခုပေါ့။ အဲဒီတုန်းက ဂျူဒီဟာ ၆နှစ် သမီးအရွယ်လေး။ သူလေးက ဒီအရွယ်ကလေးနဲ့ ကူညီတတ်တဲ့ စိတ်ထားမျိုးရှိတယ်။ ဒီပန်းကန်ချပ်ကို သယ်အသွားမှာပဲ ရေဆေးကြွေအင်တုံလေးထဲ လွတ်ကျပြီး နှစ်ခြမ်းကွဲသွားရတဲ့ အဖြစ်ကို ရောက်ခဲ့ရတာပေါ့"လို့ ဆိုတယ်။

"စဖြစ်ဖြစ်ချင်းတော့ တို့ အတော့ကို ဒေါသထွက်ခဲ့ရတယ်။ ဒါပေမဲ့ တို့ကိုယ်တို့ ဖြေနိုင်ခဲ့တယ်။ သူပြုမူလိုက်တဲ့ အပြုအမူတစ်ခုကို တို့အနေနဲ့ သည်းခံပေးလိုက်ခြင်းအားဖြင့် ပန်းကန်ကွဲတစ်ချပ်ကြောင့် ပျော်ရွှင်စရာ ထမင်းစားဝိုင်းတစ်ခုဟာ ပြောင်းလဲသွားစရာမရှိတော့ဘူးပေါ့"





မာဂျီ့အကြည့်ထဲမှာ သို့လော၊ သို့လော အတွေးတွေ ဖြတ်သန်းနေတယ်။ မေမေ ကြောင်အိမ်ဆီ ပြန်လျှောက်သွားရင်းက နောက်တစ်ချပ်ကို ဆွဲလာပြန်တယ်။ ပန်းကန်ကို ထောင်ပြရင်းက ပြောတယ်။

"ဒီမှာကြည့်၊ ပန်းကန်အနားစွန်းကွဲလေး တွေ့တယ်မဟုတ်လား။ တို့ ၁၇နှစ်သမီးအရွယ်တုန်းက ကွဲခဲ့တဲ့ ပန်းကန်လေ"

မေမေ့အသံက နူးညံ့ပြော့ပြောင်းလို့နေတယ်။ "ဆောင်းဦးရာသီ တစ်နေ့တုန်းက တို့အစ်ကိုတွေဟာ မြက်နှောင်းတွေကို နုတ်ဖို့အတွက် အကူအညီ တစ်ယောက်လိုနေတာနဲ့ လူရွယ်တစ်ယောက်ကို ငှားလိုက်ကြတယ်။ ငှားလိုက်တဲ့သူက ပိန်ပိန်သွယ်သွယ်။သန်မာကျစ်လျစ်တဲ့ လက်မောင်းတွေနဲ့ ထူထဲတဲ့ဆံပင်တွေ ရှိတယ်။ ပြီးတော့ သူ့မှာ အံ့ဩလောက်စရာရှိတဲ့ အပြုံးပိုင်ဆိုင်ထား တယ်။

"တို့ အစ်ကိုဖြစ်သူတွေလည်း သူ့ကို သဘောကျသွားပြီး တို့ရဲ့ ညစာဝိုင်းဆီ ခေါ်လာခဲ့တယ်။ တို့အစ်ကိုကြီးက အဲဒီလူရွယ်ကို တို့အနားမှာ ထိုင်ခိုင်းတယ်။ တို့မှာ ရှက်စိတ်တွေမွန်နေပြီး မူးမေ့မတတ် ခံစားခဲ့ရတယ်"

မေမေဟာ သူ့သမီးရဲ့ ရှေ့မှောက်မှာ အိမ်နီးချင်း မိန်းကလေးကို သူ့ကိုယ်ရေးကိုယ်တာအကြောင်း ပြောပြနေမိပါကလားလို့ ရုတ်တရက်သတိရသွားပုံ



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရတယ်။ မေမေ့မျက်နှာမှာ သွေးရောင်တွေ လျှမ်းတက်လာတာတွေ့ရပြီး စကားကိုတော့ ဆက်ပြောနေတယ်။

"အဲ၊ အဲဒီလိုနဲ့ အဲဒီလူရွယ်က သူ့ပန်းကန်ကို တို့ဆီလှမ်းပေးရင်း သူ့အတွက် ကူထည့်ပေးဖို့ ပြောတယ်။ ဒါပေမဲ့ တို့မှာ စိတ်တွေမွှန်ထူနေတဲ့ကြားကပဲ သူပေးတဲ့ပန်းကန်ကို လှမ်းယူမိသလို ဖြစ်သွားတယ်။ ဒါနဲ့ပဲ တို့လက်ထဲကနေချော်ကျပြီး အပူပေးထားတဲ့ ဟင်းအိုးကင်းပေါ်ကို ပန်းကန် လွတ်ကျသွားခဲ့ရတာပေါ့"

"ရှင့်အသံကို နားထောင်ရတာ အဲဒီ အဖြစ်အပျက်က မေ့ပျောက်ဖို့ တော်တော်ခက်ခဲမယ့်ပုံပဲ" မာဂျီက ကောက်ချက်ချတယ်။

"အို ဒီလောက်လည်း မဟုတ်ပါဘူး" မေမေက ဟန့်ပြော ပြောရင်းက "လူရွယ်က ထိုင်ခုံက ထလာတယ်။ ကွဲနေတဲ့ ပန်းကန်ကိုကောက်ကိုင်ရင်းနဲ့ တို့လက်ကို လှမ်းဆွဲပြီး တို့လက်ထဲ ထည့်ပေးတယ်။ စကားတော့ တစ်ခွန်းမှ မပြောဘူး၊ သူဟာပြုံးပြီးရင်း ပြုံးနေတာပဲ။

"အဲ၊ အဲဒီနေ့တစ်နေ့ပြီး နောက်တစ်နှစ်အကြာမှာ တို့သူနဲ့ လက်ထပ်ဖြစ်တယ်ဆိုပါတော့ကွယ်။အဲ . . တို့ ဒီကနေ့လို အချိန်အခါမှာ သူနဲ့ပတ်သက်ခဲ့တဲ့ ပန်းကန်အပဲ့လေးကို ပြန်ကြည့်မိတိုင်း သူနဲ့ဆုံဖူးတဲ့နေ့ တစ်နေ့ကို မြတ်မြတ်နိုးနိုးပဲ ပြန်ခံစား လိုက်ရတယ်"





မေမေဟာ ကျွန်မရဲ့ အကြည့်စူးစူးလေးကို မြင်သွားဟန်နဲ့ မျက်လုံးတစ်ဖက် လှမ်းမှိတ်ပြတယ်။ အဲဒီနောက်တော့ မေမေဟာ သူ့ပန်းကန်ချပ်လေးကို သတိလေးနဲ့ ပြန်ထည့်ပါတယ်။ အခြားပန်းကန်တွေရဲ့ နောက်ဖက်မှာ သီးခြားရှိတဲ့ပုံစံမျိုးနဲ့ပေါ့။

ကျွန်မကိုယ်နှိုက်ကလည်း ပန်းကန်အစွန်းပဲ့ကလေးရဲ့ ရာဇဝင်တစ်ခုကို ဘယ်တော့မှ မေ့နိုင်တော့မယ်မထင်ပါဘူး။ ကျွန်မ မေမေ့အခန်းထဲဝင်လာပြီး သစ်သားဘူးသေးသေးလေးကို ပြန်ကိုင်လိုက်တယ်။ အဲဒီအထဲမှာ အကွဲစလေး ရှိနေပါတယ်။

ကျွန်မ ပန်းကန်ကွဲစလေးကို စစ်ဆေးကြည့်ပါတယ်။ အဲဒီနောက် မီးဖိုဆောင်ထဲက ကြောင်အိမ်ဆီ ပြေးသွားပြီး ခုံတစ်လုံးကိုဆွဲ၊ အပေါ်တက်ရပ်၊ ကြောင်အိမ်ထဲက ပန်းကန်အပဲ့ကို လှမ်းယူလိုက်တယ်။အဲဒီလို အကွဲအစလေးကို မေမေကောင်းကောင်းမွန်မွန် ထိန်းသိမ်းထားတာဟာ ဖေဖေနဲ့ ပထမဦးဆုံး ဆုံဆည်းတဲ့ နေ့ကို မမေ့အောင်လို့ပဲဆိုတာ ကျွန်မယူဆနိုင်ပါပြီ။ ကျွန်မဟာ အဲဒီ အကွဲအစလေးကို ရတနာပစ္စည်းတွေ အကြားမှာ ဂရုတစိုက်ပဲ ပြန်ထားလိုက်တယ်။

အဲဒီလိုအကွဲအစလေးနဲ့ အစပြုလာတဲ့ အချစ်ဇာတ်လမ်းလေးတစ်ပုဒ်ဟာ အခုဆိုရင် ၅၄နှစ်တောင် ရှိလာခဲ့ပါပြီ။ သိပ်မကြာခင်လေးတုန်းက ကျွန်မ အစ်မတွေထဲက တစ်ယောက်ဟာ တစ်နေ့ကျရင် မေမေ့ရဲ့



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရွှေးဟောင်း ပတ္တမြားလက်စွပ်လေးဟာ သူ့အတွက်ပဲ ဖြစ်ပါရစေဆိုပြီး တောင်းတယ်။နောက်တစ်ယောက်က လည်း အဘွားရဲ့ပုလဲနားကပ်ဟာ သူ့အတွက်ဖြစ်ပါရစေတဲ့။

ကျွန်မအဖို့မှာတော့ မေမေ့ရဲ့ အချစ်သင်္ကေတ၊ အမြတ်အနိုးဆုံးသိမ်းဆည်းထားခဲ့တဲ့ အရာလေးကိုပဲ တန်ဖိုးထားဖြစ်ခဲ့တယ်။ အဲဒီ ပစ္စည်းလေးက မေမေ့ရဲ့ ဖန်ကွဲစလေးပါပဲရှင်။

♦♦



# ၁၄ ကြိမ်မြောက်နွေ

My Fourteenth Summer

By w.w. meade

ညနေခင်းတစ်ခုမှာ ကျွန်တော်ဟာ မီယာမီပရိုပလေရာ အားကစားရုံထဲက ဖလော်ရီဒါမာလင်းအသင်းနဲ့ နယူးယောက်အသင်းတို့ ကစားကြတဲ့ ဘေ့စ်ဘော ဘောလုံးပွဲကို ကြည့်ခဲ့တယ်။ ခုနစ်ချီမြောက်ပွဲ နားချိန်မှာ ကျွန်တော့်ရှေ့ ခုံတန်းမှာ ထိုင်နေကြတဲ့ ဆယ်ကျော်သက်အရွယ်ကောင်လေးနဲ့ သူ့ဖခင်ဖြစ်သူကို သတိထားမိတယ်။ ဖခင်ဖြစ်သူဟာ တစ်ချိန်က နယူးယောက်မက်တဲဘာသင်းမှာ ကစားဖူးသူဖြစ်တဲ့အကြောင်း သူဆောင်းထားတဲ့ ဦးထုပ်ကိုကြည့်ပြီး ခန့်မှန်းလို့ရတယ်။ ကောင်လေးကျတော့ အဝတ်အစားအရ ဖလော်ရီဒါမာလင်းအသင်းက ဖြစ်နေတာ သိနိုင်ဖြစ်ပါတယ်။

ကြည့်နေတုန်းမှာပဲ ဖခင်ဖြစ်သူက သားဖြစ်သူကို သူတို့အသင်းဖြစ်တဲ့ မာလင်းအသင်းကို ပုတ်ခတ်စကား စပြောလိုက်တာ တွေ့လိုက်ရတယ်။ သားက



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လည်း ဖခင်ကိုတို့ပြန်စကားပြောနေတာဟာ တစ်စ ထက်တစ်စ တင်းမာတဲ့အခြေအနေထိ ဖြစ်လာတယ်။ မာလင်းအသင်းပေါ် လုံးဝမျှော်လင့်လို့မရတဲ့အထိ ပြော လာတဲ့ နောက်ဆုံးစကားကြောင့် သားဖြစ်သူဟာ ဖခင် ဖြစ်သူဘက် လှည့်ပြီး လူပျိုပေါက်တို့ရဲ့ အသံပြဲပြဲနဲ့ "ကျွန်တော်အဖေ့ကို မုန်းတယ်"လို့ ဆိုတော့တယ်။ သူ့အသံကိုနားထောင်ရတာ ခါးသီးဆွေးမြေ့လာတဲ့ ခံစားချက်တွေကို နောက်ဆုံး ပါးစပ်ထဲမှာ မြိုမထားနိုင် တော့ဘဲ ထွေးထုတ်လိုက်တဲ့ ပုံစံပေါက်နေတယ်။ အဲဒီ နောက်ကောင်လေးဟာ လှေကားတစ်တွေ ထစ်ကျော် လျှောက်သွားရင်းကပဲ အမိုးရှိတဲ့ ပွဲကြည့်စင်ဘက်ကို ဆင်းလျှောက်သွားတာ မြင်လိုက်ရပါတော့တယ်။

သူ့ဖခင်ဟာ ခေါင်းလေးခါပြီး ကျန်ရစ်ခဲ့တယ်။ အဲဒီတစ်ဒင်္ဂမှာပဲ သူ့ခမျာ မတ်တပ်ရပ်သွားနေရင်း သူ ထိုင်နေတဲ့ ခုံတန်းကြားကနေ မသွားချင်သွားချင် ထွက် သွားတော့မယ့်ဟန် ပြလာတယ်။ သူ့မျက်နှာကို မြင်ရ တာ ခိုကိုးရာမဲ့ ဒေါသတစ်ခုပေါက်ဖွားနေသလိုပဲ ရှိလှ တယ်။ ကျွန်တော်နဲ့ မျက်လုံးချင်းဆုံမိတော့ "ဒီခေတ် ကလေးတွေပေါ့ဗျာ"လို့ သူက ဆိုလိုက်ပေမဲ့ အရာ ခပ်သိမ်းကို ပြောလိုက်သလို ရင်မှာခံစားလိုက်ရပါတယ်။

ကျွန်တော်စာနာမိပါတယ်။ ပြောမယ်ဆို ကျွန်တော်ကိုယ်တိုင် ဖခင်တစ်ယောက်ရဲ့နေရာကို ရောက်လာပြီဖြစ်တဲ့ အတွက်ပါပဲ။ ဒါပေမဲ့ သူ့ဖခင်ရဲ့





စိတ်ခံစားချက်ကိုကော သားဖြစ်သူရဲ့ခံစားချက်ကိုပါ တစ်ပြိုင်နက်တည်း မျှဝေခံစားကြည့်လို့ ရပါတယ်။ တစ်ချိန်က ကျွန်တော်ကိုယ်တိုင်လည်း ကောင်လေးရဲ့ နေရာမျိုးမှာ နေခဲ့ဖူးပါတယ်။ အဲဒီတုန်းကလည်း ကျွန် တော့်အပေါ် သိပ်ချစ်တဲ့ တစ်ဦးသောသူအပေါ်မှာ အထင်အမြင် လွဲမှားခဲ့မိတယ်။

ကျွန်တော့်အဖေဟာ အရပ်ဆရာဝန်တစ်ဦး ဖြစ်ပေမဲ့ အင်ဒီယားနားတောင်ပိုင်းအရပ်မှာ ကျွဲ၊ နွား၊ တိရစ္ဆာန်တွေ မွေးပါတယ်။ ဖေဖေက ဟီးရားဖို့ဒ်အရပ် မှာ ကြီးပြင်းလာတဲ့ မွေးမြူရေးသမားတစ်ဦးပါ။ ဖေဖေ့ ရဲ့မြေကွက်ကြီးကို သစ်သားတန်းတွေနဲ့ ဝန်းခတ်ထားပြီး သုံးနှစ်တစ်ကြိမ် ဆေးအဖြူတွေ အသစ်မွမ်းမံပြီး သုတ် လေ့ရှိတယ်။ ကျွန်တော်အသက် (၁၄)နှစ်ပြည့်လာတဲ့ နွေတစ်နေ့မှာတော့ ဆေးသုတ်ဖို့ တာဝန်ဟာ ကျွန်တော့် အပေါ် ကျရောက်လာပါတယ်။ ဇွန်လရဲ့ တစ်ရက်မှာ တော့ သိပ်ပြီးဆိုးလှတယ်လို့ မဆိုနိုင်တဲ့ သတင်းမျိုး ဖေဖေ့ဆီက သတင်းစကားကို ကြားလိုက်ရတယ်။ မွေးမြူရေးခြံကို ထပ်ချဲ့ကြမယ်ဆိုတဲ့ သတင်းပါပဲ။ ကျွန်တော့်ကို တန်းခတ်မယ့်ကိစ္စနဲ့ ပတ်သက်ပြီး တာဝန် ပေးဖို့ ဖေဖေက ဆုံးဖြတ်ချက်ချလိုက်တယ်။

တောင်ဖက်ယွန်းယွန်းက နွားစားကျက်မြက် ခင်းတွေရဲ့ အစွန်အဖျားမှာ ကျွန်တော်တို့နှစ်ယောက် ထိုင်ကြတယ်။ ဖေဖေဟာ စနစ်တကျတွေးပြီး သူ မကြာ



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ခဏ လုပ်လေ့ရှိတဲ့အတိုင်း သစ်တွေကို အပိုင်းပိုင်း ဖြတ်တယ်။ ပြီးတော့ သူ့ရဲ့ စတက်ဆန်အကျီကို ချွတ်ပြီးတော့ နဖူးကချွေးတွေကို သုတ်တယ်။ အဲဒီနောက်ကိုက် ၃၀၀အကွာက ပန်းဖြူပွင့်အဆိပ်ပင် တန်းတွေရှိနေတဲ့ ဘက်ကို ဖေဖေ လက်ညှိုးထိုးပြပါတယ်။

"ဒီဘက်ပိုင်းကနေ အဲဒီအထိ တို့ရဲ့ခြံကို ချဲ့ချင်တာပဲ သား"လို့ ဖေဖေကပြောရင်း"အနည်းဆုံးတွင်းပေါင်း ၁၁၀တော့ တူးရမှာပဲ။ တူးရွင်းသက်သက်နဲ့ တူးတာတောင် တစ်တွင်းကို ၃ပေကျ အနက်ဆိုရင် ၈ နာရီကနေ ၁၀နာရီထိ အချိန်ပေးပြီး တစ်နေ့တည်းနဲ့ အပြတ်တူးနိုင်မှဖြစ်မယ်"လို့ ဆိုတယ်။

အဲဒီအခါမှာတော့ ကျွန်တော်က လေသံမာမာနဲ့ တစ်ခြား အလုပ်တွေပါလုပ်ရဦးမှာ ဖြစ်တဲ့အတွက် ဒီလိုပြီးဖို့ဆိုတာ စိတ်ကူးနဲ့တောင် မလွယ်ဘူးလို့ ဘုတောလိုက်မိပါတယ်။ ပြီးတော့ လေသံပျော့လေးနဲ့ ဖေဖေ့ကို စကားတောက်ကြည့်တယ်။

"မြေတူးစက်ကို ဘာဖြစ်လို့ ကျွန်တော်တို့ မငှားနိုင်ရတာလဲဖေဖေ"

"အဲဒီစက်တွေကို သုံးရုံနဲ့ အလုပ်ရဲ့သဘောတရားကို သိလာနိုင်မှာမှ မဟုတ်ပဲကွဲ့။ တို့ရဲ့ အကာအရံတန်းကို တို့ရဲ့လက်နဲ့ ကိုယ်တိုင်ကိုယ်ကျလုပ်နိုင်မှ သဘောတရား တစ်ခုနှစ်ခုကို တို့ လက်တွေ့ရလာမှာ။ ဖေဖေက ပြောပြရင်း ကျွန်တော့်ကျောကို ပုတ်လိုက်ပါတယ်။





ကျွန်တော်ဟာ မကျေနပ်ချက်ကို မြိုမိတော့ မလိုရှိပြီးမှ ချုပ်တီးလိုက်ရပါတယ်။ ဖေဖေ့ရဲ့ လေသံထဲက 'တို့' ဆိုတဲ့ နှစ်ယောက် ကိုယ်စားပြုစကားကအထူးသဖြင့် ကျွန်တော့်ကို ရူးသွပ်အောင်လုပ်နေသလိုသလို ခံစားလိုက်ရတယ်။ "ဒီစီမံကိန်းကြီးက ဖေဖေ့စီမံကိန်းလေ။ ကျွန်တော်က အခစားတစ်ယောက်ပဲ"လို့ ပြောလိုက်မိပါတယ်။ ဖေဖေဟာ အလွန်အမင်း စိတ်ထိခိုက် ခံစားသွားရတဲ့ မျက်နှာနဲ့အတူ ခေါင်းခါရမ်းသွားတာ တွေ့မြင်လိုက်ရတယ်။ ပြီးတော့ သစ်တွေဖြတ်နေတဲ့ အလုပ်ကို ဖေဖေဆက်လုပ်နေတယ်။

ကျွန်တော်ဖေဖေ့အပေါ် စိတ်ရှုးပေါက်မိတဲ့အခါ ဖေဖေနဲ့ပတ်သက်လို့ ကျွန်တော်မြတ်နိုးခဲ့တဲ့ အရာတွေ အများအပြားရှိနေခဲ့ဖူးတာကို ပြန်သတိရအောင်ကြိုးစားယူရပါတယ်။ တစ်ခါက လူနာတစ်ယောက်အတွက် ဆရာဝန်လာပင့်တာနဲ့ ဖေဖေနဲ့အတူ လိုက်သွားခဲ့ဖူးတယ်။ မွေးမြူရေးလုပ်တဲ့ အမျိုးသမီးတစ်ဦးနေထိုင်မကောင်းဖြစ်နေတာကို ကုဖို့ရောက်သွားတဲ့ဖေဖေဟာ လူနာ့အိမ်ထဲက မဝင်ခင်မှာရော ထွက်ခါနီးမှာပါ ပြောတဲ့ စကားတစ်ခွန်းကတော့ "ကောင်းခါနီးပါပြီ"ဆိုတဲ့ စကားပါပဲ။ ပြီးတော့ ဖေဖေက လူနာရဲ့ လက်ကိုကိုင်ပြီး ပုံတို ပတ်စတွေတောင်မှ ပြောပြနေလိုက်သေး။ လူနာ အမျိုးသမီးဆီက ရယ်သံထွက်လာရုံတင်မကဘဲ အိပ်ရာပေါ်က ဆင်းလာတာကိုတောင် ဖေဖေတွေ့လိုက်ရတယ်။



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



“ဘယ်လိုကြောင့်လဲ မသိဘူးဆရာရယ်။ ကျွန်မလေ နေကောင်းသွားသလို ခံစားလာရတယ်”လို့ ဆိုပါတယ်။

ကျွန်တော်က လူနာနေ ကောင်းခါ နီးနေပြီ ဆိုတာကို ဖေဖေဘယ်လိုများသိနေတာလဲလို့ နောက်ကျမှ မေးကြည့်တယ်။ “ဖေဖေ ကြိုမသိခဲ့ဘူး သား” လို့ ဖြေပါ တယ်။ “ဒါပေမဲ့ လူနာကို စိတ်ဓာတ်ကျစရာ စကားတွေ အများကြီးပြောပေးမယ့်အစား အားပေး စကား လှိုင်လှိုင်သုံးတာဟာ သူတို့စိတ်နဲ့ သူတို့ ဘာသာ ကုစားပြီး ကောင်းလာတဲ့လက္ခဏာကို ပိုတွေ့လာနိုင်တယ်”

ဖေဖေက ခုလို ပြောပြလာတော့ ကျွန်တော့်ရင်မှာ မေးစရာစကားတစ်ခု ပေါ်ထွက်လာပါသည်။ ဖေဖေဟာ သူ့မိသားစုပေါ်မှာကျတော့ ဘာပြုလို့များ ဒီလိုအားပေးစကားတွေ မပြောခဲ့တာလဲလို့။ ဒါပေမဲ့ အဲဒီ စကားကို မပြောဖြစ်ဘဲ အတွေးတစ်ခုအနေနဲ့ သိမ်းထားတာ အကောင်းဆုံးပဲလို့ မှတ်ယူထားလိုက်ပါတယ်။

ကျွန်တော့်ဘာသာ ဆန္ဒရှိလာတဲ့အခါတိုင်းမှာ ကျွန်တော်တို့ရေကန်ထဲကို ရေသယ်ယူကျဖြစ်တဲ့ မြစ်ကြီးနံဘေးက မြစ်ကမ်းပေါက် သစ်ခေါက် ဖြူပင်ကြီး ဘက်ကို ထွက်သွားနေကျဖြစ်ပါတယ်။ အပင်လုံးကြီးဟာ မြေနဲ့တစ်ညီတည်း ခက်ရင်းခွလို ဖြာနေတာမို့ ကျွန်တော့ကျောပြင်ကို ပင်လုံးပေါ်မှာသပ်ရိုက်သလို





ချလှဲထားပြီး ခြေတွေကိုတော့ တစ်ဖက် အပင်ခွပေါ် တင်ထားပြီး နေလို့ရတယ်။ အဲဒီကနေ ကောင်းကင်ကို မော့ကြည့်နေတာမျိုး၊ ကျက်မှတ်နေတာမျိုး၊ ဒါမှမဟုတ် ဟန်လုပ်နေတာမျိုးတွေ ကျွန်တော်လုပ်တယ်။

အဲဒီနေ့မှာကျတော့ ကျွန်တော့် သစ်ပင်ဆီ သွားဖို့ အချိန်သိပ်မပေးနိုင်ခဲ့ဘူး။ တစ်ညနေ ဖေဖေနဲ့ ကျွန်တော် အဲဒီ သစ်ပင်အနီးက ဖြတ်အလာ ဖေဖေက ပြောပြောဆိုဆိုနဲ့ “သား ဟိုးခပ်ငယ်ငယ်တုန်းက ဒီ သစ်ပင်ထဲ ဝင်သွားဖူးတာကို အဖေအခုထိ အမှတ်ရနေတုန်းပဲ”လို့ ဆိုတယ်။

“မဝင်ခဲ့ဖူးပါဘူး”လို့ စိတ်ကောက်နေသလို အသံနဲ့ ပြန်ပြောမိတယ်။

ဖေဖေဟာ စူးရှတင်းမာတဲ့အကြည့်နဲ့ ဆတ်ခနဲလှည့်ကြည့်လိုက်ရင်း “သား ဘာတွေဖြစ်နေတာလဲ”လို့ မေးတယ်။

ကျွန်တော် ပြန်ဖြေလိုက်မိတဲ့ စကားကို ကျွန်တော့်ဘာသာ အံ့ဩသွားမိတယ်။ “ဖေဖေ ကျွန်တော့် အပေါ် ဘယ်နှကြိမ်များ သတိထားခဲ့ဖူးလို့လဲ” ကျွန်တော်က ဒါပဲပြောပြီး စပါးကျီဘက်ပြေးသွားမိပါတယ်။ စပါးကျီနဲ့ တွဲနေတဲ့အခန်းထဲမှာ ဝင်ထိုင်ပြီး မငိုမိအောင်လို့ စိတ်ကို ထိန်းထားရတယ်။

ဖေဖေဟာ တံခါးဖွင့်ဝင်လာပြီး ကျွန်တော့် မျက်နှာချင်းဆိုင်မှာ လာထိုင်တယ်။ အဆုံးမှာတော့



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဖေဖေရဲ့မမှိတ်မသုန်ကြည့်နေတဲ့ မျက်လုံးတွေကို ရင်ဆိုင်လိုက်ရတော့တာပေါ့။

“ကိုယ့်မိသားစုအတွက် ဆရာဝန်ဖြစ်လာရတဲ့ အတွေးမျိုးဘက်က မြင်မယ်ဆိုရင်တော့ မကောင်းဘူးပေါ့ သားရယ်”လို့ ဖေဖေက စကားအစချီတယ်။“ဒါပေမဲ့ ဖေဖေတွေးမိတယ်။ သားဟာ ချက်ချင်းလက်ငင်းကုစားမှ ဖြစ်တော့မယ့် အခြေအနေကို ရောက်နေပြီဆိုတာပဲ” ဖေဖေဟာ ရှေ့ကို ကိုယ်ကိုင်းလိုက်ပြီး “ကဲ၊ သားရဲ့အခြေအနေကို ဖေဖေပြောပြမယ်။ သားမှာ အရင်ကရှိနေကျဖြစ်တဲ့ ခံစားချက်ထက် ပိုထူးဆန်းတဲ့ ခံစားချက်တစ်မျိုး ဖြစ်နေတယ် ငါ့သား၊ အရင်လို ပုံမှန်အလုပ်မလုပ်တော့တဲ့ သဘောမျိုးပဲ။ သားရဲ့စိတ်ထဲမှာ သားကို ဘယ်သူကမှ သဘောမတွေ့ဘူးလို့ ခံစားနေရတယ်မဟုတ်လား။ ပြီးတော့ ဖေဖေက သားအပေါ်မှာ သိပ်ပြီး တင်းကျပ်လွန်းနေတယ်လို့ မြင်နေတယ်။ သားဘာကိုပဲလုပ်လုပ် ဖေဖေအသိအမှတ်မပြုဘူးလို့ ထင်နေမြင်နေတယ်။ ပြီးတော့ ဒီလောက် ငြီးငွေ့စရာကောင်းတဲ့ မိသားစုထဲမှာ ဘာကြောင့် လူလာဖြစ်ရပါလိမ့်လို့လည်း သားဘာသာကြိတ်ပြီး ခံစားနေရတယ် မဟုတ်လား”

ကျွန်တော့်အပေါ် ညစဉ်ညတိုင်းလှည့်စားဖြားယောင်းနေတဲ့ အတွေးစိတ်တစ်ခုကို ဖေဖေ သိနေတဲ့အတွက် ကျွန်တော့်မှာ မယုံနိုင်အောင် ဖြစ်နေမိတယ်။





“အဲဒီလို ဖြစ်လာရတဲ့ အကြောင်းကလည်း သားရဲ့ ခန္ဓာကိုယ်အနေအထား ပြောင်းလဲလာတဲ့ သဘောကြောင့်ပါပဲသား။ ဒါတွေဟာ သားရဲ့ စိတ်ခံစားချက်အပေါ်မှာပါ အပြောင်းအလဲ ဖြစ်စေတယ်။ သားရဲ့သွေးထဲကို ကျားသဘာဝ ဟော်မုန်းဓာတ်တွေ အများကြီး သက်ရောက်လာပြီလေ။ ပြီးတော့ အသက် (၁၄) နှစ်သားလေးသာ ရှိသေးတဲ့ သားတို့လို အရွယ်လေးတွေမှာ ကြုံလာသမျှကို ကိုင်တွယ်နိုင်တဲ့ အင်အားဆိုတာ ဒီကမ္ဘာပေါ်မှာ မပေါ်ထွန်းသေးဘူးကွဲ့”

ကျွန်တော်ဘာပြန်ဖြေရမှာမသိတော့ပါ။ ကျွန်တော် သိသမျှကတော့ ကျွန်တော့်အပေါ် ကြုံလာတဲ့ အကြောင်းအရင်းတစ်ခုအပေါ် မကျေမနပ် ဖြစ်မိတယ် ဆိုတာကိုပါပဲ။ လပေါင်းများစွာအထိ ကျွန်တော်ဟာ ဘာကိုပဲလုပ်လုပ် အဆင်ကို မပြေနိုင်သလို ဖြစ်နေခဲ့တယ်။ တကယ်မဟုတ်တဲ့ အကြောင်းတွေပေါ်မှာ လှုပ်လှုပ်ရှားရှားဖြစ်တတ်ပြီး အကြောင်းမဲ့ ဝမ်းနည်းပမ်းနည်း ဖြစ်နေတတ်တာမျိုးတွေ ဖြစ်နေတယ်။ ဒီအကြောင်းတွေကို ဖွင့်မပြောနိုင်လေလေ ရင်ထဲမှာ တကယ့်ကို အထီးကျန်ဆန်လာလေလေပဲလို့ ခံစားနေရတယ်။

“သားရဲ့ ခံစားချက်တွေကို အကူအညီပေးနိုင်တဲ့အရာဆိုတာ တစ်ခုပဲရှိတယ်။ အဲဒါက ဘာလဲဆိုတော့ အလုပ်ပဲသား။ အလုပ်ကို ပြင်းပြင်းထန်ထန်နဲ့ လုပ်ဖို့ပဲ”



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဖေဖေ့ဆီက အဲသလိုစကားမျိုး ကြားလာရတာနဲ့ တစ်ပြိုင်နက် ကျွန်တော့်စိတ်ထဲမှာ တမင်သက်သက် ကျွန်တော့်ကို အလုပ်ပိစေချင်လို့ ဖေဖေ ဉာဏ်ဆင်စကားဆိုတာလားလို့ သံသယဝင်ခဲ့မိတယ်။ ဒီစိတ်ဟာ ဒေါသတစ်ခု ရုတ်တရက်ပေါက်ဖွားစေလိုက်သလိုပဲ။ "သိပ်ကောင်းတာပေါ့" ကျွန်တော်ရဲ့ အသံက လုပ်ပြောတဲ့အသံ။ နည်းနည်း ရိုင်းပျမိသလို ဖြစ်သွားတယ်။ ပြီးတော့ ဝုန်းဒိုင်းဆိုပြီး ထွက်လာတဲ့စကားတွေ။

ဖေဖေကအလုပ်လုပ်ဖို့ပြောတယ်။ ကျွန်တော်က တကယ်လုပ်ပါတယ်။ မနက်တိုင်း တိုင်စိုက်ဖို့ တွင်းတွေကို တူးဆွခဲ့ရတာ ကျွန်တော့်လက်ဖဝါးတွေတောင် အသားမာလိုက်လာပြီ။

တစ်နေ့ မနက်မှာတော့ စပါးကျီရဲ့ခေါင်မိုးတွေ ဖာထေးဖို့ဖေဖေ့ကို ဝိုင်းကူရတယ်။ ကျွန်တော်နဲ့ ဖေဖေဟာ အသံမထွက်ဘဲ ကိုယ်စီလုပ်နေကြတယ်။ ဖေဖေက သူ လုပ်နေကျအတိုင်း သတိကလေးကိုထိန်းပြီး ဂရုတစိုက်နဲ့ လုပ်တယ်။ ဖေဖေ ဘယ်လိုခံစားနေရတယ်ဆိုတာကို ကျွန်တော်မှန်းဆပြီး ခံစားနိုင်ခဲ့ပါတယ်။ ဖေဖေ့စိတ်ထဲမှာ စပါးကျီရယ်၊ မွေးမြူရေး ခြံတစ်ခုလုံးရယ်. . . ဒါတွေပဲရှိနေတယ်။ အပြင်လောကရဲ့ အမြင်တွေကိုတော့ ဖေဖေမသိဘူးလို့ ကျွန်တော် အသေအချာ ယူဆပါတယ်။

ဒါတောင်မှ ဖေဖေက ကျွန်တော့်ကို စိုက်ကြည့်ပြီး ပြောတယ်။





"သားဟာ အထီးတည်းမဟုတ်ဘူးဆိုတာ သား သိနေရမယ်"

ကျွန်တော်အံ့အားသင့်ပြီး ဖေဖေ့ဆီ မော့ကြည့်မိတယ်။ ဖေဖေက ကျွန်တော့်အပေါ်ဘက်မှာ ဆောင့်ကြောင့်ထိုင်ပြီး ကတ္တရာပုံးကိုင်လို့။ "ဖေဖေက ကျွန်တော့် အတွေးတိုင်းကို ဘာလို့များ အပိုင်သိနေတာလဲ"

"သား စဉ်းစားကြည့်နိုင်တာပဲ။ သားရဲ့ ဖဝါးအောက်ကနေ စပါးကျီတစ်ခုလုံးကို မျဉ်းဆွဲပြီး ဝိုက်သွားကြည့်လိုက်။ အိမ်ကိုပတ်ပြီး မျဉ်းဆွဲလာချိန်မှာပဲ ကမ္ဘာကြီးမှာ ရှိနေကျဖြစ်တဲ့ သက်ရှိလေးတွေကို သားမြင်လာရမှာအမှန်ပဲကွ။ဒါကြောင့်သားဟာ တစ်ယောက်တည်း ဖြစ်မနေတော့ဘူး။ လောကမှာရှိတဲ့ လူတိုင်းကလည်း ဘယ်သူမှ အထီးတည်းဖြစ်မနေဘူး။

ကျွန်တော့်ဖေဖေ့ကို အံ့တုပြောမယ်လို့ ကြံမိသေးတယ်။ ဒါပေမဲ့ ဖေဖေ့စကားထဲမှာ သက်ရှိတွေနဲ့ မကင်းကွာခဲ့ရတဲ့ ကျွန်တော့် ဘဝအနေအထားကို မြင်တွေ့နိုင်တဲ့ စိတ်ကူးတစ်ခု ရလာတဲ့အတွက် ရင်ထဲမှာ ဖြေသာနိုင်ခဲ့ပြီး အတွေးတွေဟာ ငြိမ်သက်လာခဲ့ရပါတယ်။

နွေကာလတစ်ခုကို အလုပ်တွေနဲ့ ဖြတ်သန်းလာစဉ်အတွင်းမှာပဲ ကျွန်တော့်ပခုံးတွေ ကြီးထွားလာတာ စတင် သတိထားလာမိတယ်။ ကျွန်တော်ဟာ



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အလုပ်တွေကို ပိုမိုကောင်းမွန်အောင် အာရုံစိုက် လုပ်လာနိုင်ပြီး ပိုပြီးတော့လည်း အလုပ်တွင်လာခဲ့တယ်။ ကျွန်တော်ဟာ တွင်းတူးဆွရတဲ့အလုပ်ကို ရှုံမုန်းလှတယ်။ ဒါပေမဲ့ ဒီလိုလုပ်နေတဲ့အတွက် ရင်ထဲက အဖုအထုံးတစ်ခုကို ဖြေလျှော့လိုက်သလို ဖြစ်သွားတယ်။ ကျွန်တော့်ရဲ့စိတ်ဆိုးဒေါသတွေဟာ မြေကြီးထဲ လျှောစိတ့်ဝင်သွားသလို ပါပဲ။ ဆွေးမြည့်နေတဲ့ နာရီတွေကို ဖြတ်သန်းလာနိုင်သလိုမျိုး ဖြည်းဖြည်းချင်း ခံစားမိလာတယ်။

နွေကာလရဲ့ အဆုံးသတ်တစ်နေ့မှာတော့ ကျွန်တော့်ငယ်နုစဉ်ကာလများကတည်းက ရှိခဲ့တဲ့ အစိုင်အခဲ တော်တော်များကို ဆွဲနှုတ်ပစ်နိုင်လာပါတယ်။ အဲဒီနောက် ကျွန်တော့်ရဲ့သစ်ပင်မှာ သွားထိုင်ပြီး ဒီကမ္ဘာမြေမှာ ကျွန်တော့်ရဲ့ ကလေးဘဝကို နောက်ဆုံး စွန့်လွှတ်ဖို့အတွက် အလည်ရောက်သွားတဲ့ သဘောပါ။ ကျွန်တော့်ကိုယ် ဝင်ဆန့်မယ့် တွင်းတစ်တွင်းကို ရှစ်ပေအထိ ကျွန်တော် တူးဆွရဦးမယ်။ ကျွန်တော့် ခြေထောက်တွေ ဆန့်တန်းထားလိုက်တဲ့အချိန်မှာပဲ ကျွန်တော့်ခြေဖဝါးအောက်က ပင်စည်လုံးဟာ သန်မာမှုကင်းသလို ခံစားလိုက်ရတယ်။ ပုရွက်ဆိတ်တွေ ဝင်အောင်းခဲ့လို့ပဲလား၊ ဒါမှမဟုတ် နှစ်ကာလ အိုမင်းလာလို့ပဲလား။

ကျွန်တော် အားနဲ့တွန်းလိုက်တဲ့အခါ ပင်စည်လုံးဟာ မြေကြီးပေါ် လဲကျသွားတယ်။ အဲဒီနောက်





ကျွန်တော်ဟာ သစ်ပင်ကို ထင်းလုပ်ဖို့အတွက် ခွဲခြမ်းလိုက်တယ်။

ဝင်းခတ်ပြီးတဲ့ ညနေမှာ တောင်ပိုင်း မြက်စားကျက်နားမှာ ပေါ်ထွက်နေတဲ့ လိပ်သည်း ကျောက်ဖုံပေါ်မှာ ဖေဖေထိုင်နေတာ တွေ့လိုက်ရတယ်။ "မိုးရေမရတော့ရင် မြက်တွေ ဘယ်အထိခံပါ့မလဲလို့ ဖေဖေတွေးနေတာမို့လား" ကျွန်တော် ကမေးတယ်။

"ဟုတ်တယ်၊ဒါနဲ့ သားကရော ဘယ်အထိခံမယ်လို့ ထင်သလဲ"

"နောက်တစ်ပတ်အထိတော့ ကောင်းကောင်းခံပါသေးတယ်"

ဖေဖေ ကျွန်တော်ဘက်လှည့်လာပြီး စူးစူးနစ်နစ် ကြည့်တယ်။ ကျွန်တော့်ရဲ့ခန့်မှန်းထားမှုဟာ ဖေဖေအတွက် တကယ့်ကို အရေးပါနေပါရဲ့လား။ တကယ်တော့ ကျွန်တော်ဟာ မြက်ခင်းအကြောင်းကို ပြောချင်တာ သက်သက်မဟုတ်ပါဘူး။ ဖေဖေက ခဏအကြာမှာပဲ "သားပြောတာ မှန်နိုင်ပါတယ်" ဖေဖေက တို့ဆိုင်းသွားပြီး စကားပြန်ဆက်တယ် "တို့တတွေရဲ့ ခြံစည်းရိုးတန်းဖြစ်လာအောင် သားကောင်းကောင်း လုပ်ပေးနိုင်ခဲ့ပါတယ်"

"ကျေးဇူးပါပဲ"ဖေဖေ့ဆီက ဒီလို ကြိုက်နှစ်သက်ကြောင်း ကြားလိုက်ရတဲ့အတွက် နှလုံးပီတိဂွမ်းဆီထိသွားရသလိုပါပဲ။



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



"သားသိလောက်ပါပြီလေ" ဖေဖေက ဆက်ပြောတယ် "သားဟာ ယောကျ်ားရင့်မကြီး တစ်ယောက်တကယ်ပဲ ဖြစ်သွားပြီသား။ ဒါပေမဲ့ သားအရင်ကလေးဘဝတုန်းက ရှိခဲ့ဖူးတဲ့ ကြိုက်နှစ်သက်စရာတိုင်းကို ကိုယ်ဒီအသက်အရွယ်ရလာတာနဲ့ စွန့်ခွာသွားရမယ်ဆိုတဲ့ အစွဲကိုတော့ မထားပါနဲ့ကွယ်"

ဖေဖေ ကျွန်တော့်သစ်ပင် အကြောင်း တွေးနေပြီဆိုတာ ကျွန်တော်သိလိုက်တယ်။ ဖေဖေဟာ သူ့ရဲ့ဂျက်ကတ်အင်္ကျီအိတ်ထဲ လက်သွင်းတယ်။ လက်နှိုက်ထုတ်လာတဲ့အခါမှာတော့ ဖဲချပ်အရွယ်လောက်ရှိမယ့် သစ်သားပြားလေးတစ်ခု ပါလာတယ်။ "ဖေဖေ သားအတွက်လုပ်ထားတာလေ"လို့ ပြောလာပါတယ်။

ကျွန်တော့်ရဲ့ မြစ်နံဘေးက 'ဘက်ချ်'အပင်ရဲ့ သစ်ခေါက်ဖြူသားနဲ့ တွင်းထားတဲ့ ပုံလေးပါ။ ဖေဖေဟာ ရှည်မြင့်သန်မာတဲ့ သစ်ပင်ပုံစံကို "တို့ရဲ့သစ်ပင်"လို့ နာမည် ပေးထားပါတယ်။

ကျွန်တော်အားကစားရုံထဲက ထွက်လာတဲ့အချိန်မှာပဲ စောစောတုန်းက ရုံထဲမှာ တွေ့ခဲ့ရတဲ့ သားအဖ ကားရပ်ပတ်စ်ဆီ လျှောက်သွားနေတာ မြင်လိုက်ရတယ်။ သူ့အဖေလုပ်သူဟာ သူ့လက်ကို သားရဲ့ပခုံးပေါ် သက်တောင့်သက်သာပုံစံနဲ့ တင်လျှောက်နေတယ်။ သူတို့တတွေ ဘယ်လိုကဘယ်လို ငြိမ်းချမ်းမှု ရသွားခဲ့တာကို ကျွန်တော်မသိနိုင်ဘူး။ ဒါပေမဲ့ တန်ဖိုး





ရှိတဲ့ အသိတရား တစ်ခုခုပေါ်မှာ အခြေခံသွားနိုင်တဲ့အတွက်ပဲ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်သူတို့အနီးက ဖြတ်လာတဲ့အချိန်မှာပဲ ကျွန်တော့်အတိတ်ကို ပြန်လည်အမှတ်ရစေခဲ့တဲ့ သူတို့သားအဖကို ကျွန်တော့်ဦးထုပ်လေးကို ဘောက်ဆူးချတဲ့အနေနဲ့ ပေးကမ်းလိုက်ပါတယ်။

◆◆



စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

# တစ်ဘဝစာ သင်ခန်းစာ

Lesson of a Lifetime By Hans Christian Von Baeyer

ကျွန်တော့် အသက် ဆယ်နှစ်ပြည့်သည့် နွေတစ်ခုတွင် 'အယ့်လ်ပ်'တောင်တန်းရှိ အန်တီဟယ်လ်ဂါ့ထံသို့ အလည်ခရီးထွက်ဖြစ်သည်။ ကျွန်တော်၏ နေရပ်ဖြစ်သည့် ဆွီဇာလန်ပြည်နယ်၊ မြောက်ဘက် ဘေဆယ်ဘူတာရုံတွင် ဆိုက်ရောက်သည့် ရထားပေါ် တက်ခဲ့ပြီး အပြင်မှ ရွေ့လျားနေသော တောတောင်ရှုခင်းတွေနှင့် မြူတွင်းနိုးလှသည့် ပြူတင်းပေါက်အနီးတွင် ထိုင်လိုက်သည်။ မကြာမီမှာပင် ရထားကြီးသည် တောင်တန်းများအကြား ဖြတ်သန်းနေသည်။ ထိုနေရာတစ်ဝိုက်မှာတော့ မိုးအုပ်နေသော ကျောက်ကမ်းပါးမှ ကျဆင်းနေသည့် ရေတံခွန်များနှင့်အတူ စားကျက်မြက်ခင်းပေါ်မှာ ဆိတ်များ လှည့်လည်နေသည်ကို မြင်ရသည်။ သည်လိုနှင့်ပင်

မှူဝံစာအုပ်တိုက်

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အဆုံး၌ ကျွန်တော်တို့ မီးရထားသည် ဒိုင်ဆန်းတစ် ဆိုသော ကျွန်တော့် အန်တီနေထိုင်ရာ ရွာသို့ပေါက်ချလာသည်။ ထိုတစ်ဝိုက်မှာ နှင်းဦးထုပ်များဆောင်ထားသည့် တောင်ထွပ်တောင်ဖျားများသာ ဝန်းရံလျက်ရှိသည်။

ကျွန်တော်တို့ မိသားစုနှင့် အလွန်တရာ ဝေးလှမ်းလှသော အရပ်တစ်ပါးတွင် စွန့်စားကာနေရသည်နှင့်ပင် တူနေသေးတော့သည်။ သို့သော် ရံဖန်ရံခါများ၌ ကျွန်တော်သည် အထီးကျန်ဆန်သော ဝေဒနာမျိုး ခံစားရကာ အန်တီဟယ်လ်ဂါတို့၏ အိမ်အနီးမှ ရေခဲမြုပ်တို့ဖြစ်ပေါ်နေသည့် ချောင်းကလေးဆီသွားပြီး စိတ်ပျော်ရွှင်ချမ်းသာမှုများကို ရှာဖွေနေဖြစ်သည်။

တစ်နံနက်တွင် ကျွန်တော်သည် သစ်သားအချို့ကို စုဆောင်း၍ ရေလှည့်ရစ်ဘီးတစ်ခုကို ထုလုပ်နေမိသည်။ တက် ပြားများကိုတော့ ပျဉ်ခပ်ပါးပါးဖြင့် ပြုလုပ်၍ သံချောင်းများကို တိုင်၏ နံဘေးများမှာ ရိုက်သည်။ ထိပ်ဖျားအဆုံးတွင် စွတ်ကြောင်း အဝန်းအချိုင့်ပြုလုပ်၍ ဝိုင်ပုံစံထုထားသော သစ်ကိုင်းအကြားတွင် တပ်ဆင်လိုက်သည်။ ထိုကဲ့သို့ ဝိုင်ပုံစံသစ်ကိုင်းကို ရစ်ဘီး၏ တစ်ဖက်စီတွင် ထူထောင်ထားလိုက်ပါ၏။

ကျွန်တော်၏ ရေလှည့်ရစ်ဘီး ထူထားသောနေရာသည် ကန်တိမ်တိမ်ထဲသို့ ရေများစီးဆင်းနေရာ သဲတူးမြောင်း၏ အဆုံးပိုင်းတွင်ရှိသည်။ သို့သော်လက်ရှိအနေအထားအရ ရေတစ်သိမ့်သိမ့် စီးဆင်း နေ





သည်မှာ ပြဿနာအခက်အခဲတစ်ခုလို ရှိနေပါသည်။ ရေကအောက်သို့ တရဟောထိုးဆင်းသလို ရှိနေ၍ ရေလှည့်ရစ်ဘီးမှာ လည်ပတ်အားနည်းနေသောကြောင့် လှည့်၍ မရနိုင်အောင်ဖြစ်ရသည်။

ထိုအချိန်မှာပင် ကျောက်တုံးပေါ်တွင် မတ်တတ်လေးရှိနေသော သင်းအုပ်ဆရာကို လှမ်းမြင်လိုက်ရသည်။ သူသည် ရည်ရွယ်ချက်ပါသော မျက်လုံးများနှင့် ကြည့်နေပါသည်။ ထိုသို့ ဘွားခနဲ တွေ့လိုက်ရသောကြောင့် ကျွန်တော် အတော်ထိတ်လန့်သွားမိသည်။ သို့သော် သူသည် မည်းနက်ပေ့ဆိုသော ဝတ်စုံနှင့် ဦးပြည်းပြောင်အောင် ရိတ်သင်ထား ဦးခေါင်းနှင့်မို့ လုံးဝထိတ်လန့်သွားတာမျိုးတော့ မဖြစ်မိ။ သင်းအုပ်ဆရာ ဆိုသည်မှာ ရွာ၏တစ်စိတ်တစ်ဒေသတွင် ပါဝင်နေစမြဲ။ ရေများစီးဆင်းရာ ချောင်းတစ်ဖက် အကျော်တွင် ဒိုင်ဆင်းတစ်ရွာ၏ သာသနာပြုကျောင်းရှိသည်။ ဆွီဇာလန်နိုင်ငံရှိ စိန့်ဘီနီဒစ်တည်ထားခဲ့သော အေ. ဒီ ၅၂၉ ခုနှစ်လောက်က သာသနာပြုကျောင်းဟောင်းမျိုးဖြစ်သည်။

ကျွန်တော်က ဘဝင်ခပ်မြင့်မြင့် ချာတိတ်တစ်ယောက်ဖြစ်သောကြောင့် ဤသူစိမ်း သင်းအုပ်ဆရာရှေ့တွင် ကိုယ်စွမ်းကိုယ်စကို ထုတ်ပြချင်နေမိသည်။ အအေးဒဏ်ကို သွေးခဲမတတ်ခံစားနေရသောလက်ချောင်းများနှင့် ကျွန်တော်၏ ဆောက်လုပ်လက်စကိစ္စလေးကို ဆောက်လိုက်၊ ပြိုလိုက်နှင့် ဆက်လက်ပြု



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လုပ်နေမိသည်။ အဆုံးမှာတော့ သင်းအုပ်ဆရာက သံတူးမြောင်းရှိရာသို့ ဆင်းလျှောက် လာပါတော့သည်။ ရေစီးကြောင်းကို ထိတွေ့ထားရင်း ဆောင့်ကြောင့်ထိုင်နေ၏။ ထို့နောက် လွန်စွာစိတ်ရှည်သော ပုံစံဖြင့် ကျောက်ခဲများ၊ သဲများနှင့်အတူ ရေကာတာတစ်ခုကို တည်ဆောက်နေပြန်လေသည်။ ထို့နောက် ချောင်းထဲမှာ ရေလှည့်ရစ်ဘီး လည်ပတ်နေစေရန်ပါ ဆက်လက်၍ပြုလုပ်ပြန်သည်။

သို့တိုင် ဘီးမှာမလည်နိုင်ဘဲ ဆီးတားခံနေရသလိုရှိသည်။ ရဟန်းက အတန်ငယ် မျက်မှောင်ကြုံ့သွားရင်း အိတ်ထဲက အထုပ်ကလေးတစ်ခုကို ထုတ်လိုက်ပြီး အရောင်တစ်လက်လက်ရှိနေသော အပြာရောင် ဓါးသေးသေးလေးတစ်လက်ကို ထုတ်ယူလိုက်သည်။ ယင်းဓါးသေးသေးလေးသည် ကျွန်တော့် တစ်သက် ဒီတစ်ခါသာမြင်ဖူးသော အံ့ဩလောက်စရာ အရာဝတ္ထုလေး ဖြစ်နေသည်။

တဖျတ်ဖျတ်လက်နေသော မျက်လုံးများနှင့်အတူ ခေါက်ဓါးလေးကို ပြန်ဆန့်ထုတ်လိုက်ပါသည်။ ဓါးလေးက အပြားကြီးသော်ကြောင့် ဝင်ရိုးအတွင်းမှ စွတ်ကြောင်းများကို ကောင်းစွာပင် ချေမွတ်စေသည်။ ထို့နောက် ဘီးကလေးကို 'ဝိုင်'ပုံစံတုတ်ကိုင်း အပေါ်လေးအတွင်း ပြန်တပ်လိုက်သည်။ သို့နှင့်ပင် ရေတံခွန်သဖွယ်ကျဆင်းနေသော ရေစီးကြောင်းအလယ်တွင် ရေလှည့်





ရစ်ဘီးလေးမှာ သာယာနာပျော်ဘွယ်ရာသော အသံများနှင့်အတူ လှည့်လည်လာရာမှ ရေများလွင့်ပျံတက်နေပါတော့သည်။ ရေသံများကို သံစဉ်နာရီ ကဲ့သို့ မှန်မှန်လေးကြားနေရသည်။

ကျွန်တော်တို့ နှစ်ဦးရေထဲက တက်လာပြီးနောက်ဝယ် ကျွန်တော်သည် ကျောင်းသားလူငယ်များ၏ ဖက်ရှင်ပုံစံဖြင့် ဦးခေါင်းကိုညွတ်ရင်း သင်းအုပ်ဆရာ၏လက်ကို ဆွဲနှုတ်ဆက်လိုက်ရာမှ အခုလို ကူညီသည်ကို ကျေးဇူးတင်ကြောင်းပြောလိုက်သည်။

"ကျုပ်က အပျော်ဝင်လုပ် တာပါ"ဟု သင်းအုပ်ဆရာကပြောရင်း "ဒါထက် သူငယ့်နာမည် ဘယ်လိုခေါ်သလဲ။ ကျုပ်နာမည်က ပေတာတီးတပ်စ်ပါကွယ်"

ကျွန်တော်တို့ နှစ်ဦးသား ရေလှည့်ရစ်ဘီးအကြောင်း အတန်ကြာပြောမိကြသည်။ ထို့နောက် သင်းအုပ်ဆရာတော်က ကျွန်တော့်အား သူ သီတင်းသုံးရာ ဒိုင်ထင်းတတ်ရှိ ကျောင်းဆောင်သို့ ခေါ်ဆောင်လာသည်။ ယခုတော့ စွန့်စားလာရသူလို ဖြစ်နေသည်။ ဗရင်ဂျီဘာသာဆန့်ကျင်သူ ကလေးသူငယ်တစ်ဦးက ရုတ်တရက် မျက်လှည့်ပြသလို ဘွားခနဲ ပေါ်ထွက်လာသော ဗရင်ဂျီကျောင်းတစ်ခုသို့ ရောက်နေရသလိုခံစားလိုက်ရသည်။ မှောင်မိုက်သော စင်္ကြန်များနှင့် အေးစိမ့်သော ဝတ်ပြုဆောင်များအတွင်း ခြေချနေရသည်။ ကျွန်တော်သည် တိတ်ဆိတ်မှုသဘောကို ဆောင်နေသော



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အတွေးများအကြား၌ ဆယ်နှစ်အရွယ် ချာတိတ်သူငယ်တို့၏ အတွေးစေစားမှုမျိုးနှင့်အတူ တိတ်ဆိတ်စွာ၊ အသက်ရှုကျပ်စွာ ရင်ဖိုနေမိသည်။

သို့သော် သင်းအုပ်ဆရာ၏ မိတ်ဆွေဆန်သော သွင်ပြင်၊ လက်သမားဆရာတစ်ဦးကဲ့သို့ ရွှေဘော်စားနိုင်သော သဏ္ဍာန်၊ ရေကာတာကို အင်ဂျင်နီယာတစ်ယောက်ကဲ့သို့ တည်ဆောက်ပြနိုင်ခြင်းများသည် ကျွန်တော့်စိတ်ကို အတန်ငယ်သက်သာမှု ပေးသည်။ ထို့ကြောင့် ကျွန်တော်က သူ၏ ဖိတ်ခေါ်မှုကို လက်ခံလိုက်ခြင်း ဖြစ်ပါသည်။

ထို တစ်မနက်သည် ယခုအခါ အနှစ် ၄၀ ကျော်လာပြီဖြစ်၍ ထိုစဉ်က အကြောင်းတွေအပေါ် ကောင်းစွာပြန်လည် မမှတ်မိနိုင်ဘဲ ဖြစ်နေသည်။ ကျွန်တော်တို့ နှစ်ဦးသား ကျောင်းဆောင်အတွင်းရှိ သစ်သားတံခါးရှည်တစ်ခုက ဖြတ်ထွက်၍ ကျောက်စရစ်ခဲလမ်းတစ်ခုဆီသို့ ရောက်ခဲ့ကြသည်။ ထိုကျောင်း၏ ဘယ်ဖက်တွင် ဘုရားရှိခိုးကျောင်းရှိသည်။ အပေါ်မှအုပ်မိုးနေသော ပြသာဒ်နှစ်ခုသည် လူတွေအနေနှင့် ဆောက်လုပ်ရန် မလွယ်လှလက်ရာများဖြစ်သည်။ ထိုမှ တည့်တည့်တွင် ကျောင်းအိပ်ကျောင်းစား အဆောင်ရှိသည်။ ရှည်လျားခိုင်ခန့်၍ တိတ်ဆိတ်မှု သဘောကို ဆောင်နေသည်။ ကျွန်တော်တို့သည် ကျယ်ပြန့်သည့် နှမ်းဖတ်ကျောက်လှေကားမှ တစ်ဆင့်တက်ကြသည်။ ထို





ကျောက်သားများသည် သာသနာပြုဆရာ အဆက်ဆက်၏ နင်းဖြတ်မှုကြောင့် ပွန်းကာ ဖြူဖွေးနေသည်။ ဟောခန်းမဝင်လမ်းများရှိ ရှေးပြတင်းများနှင့် စီတန်းစွာရှိနေသော တံခါးများကို လျှို့ဝှက်တပ်ဆင်ထားသော မီးများမှ မီးအလင်းရောင်ပြန်များ ထင်ဟပ်လျက် ရှိနေသည်။

အဆုံး၌ သင်းအုပ်ဆရာ ပေတာတီးတပ်စ်၏ အခန်းသို့ရောက်သည်။ သူ တံခါးဖွင့်လိုက်သောအခါတွင် ကျွန်တော်သည် မြင်တွေ့ရသမျှကို ရင်သပ်ရှုမောဖြစ်နေမိသည်။ ပေါင်းမိုး မီးဖိုတစ်ခုရှိနေသော ထိုအခန်းသည် ကျယ်၍ နေရောင်များက ဖြန့်ကျက်နေသည်။ စာအုပ်စင်များသည် မျက်နှာကျက်ထိပ်ထိ မြင့်မားစွာရှိနေသည်။ ကျဉ်းမြောင်းသော အိပ်ရာထက်မှာတော့ စောင်တစ်ထည် ဖြန့်လွှားထားသည်။ ဝတ်ပြုဆောင်တွင် လက်ဝါးကပ်တိုင်တစ်ခု ရှိနေပြီး အမွှေးတိုင်ရနံ့များရနေ၍သာ ကျောင်းတစ်ကျောင်းပါလားဟု ထင်မှတ်နေရသည်။

ကျွန်တော့်အား နှုတ်ဆွံ့နှုတ်အ,ဖြစ်သွားစေသောအရာများကလည်း သူ၏အခန်းထဲမှာ ရှိနေပြန်၏။ သင်းအုပ်ဆရာ ပေတာဘီးတပ်စ်သည် စန္ဒရားတီးခုံတစ်ခုံသာမဟဲ နှစ်ခုံရှိနေသည်ကို တွေ့ရ၏။ "ကျုပ်ကဂီတကို မြတ်နိုးတယ်"ဟု ရှင်းပြသည်။ "ဒါပေမဲ့ ဒီနေရာဆိုတာ တိတ်ဆိတ်ငြိမ်သက်ရမယ်ဆိုတဲ့ ဥပဒေ



စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အောက်မှာ ရှိနေတယ်လေ။ ဒါကြောင့် ဒီလို အထူးစီမံထားတဲ့ တူရိယာဆောင်ထားရတာ”

သူက စန္ဒရားတီးခုံ တစ်ခုဆီရောက်သွားသည်။ “ဒီဟာက လျှပ်စစ်စန္ဒရားလေ၊ အသံကို လျှော့ချထားပြီးတော့ ကျုပ်လေ့ကျင့်ချင်သလောက် လေ့ကျင့်လို့ရတယ်”ဟု သူကဆိုရင်း ထိုင်လိုက်ရာမှ တီးလုံးကို တီးပြသည်။ အသံက ထွက်နေသည် ဆိုရုံလေးသာ။ ထို့ကြောင့်ပင်လားမသိ တီးလုံးများမှာ အဝေးတစ်နေရာဆီက ပေါ်လာသော ကောင်းကင်တမန် တို့၏ အသံများလိုပင်။

နေ့လည် ခေါင်းလောင်းထိုးသံ မြည်လာ၍ သင်းအုပ်ဆရာ ပေတာတီးရပ်စ်သည် သာသနာ့ဝင်တို့၏ ကျင့်ဝတ်ဆောင်တာများကို သွားရောက်ပြုလုပ်သည်။ သူသည် မနက်ကို ခရီးယာယီထွက်စရာရှိနေ၏။ ကျွန်တော့်ကို လာရောက်တွေ့ဆုံဦးမယ်ဟု ကတိပြုသွားပါသည်။ ထိုနေ့မှာပင် ကျွန်တော်တို့ နှစ်ယောက်သည် အဆွေခင်ပွန်းအဖြစ်သို့ လျင်မြန်စွာ ရောက်ရှိသွားကြသည်။ သူက ပညာတော်သင်ဘွဲ့ရပြီး သူတစ်ယောက်ဖြစ်၍ ဂီတပညာရပ်သည်လည်း သူသင်ကြားထားသည့် ဘာသာရပ်ထဲမှာ တစ်ခုအပါအဝင်ဖြစ်ကြောင်း ရှင်းပြသည်။ သူသည် ရောမဘာသာရပ်တွင် အထူးကျွမ်းကျင်သူဖြစ်သည်။ ထိုဘာသာရပ်မှာ ဆွီဇာလန်နိုင်ငံ၏ စတုတ္ထမြောက်ဘာသာရပ်များဖြစ်သည့် ဂျာမန်၊ ပြင်သစ်





နှင့် အီတာလျံဘာသာရပ်တို့ သင်ကြားပြီးနောက် နောက်ဆုံးပေါ်လာသည့် ဘာသာရပ်ဖြစ်သည်။ သူသည် ရောမဘာသာရပ်ကို ညဥ့်နက်သည်အထိ ကြိုးစားပမ်းစား လေ့လာနေလေ့ရှိသည်။ သူသည် ရှေးဟောင်း စာပေကျမ်းဂန်လာများထဲမှာပင် အသံထွက်ပုံတစ်ခု၏ မူလဇာစ်မြစ်နောက်လိုက် ရှာနေတတ်သည်။ သူ၏ ဆက်လက်လေ့လာဆည်းပူးနေမှုသည်မှာ သူ့ဘဝ တာဝန်တစ်ခုလိုပင်။

သို့သော် သူ၏ ပထမဦးဆုံးအချစ်မှာ ဂီတပင်ဖြစ်သည်။ သူ့မှာ ထူးခြားသော စီမံကိန်းအဖြစ် ပါဝင်နေသည့် စိတ်ဝင်စားမှုနှစ်ခုရှိနေသည်ကို သူနှင့် စကားပြောရင်း သိလာရသည်။ တစ်ခုက ရောမဘာသာရပ်ထဲမှာ လက်တင်ဘုရားရှိခိုးမှုများ ပေါင်းစပ်၍ တီးလုံးသံစဉ်များသွင်းရန်ဖြစ်ပြီး နောက်တစ်ခုက သင်းအုပ်ကိုယ်တော်ကြီး၏ ဝတ်ပြုခန်းမှာပင် ဖျော်ဖြေမှုကို နှစ်ပတ်တိတိပြုရန်တို့ပင် ဖြစ်သည်။ ထိုပွဲသို့ ကျွန်တော် တက်မည်လားဟု မေးပါသည်။

ကျွန်တော်က ကျွန်တော့် အန်တီအား မေးကြည့်ဦးမည်ဟု အကြောင်းပြန်လိုက်သည်။ အန်တီက စိတ်နှလုံး ခြောက်ခြားဟန်ပြသည်။ ထို့နောက်ကျွန်တော်တို့နှစ်ယောက် အကောင်းဆုံးအဝတ်အစားများ ဝတ်ဆင်လျက် ထွက်လာကြ၏။

ထိုဖျော်ဖြေကျင်းပမှုသည် အသားနားဆုံးနှင့်



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အကြီးအကျယ်ဆုံးဖြစ်ပါလိမ့်မည်။ ထိုနယ်ပယ်မှ ဘိရှော့ဂိုဏ်းအုပ်သည် ဖျော်ဖြေမှုပေးရန် ခရီးဝေးမှ ရောက်လာသည်။ သင်းအုပ်များ၊ နောက်လိုက်များကလည်း တောက်ပြောင်ဝင်းလက်သည့် အဝတ်အစားများဖြင့် ကြွလာကြသည်။ ဝင်ပေါက်အနီးအနားမှ ရုပ်ပုံများရေးဆွဲထားရာ နေရာတွင် စုရုံးပြီးနောက် ရှေးဟောင်းတေးတစ်ပုဒ်ကို သံပြိုင် ညည်းကြသဖြင့် သင်းအုပ်ပေတာတီးရပ်စ်အဖို့ ကယ်တင်ခံလိုက်ရ သလိုရှိသည်။ ကျွန်တော်ကလည်း သီချင်းကို ဂျာမန်ဘာသာ ပြန်ပေးထားသော စာရွက်ကိုင်ပြီး လိုက်ပါရွတ်သည်။

နွေ၏ နောက်ပိုင်းတစ်နေ့တွင် ကျွန်တော်တို့ နှစ်ဦးသားတောင်ကြားထဲ လမ်းလျှောက်နေရင်းနှင့် ကျွန်တော်က သူ့နာမည် အဓိပ္ပာယ်အမှန်နှင့် ပတ်သက်၍ မေးကြည့်သည်။ ပွဲကျင်းပပေးသူအနေဖြင့် သူ့ကို ပေတာ သို့မှမဟုတ်၊ ဖာသာအဖြစ် မှည့်ခေါ် လာသည်မှာ လက်တင်ဘာသာအားဖြင့် 'ပျော်ရွှင်မှု'ဟု အဓိပ္ပာယ်ရကြောင်း သိရသည်။ ထိုအမည်ရွေးချယ်မှုသည် မည်မျှပြည့်စုံလိုက်ပါသလဲ။ ထိုသူသည် စိတ်ငြိမ်းချမ်းမှုရနေသူမျိုး အလားရှိသည်မှာ အမှန်ပါပင်။

သူနှင့်မခွဲမခွာ ဆောင်ထားသော ပစ္စည်းကို ကျွန်တော့်အား လက်ဆောင်အဖြစ်ပေးသည်။ ကျွန်တော်မြတ်နိုးသော လက်ကိုင်အပြာ နှင့်ခါးလေးပင် ဖြစ်သည်။ ကျွန်တော်က ခါးလေးကို ဘောင်းဘီအိတ်ထဲ





သွင်းထားလိုက်ရင်း ကျွန်တော်တို့ ပထမဦးဆုံး စတင်ဆုံခဲ့သော ချောင်းဖက်ပြေးသွားမိပါ၏။ ထိုမှအစပြု၍ သင်းအုပ်ကိုယ်တော် ပေတာတီးတပ်စ်အား မတွေ့ရတော့ပါ။

ထိုအရာလေးသည် အိမ်အပြန်တွင် မြတ်နိုးစရာ အဖိုးတန်ပစ္စည်းလေးအဖြစ်ပါလာ၏။ ကလေးတစ်ယောက်၏ အိတ်တွင်ပင် ဖြစ်နေလင့်ကစား သံသရာဆုံးတိုင် ကျန်နေဦးမည့် အရာကလေးပင် ဖြစ်သည်။ နောက်ဆုံးကွင်းဆက်လေးအဖြစ် ရှိနေသည့် အထူးမိတ်ဆွေတစ်ယောက် ဆုံးရှုံးလိုက်ရပြီ ဆိုတာတောင် ကျွန်တော် သတိမပြုမိဘဲ ဖြစ်နေသည်။

ပေတာတီးတပ်စ်ဆိုသော သင်းအုပ်ဆရာသည် အလွန်အရေးကြီးလှသော လက်ဆောင်မွန် အဖြစ် အဖိုးတန်သော ဘဝသင်ခန်းစာ တစ်ခု ကျွန် တော့်အား ပေးသွားမှန်း နောင်အတော်ကြာလာ သည့် အခါမှပင် သိလာရသည်။ ရေလှည့်ရစ်ဘီးကို အောက် ခြေတွင် စိတ်ရှည်လက်ရှည်နှင့် ကျကျနန တပ်ဆင်ပြသသွားသော ထိုသင်းအုပ်ဆရာ၏ အပြုအမူ၊ ပြီးတော့ သင်းအုပ်တို့၏ ဝိနည်းပေါ် ကောင်းမွန်နာခံခဲ့သော သူ၏ ပညာအလင်းရောင်တို့အပြင် သူ၏လမ်းကြောင်းဆီ ကျရောက်လာသော အလုပ်ဟူသရွေ့ လုပ်ပြတတ်ခြင်း များတို့သည် ကျွန်တော့်ကိုပေးခဲ့သော သင်ခန်းစာများ ပင်ဖြစ်သည်။ သူသည် ကြိုတင်ခန့်မှန်း၍ မရသော



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

ထွက်ပေါက်လမ်းတို့အပေါ် မတိုက်ခိုက်သလို ၎င်းတို့၏ တိုက်ခိုက်မှုကိုလည်း ခံတတ်သူမျိုးမဟုတ်။ သူ့တွင် အောင်မြင်မှုတို့ကို ရယူနိုင်စွမ်းသည့် ထူးခြားသည့် ဉာဏ်၊ တုပနိုင်မှုများ ရှိနေသည်။

ကြံဖန်ပြုလုပ်နိုင်စွမ်းသော အရည်အချင်းတို့နှင့်အတူ လျှပ်စစ်စန္ဒရားတစ်ခုက သူ့ဘဝအစိတ်အပိုင်းတစ်ခုအဖြစ် ပါရှိလာသည်။ သူသည် သာသနာပြုတို့၏ တင်းကျပ်သော စည်းမျဉ်းကိုလက်ခံနာယူလျက် ထိုဘောင်ထဲမှပင် နည်းလမ်းကို ကူးယူကာ သူ့ဘဝကို အသက်ထက်ဆုံးအထိ နေထိုင်သွားမည့်သူဖြစ်သည်။ ရေလှည့်ရစ်ဘီးကဲ့သို့ ဖရိုဖရဲရှိနေသော အကြောင်းထဲမှ နည်း စနစ်မှန်စွာ ပုံစံဆွဲယူနိုင်လာခြင်းသည် တိတ်ဆိတ်နေသည့် ပင်လယ်ထဲမှတစ်ဆင့် ဂီတသံ ထုတ်လုပ်နိုင်လိုက်သလိုပင်။

သူ၏ 'ပျော်ရွှင်မှု' ဆိုသည့် အဓိပ္ပာယ်သည် ထိုသို့ ပုံစံစိတ်ကူးချထားခြင်း အကြောင်းနှင့်ပတ်သက်၍ တစ်စိတ်တစ်ပိုင်းစာလောက်သာ အကျုံးဝင်လိမ့်မည်။ သူရွေးချယ်သော အကြောင်းတို့သည်သာ သူ့အတွက် ပြန်လည်တုံ့ပြန်လာနိုင်သော ပျော်ရွှင်မှု ဖြစ်လိမ့်မည်။ သူသည် နွေကာလတစ်လျှောက်လုံး ပြောသလို လုပ်ပြသွားသူဖြစ်သည်။ ပြီးတော့ ကျွန်တော့်အား လူဆိုသည်မှာ ကိုယ့်ကံကြမ္မာကို ဖန်တီးသည့်ဗိသုကာဖြစ်ကြောင်း၊ ကျွန်တော်တို့၏ ပျော်ရွှင်မှုဆိုသည်မှာ အဆုံး၌ ကျွန်





တော့် မိတ်ဆွေ သင်းအုပ်ဆရာ၏ ဆောင်ရွက်မှုမျိုး၌သာ အခြေပြုနေကြောင်း သူက သင်ကြားပေးခဲ့သည် မဟုတ်ပါလား။

◆ ◆



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

# ရတနာကျွန်း

Treasured Island By Ciare Boyd-Macrae

"ဆိုင်တွေမှာ ဝယ်လို့မရနိုင်တဲ့
အဖိုးတန်ဆုံးလက်ဆောင်တွေကို ကလေးတွေအတွက်
ကျွန်မတို့ကပေးနိုင်ပါတယ်"

အီစတာပွဲတော်လကို ရောက်တိုင်းမှာ ကျွန်မတို့ မိသားစုနဲ့ အပေါင်းအသင်းတွေဟာ သြစတြေးလျနိုင်ငံ ဗီတိုရိယ ကျွန်းအနီးက ကမ်းခြေဆီကို အပမ်းဖြေ ယာယီ ခရီးထွက်လေ့ရှိပါတယ်။ အဲဒီခရီးဟာ မြို့ကနေ ထွက်ရင် ၆နာရီကြာမှ ရောက်တယ်။ ခရီးတစ်လမ်းကြောင်းက ကီလိုမီတာ၂၀အထိ ရှည်လျားပေမဲ့ ပန်းတိုင်မဆိုက်ရောက်ခင်မှာ ထွန့်ထွန့်လူးမတတ် ခံစားရလေ့ရှိတဲ့ အကြောင်းတွေနဲ့အတူ ကားကို ညဏ်လွှာသုံးပြီး မောင်းရတယ်။ တောင်တက်ကျောက်စရစ်ခင်းကားလမ်းဟာ တစ်လမ်းသွားသာသာပဲ ရှိပါတယ်။ တစ်ဖက်မှာ ဇောက်ထိုးပစ်ကျနိုင်တဲ့ ချောက်ပဲရှိတယ်။

ရွှေဝံစာအုပ်တိုက်

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တကယ်လို့ တခြားကား တစ်စီးစီးနဲ့ ဆုံမိတဲ့အခါကျရင် ပရိယာယ်ကိုကောင်းကောင်းသုံးပြီး မောင်းတတ်ဖို့ လိုလာတယ်။

ကျွန်မတို့တတွေ အဲဒီလမ်းကနေ ကားနေရာယူပြီးဆိုတာနဲ့ အသက်ရှူကျပ်မတတ် ဟိုးအောက်ဖက်ဆီက မြစ်ကြီးကို တစေ့တစ်စောင်း မြင်ရလေ့ရှိပါတယ်။ ဆီးရုံထားတဲ့ တောင်ထိပ်တွေရဲ့အကြား လေတိုက်ရာနေရာမှာ အဲဒီအရပ်ဒေသမှာ ပေါက်လေ့ရှိတဲ့ ထင်းရှူးပင်တွေ ပြောက်တိပြောက်ကြားနဲ့ ရှိနေပါတယ်။ဖြူလွလွ မြစ်ကမ်းစပ်၊ နက်ရှိုင်းတဲ့ ကန်ရေပြင်တွေဟာ ပြီးခဲ့တဲ့ အားလပ်ရက် ခရီးတွေကို ပြန်အမှတ်ရစေတယ်။

တစ်ခါက ဦးနှောက်ပွန်းမတတ် ပင်ပန်းရတဲ့ အလုပ်တွေနဲ့ နပမ်းလုံးရတုန်းက နှစ်ကုန်ပိုင်းလမှာ ကျွန်မတို့တတွေ အဲဒီမှာ တစ်ပတ်လောက် ကောင်းကောင်း အနားယူခဲ့ဖူးတယ်။

ပြီးခဲ့တဲ့နှစ်ကတော့ ကျွန်မတို့ တစ်မျိုးထွင်ပြီး အပမ်းဖြေတယ်။ ကလေးတွေက ကျွန်းတစ်ကျွန်းကို ရှာတွေ့ကြတယ်။ အဲဒီကျွန်းက ကျွန်းငယ်ငယ်ကလေးပါ။ သူတို့တတွေ စစ်ကင်းထောက်ရင်းနဲ့ တွေ့လာရတဲ့ ကျွန်းလေးပေါ့။ အဲဒီမှာ ကျောက်ဆောင်တွေရော ချုံပုတ်တွေပါရှိတယ်။ ပြီးတော့ ကလေးခြောက်ယောက်စလုံး အိပ်ရာဝင်ဆန့်တဲ့ သဲသောင်ငယ်လေးလည်း ရှိတယ်။ အဲဒီနေရာလေးဟာ အကောင်းဆုံးနေရာပါပဲ။





တကယ့် ကျွန်းကလေးပါ။ အဲဒီ ကျွန်းမြေတစ်ဝိုက်မှာ ရေကတိမ်ပေမယ့် ရေစီးကတော့ သန်တယ်။

သူတို့တတွေဟာ စိတ်လှုပ်ရှားစရာကောင်းတဲ့အကြောင်းတွေကြုံနေတဲ့ ကြားကပဲ နောက်ဆုံးညအနေနဲ့ အဲဒီ ကျွန်းအနီးမှာ အိပ်စက်ဖို့ ခွင့်တောင်းတယ်။ သူတို့တတွေ စွန့်စွန့်စားစားသွားလာဖို့ လုပ်တုန်းကလည်း ကျွန်မတို့ မိဘတွေဖက်က စိတ်မရှိရင်လွှတ်ဖို့ ခွင့်ပန်ပြီး ဆိုဖူးပါသေးတယ်။ ကျွန်မတို့လည်း သူတို့ကို ကြားသာမြင်သာနိုင်တဲ့ အနီးကပ်မြစ်ဆိပ်မှာ အိပ်စက်ပေးရတယ်။

ကျွန်မတို့ ညစာ စောစောစားပြီးတာနဲ့ပဲ အိပ်ရာတွေ၊ အခင်းတွေကို လှည်းလေးပေါ်တင်ပြီး လက်နှိပ်ဓါတ်မီးနဲ့အတူ ကျွန်းကိုဖြတ်လို့ မြစ်အဆုံးကို သွားဖြစ်ကြတယ်။ ကျွန်မတို့တတွေက ကလေးတွေ အိပ်ရာအတွက် နေရာရှာပြီး ပြင်ဆင်ပေးရတယ်။ ပြီးတော့ မနက်ခင်းမှာ မီးမွေးဖို့ ထင်းစတွေ ရှာရတယ်။ ကလေးတွေက ကြိုကြိုကြားကြားတွေအထိ စူးစမ်းသွားလာကြပြီး သူတို့ရောက် နေတဲ့ကျွန်းကို နာမည်အမျိုးမျိုးမှည့်ပေးနေကြသလို ကျွန်မတို့ကိုလည်း အအက်အကွဲတွေကြားထဲ ခေါ်ပြပါသေးတယ်။ ကြည့်မျှော်စင်၊ ကျောက်ဆောင်၊ တောင်ခြေ ပြီးတော့ ဂျပန်ပန်းဥယျာဉ်၊ ရေပူစမ်း ဆိုပြီး သူတို့တွေ့တဲ့ နေရာတွေကို နာမည်အမျိုးမျိုး ပေးနေကြတယ်။



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကျွန်မတို့ လှေလှော်ပြန်လာပြီး ကျွန်းကြီးပေါ်က ကျွန်မတို့ လျှောင်းစက်ရာ နေရာဆီမှာပဲ လျှောင်းစက်လိုက်ကြပါတယ်။ ကျွန်မတို့ မီးထွန်းညှိလိုက်ပြီး ဝိုင်ပုလင်းကိုဖွင့်ရင်း သဲမြေအေးအေးထက် လဲလျှောင်းရာကပဲ စကားတွေဖောင်ဖွဲ့ ပြောဆိုနေမိကြတယ်။ ကျွန်မရင်ထဲမှာတော့ ချစ်သူရည်စားနဲ့ မြစ်ကမ်းစပ်မှာ လဲလျှောင်းဖူးတဲ့ ဆယ်ကျော်သက်ရွယ်ဘဝတုန်းက ခံစားချက်ဆီ ပြန်ရောက်သွားတယ်။ တစ်ခုခု စွန့်စားရတဲ့ ခံစားချက်မျိုးလိုပါပဲ။

ကလေးတွေဟာ ညတိုင်းလိုလို စနာရီကနေ ၈နာရီခွဲအထိ ကောင်းစွာမြင်ရတဲ့ လက်နှိပ်ဓါတ်မီးအလင်းနဲ့ ဒေါ်နေကြ ပျော်နေကြတယ်။ ကျွန်မတို့ တတွေလည်း သာယာမှုအာရုံတွေနဲ့ ညတွေကို လျှင်မြန်စွာ ဖြတ်သန်းခဲ့ကြပါတယ်။ ကိုးနာရီထိုးပြီဆို အားလုံး တိတ်ပြီ။ ညဆယ်နာရီခွဲပြီဆိုရင် ကျွန်မတို့ လူကြီးတွေလည်း အိပ်စက်ကြတယ်။ ည ညဆိုရင် ကလေးတစ်ယောက်ရဲ့ ငိုသံကို ကြားမိတယ်လို့ တွေးထင်ရင်း ကျွန်မနိုးလာတတ်တယ်။ အမှန်မှာတော့ ကလေးငိုသံ မဟုတ်ပါဘူး၊ ငှက်အော်တဲ့အသံပါ။ ကျွန်မဟာ လဲလျှောင်းရင်းကပဲ ကြယ်တွေနဲ့ တောက်ပနေတဲ့ လမင်းဆီမော့ကြည့်ရင်း မြစ်ရဲ့ တေးညည်းသံကို နားဆင်နေမိတယ်။ ကမ္ဘာမြေကြီး ချော့မော့လှုပ်ရှားပြီး သိပ်နေသလို ကျွန်မခံစားလာရတယ်။ မနက်ကျတော့ ၁၃နှစ်





သာရှိသေးတဲ့ ကျွန်မသမီးလေးက ပျော်လွန်းတဲ့အတွက် ညက ကောင်းကောင်းတောင် အိပ်မပျော်လိုက်ရဘူးလို့ ဆိုတယ်။

ကလေးတွေက ကံကောင်းနေကြပါလား။ကျွန်မ ကလေးဘဝတုန်းက အခုလို ခရီးထွက်တာမျိုး ရှိခဲ့သင့်တာပေါ့။ ကျွန်မရဲ့ သားသမီးတွေဟာ သဘာဝရဲ့ စာအုပ်ကြီးတွေကို ငမ်းငမ်းတက်မတက် ဖတ်ရှုလာနိုင်ပြီ ဖြစ်တဲ့အတွက် သူတို့ဟာ သဘာဝကို ချစ်တတ်လာပါပြီ။ သို့ပေမဲ့ သူတို့ရယူသမျှဟာ တကယ်စစ်မှန်တဲ့ ပရမတ္ထ သဘာဝတ္တအရာတွေပဲဖြစ်ပါတယ်။ တကယ်တော့ သတ္တဝါတစ်ခုရဲ့ အသက်ဆိုတာ အမိမြေရဲ့ ရင်ခွင်ပေါ်မှာ မှေးစက်နေရတာပဲမဟုတ်လား။ ရဲရင့်စွာနဲ့ စွန့်စားခြင်းတွေဟာ လုံခြုံမှုပေးတဲ့ မိဘတွေရဲ့ တာဝန်ယူမှုနဲ့ အတူ မြစ်ဆိပ်တစ်ခုရဲ့ အနီးမှာ ပေါ်ပေါက်လာပြီ ဖြစ်ပါတယ်။

အဲဒီအရက်တွေကို ပြန်အစဖော်ပြီး အမှတ်ရလေတိုင်းမှာ သူတို့လေးတွေရဲ့ မျက်လုံးတွေဟာ တောက်တောက်ပပ ဖြစ်လာကြမှာ အမှန်ပဲ။ ကျွန်မတို့ ကောင်းမွန်စွာ ဖြတ်သန်းဖူးတဲ့ တစ်ချိန်က အကြောင်းတွေကို ပြန်ပြောလာတိုင်းမှာ ကျွန်မတို့ရဲ့ ခါးမတ်မတ်လေးမှာ ဘဝင်မြင့်မှုလေးတွေ ကိန်းအောင်းနေမှာ အမှန်ပါပဲ။ နောက်ဆုံးပေါ် ကွန်ပြူတာ ဂိမ်းကစားနည်းဟာ ဘာမှမဆန်းပါဘူး ပြီးတော့ Website တို့ T.V



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



စီးရီးတွေ ဒါတွေအားလုံးဟာ ပဋ္ဌလက်သဘောတွေပါ။ လူရဲ့ မူလသဘာဝတုန်းက ရှိဖူးတဲ့ တဲငယ်တွေ ဆောက်လုပ်တာ၊ စခန်းချ မီးဖိုကြတာ၊ ပုံပြောကြတာ၊ ကြယ်ရောင်တွေရဲ့အောက်မှာ မေးစက်ရတာတွေကတော့ အခုအထိ မရိုးသေးပါဘူး။

လူငယ်အတော်များများ စိတ်ဓါတ်ကျနေချိန်မှာ ကျွန်မတို့ဖက်က သူတို့တတွေကို အကောင်းဆုံးအဆောင်လက်ဖွဲ့ အဖြစ်ပေးနိုင်ဆုံးအရာတွေဟာ အဲဒီသဘာဝတရားကြီးမှာ တည်ရှိနေကြတဲ့ အကြောင်းတွေပဲဖြစ်နေတတ်ပါတယ်။

ကလေးဘဝအချိန်တုန်းက ဖမ်းစားခံရတဲ့ ခံစားမှုတွေဟာ အသက်အရွယ်ရလာတဲ့ အချိန်မှာ သတိရစရာတွေ အဖြစ်နဲ့ပါလာတယ်။ အိုမင်းလာတဲ့ ကာလမှာတော့ အဲဒီအဖြစ်တွေကို ပြန်သတိရလေတိုင်း နွေးနွေးထွေးထွေးနဲ့ ခံစားရမှာအမှန်ပါပဲ။

◆ ◆



# ဝစ်မှန်သောမိခင်များ

Real Mothers. by Elizabeth Berg

ကျွန်မ မေမေအကြောင်း တွေးမိလေတိုင်း စိတ်ထဲမှာ ပေါ်လာလေ့ရှိသော အရာများရှိနေတတ်သည်။ တစ်ကိုယ်လုံး သန့်စင်စေသည်အထိ ရေချိုးစည်တွင် နစ်မြှုပ်ထားတတ်သော မေမေ၏အနီးမှ ရေစီးကျသံများသည် နီရာဂွာရာ ရေတံခွန်ကျဆင်းသကဲ့သို့ တဝေါဝေါ မြည်ကြွေးနေသည်ကိုပါ သွားပြီး မြင်ယောင်လာမိသည်။ မေမေ ပဲစိမ်းငုံဟင်းလျာကို မွှေလှည့်နေတတ်ပုံများ၊ ဟင်းအိုးအဖုံးဖွင့်လှန်၍ ကြက်သားဟင်းအား စစ်ဆေးကြည့်နေတတ်ပုံများကို ကျွန်မမျက်လုံးထဲမှာ ပြန်ပြီး မြင်ယောင်လာသည်။ ဖုန်းကို တစ်ဖက်မှ ကိုင်ထားရင်း အခြားတစ်ဖက်က ပန်းကန်ပြားနှင့် ကော်ဖီခွက်ကိုင်ရင်း ပြောနေတတ်သော မေမေ့သဏ္ဍာန်၊ ယဉ်ကျေးသောအသံ၊ ပျော့ပျောင်းသည့်လေနှင့် ရယ်စရာမောစရာများ မိနစ်အနည်းငယ်ကြာမျှ ရှာဖွေပြောဆိုနေ



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တတ်သော မေမေ၏ဟန်များကြားကပင် ဖုန်းမချမီ စပ်ကြား အတော်ကြာအောင်ရှိနေသော ကော်ဖီပန်းကန်ဆီမှ သကြားတူးနံ့၏ ကလူကျီစယ်မှုကို ယနေ့တိုင် မမေ့နိုင်သေးပါ။ ဖေဖေ၏ တယ်လီဗေးရှင်းအခန်း ကဏ္ဍထဲမှ ရွေးချယ်လှည့်ပေးထားသော ပုံရိပ်များကို ထိုင်ကြည့်နေလေ့ရှိသည့် မေမေ့ သွင်ပြင်ကို ကျွန်မ အမှတ်ရနေဆဲပင်။ ထိုအရာများမှအပ တခြား အမှတ်ရစရာ မရှိတော့သလိုပင်။

၁၉၄၀ ခုနှစ်ကာလအတွင်းက သားသမီးတို့ကို ကျွေးမွေးစောင့်ရှောက်ကြသော အမျိုးသမီးတို့၏ ကဏ္ဍဆိုင်ရာ ဝတ္ထုတစ်ပုဒ်ကို ဖန်တီးလိုသူ ကျွန်မသည် လေ့လာဆန်းစစ်မှုများ ပြုလုပ်ရသည်။ သူတို့တတွေသည် ယခု ကျွန်မတို့ခေတ်လောက် ပျော်ရွှင်မှုမျိုး ရကြပါရဲ့လား။ ကျွန်မတို့၏ ညိုးနွမ်းခြောက်သွေ့သော ဘဝနေထိုင်မှုကို စာဖွဲ့မှတ်တမ်းတင်စရာ သားရေဖုံးနှင့် ဒိုင်ယာရီ စာအုပ်ကြီးကြီးမားမားဆိုသည်ကလည်း သူတို့ကာလတုန်းက မရှိခဲ့ပါ။ ထို့ကြောင့် ကျွန်မသည် မေမေ့အား သူပျိုနုစဉ်အချိန်ကာလ ကအတွေ့အကြုံများကို တစ်ဆင့်ဖောက်သည်ပြန်ချပေးဖို့ တောင်းပန်တိုက်တွန်းရသည်။

"မေမေ ဘာတွေဝတ်ခဲ့လဲဆိုတာ သမီးသိချင်တယ်။ စိတ်ပျော်ရွှင်မှုရအောင် မေမေ ဘာတွေလုပ်ခဲ့ရသလဲ။ မေမေဘာတွေ ပြောခဲ့သလဲ"ဟု ကျွန်မက





စကား လှမ်းထောက်ပြီး "ပြီးတော့ မေမေ ဘာတွေဘယ်လို ခံစားရသလဲ၊ မေမေ ပေါင်းသင်းနေရတဲ့ ခင်ပွန်း၊ သားသမီးတွေနဲ့ အနာဂတ်ကို ဘယ်လိုဖြတ်သန်းဖို့ မျှော်မှန်းထားခဲ့ဖူးလဲ"စသည်ဖြင့် မေမေ့ကို မေးမြန်းသည်။

မေမေက ကျွန်မသိချင်သည်များကို ရှုပ်ထွေးလှသော လက်ရေးလက်သားများဖြင့် စာမျက်နှာလေးမျက်နှာရေးပေးသည်။ စာအစချီပုံမှာ "ဒီလို သမီးရေ" ဆိုတာမျိုးနှင့်ဖြစ်သည်။

မေမေတို့၏ တန်းမြင့်ကျောင်းတွင် ဘောလုံးကစားပွဲအပြီး က,ကြပုံများအကြောင်း ရေးသားသည်။ ဖေဖေနှင့် ဆူပါမား ကက်ဈေးကြီးနောက်တွင် မည်ကဲ့သို့ဆုံဆည်းရပုံများပါမကျန်။ မေမေ ထိုစဉ်ကာလက ဆေးရောင်တောက်တောက်အကျီနှင့် ဂါဝန်ပွပွကြီးများ ဝတ်ကြသည့် မိန်းကလေးတွေအပေါ် မည်မျှအထိ ရှုံမုန်းကြောင်း၊ ပြားချပ်ချပ်စကတ်ကြီးတွေ ဝတ်ထားသော ကောင်မလေးတွေအပေါ်လည်း ကြည့်မရခဲ့ကြောင်း ဖော်ပြထားသည်။

မေမေသည် သူမုန်းသော အဝတ်လျှော်သည့် အလုပ်ကို လုပ်ဖူးခဲ့သလို သူကြိုက်သည့် ရေဒီယိုဌာနတွင်လည်း လုပ်ကိုင်ဖူးခဲ့သည်။ ဒုတိယကမ္ဘာစစ် ဖြစ်ပွားလာသောအခါ စစ်ထဲပါသွားသူ ဖေဖေနှင့်မေမေတို့ ဒေါသစာများ အပြန်အလှန်ရေးသားကြပုံများ၊ အသစ်



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



စက်စက် လင်မယားဘဝအဖြစ် ဆန်ဖရန်စစ္စကိုမြို့တွင် အတူနေဖူးပုံများ။ ပြီးတော့ အမဲသား၊ ပြောင်းဖူးထောင်းနှင့် ငရုပ်ကောင်းပါသော ဟင်းလျာနှင့် အမဲသားကရင်မ် ဟင်းလျာများ တစ်ဝကြီးစားဖူးကြပုံများ ရေးပြထားသည်။ (အင်း၊ ဗိုက် တော်တော်ကောင်းကြဟန်ရှိပါသည်) စနေနေ့ညကို ရောက်လေတိုင်း မီးဖိုချောင်ခန်းထဲမှာပင် အခြားစုံတွဲများနှင့် ဖဲဝိုင်းထိုင်ကစား ခြင်းများလည်း ရှိကြောင်း မေမေပြောသည်။ မေမေတို့ အချိန်အခါတုန်းက အရာအားလုံးသည် လုံခြုံစိတ်ချရမှု ရှိပြီး မီးအိမ်အသစ်ကို အမြတ်တနိုးထားပုံများလည်း ပါသည်။

"အဲဒီတုန်းက ငွေကို စနစ်တကျထားသိုဖို့အတွက် အချိန်မပေးဖြစ်ပါဘူးကွယ်"ဟု မေမေက ရေးထားရင်း "ဒါပေမဲ့ အဲဒီတုန်းက ချမ်းသာချင်ရင် နည်းလမ်းမျိုးစုံရှိတာတော့ အမှန်ပဲ" ဟု လည်း ရေးထားသည်။ မေမေ၏ လွမ်းတသံလေးများက စာမျက်နှာအတွင်းမှ ခွာထွက်လာရသည့် ရေမွှေးရနံ့လေးများလိုပင်။

ကျွန်မသည် ထိုစာကို ကျွန်မ၏ စာပေအသိုင်းအဝိုင်းဆီသို့ ယူသွားပါသည်။ အကြောင်းမှာ မေမေ့စာသည် ဖတ်ကြည့် သည်နှင့် စိတ်ဝင်စားစရာကောင်းလောက်အောင် ဆွဲဆောင်မှုရှိသည်ဟု ယုံကြည်မိသောကြောင့် ဖြစ်ပါသည်။ ကျွန်မ ထိုစာကို အားလုံးရှေ့မှောက်မှာ ဖတ်ပြနေစဉ် ကိုယ့်ကိုကိုယ် အသံတွေ





တုန်တက်လာသည်ကို အံ့သြခြင်းကြီးစွာသိလိုက်ရသလို စာတစ်ဝက်အကျိုး၌ ဟန်ပင်မဆောင်နိုင်ဘဲ ငိုချမိခဲ့ပါသည်။ "ဒါပါပဲရှင်"ဟု ကျွန်မကပြောလျက်မှ "ကျွန်မ သိသိသာသာ တွေ့မိရတာကတော့"ကျွန်မစကား အဆုံးမှာ ဘာဆက် ဖတ်ရမည်ပင် မသိတော့ပါ။ ကျွန်မ စိတ်လှုပ် ရှားလွန်းနေလို့လား၊ မဟုတ်ပါ။ သူများတကာတွေ မမြင်နိုင်သောအရာကို မေမေ့စာထဲမှာ ကျွန်မ တွေ့နေရသောကြောင့် ဖြစ်ပါသည်။

အဆုံးတွင် မေမေ့ပုံရိပ်တစ်ခုကို ကျွန်မ စတင်ဖမ်းဆုပ်မိလာနိုင်သည်။ မေမေ့ နှလုံးသားတွင် ထောင်ချီသော မျှော်လင့်ချက်ဖြင့် ပြည့်နေသည်။ မေမေ့ဘဝသည် လုပ်ငန်းခွင်၌ အစပျိုးခြင်းမျိုး ရှိခဲ့သည်။ ဖေဖေနှင့် အကြောင်းပါပြီးနောက်တွင် အိမ်မှာ နေရသည့် ဘဝကို ရောက်သည်။ အနှစ် ၅၀သာသာခန့်၊ မိတ်ဆွေအဖြစ် ကြွင်းကျန်သူများကို မေမေက မြေပဲများ ဝေပေးလေ့ရှိသည်။ ထိုအရာများကို မေမေ့ထံပါးတွင် မြင်လာရာမှ မေမေ၏ ထိုစဉ်ကသဏ္ဌာန်ကို ကျွန်မမျက်ဝါးထင်ထင် မြင်နေရသကဲ့သို့ ခံစားလာရသည်။

ကျွန်မ၏ မွေးနေ့အရောက်တွင် မေမေက ဘာလက်ဆောင်ယူချင်သလဲဟု မေး၏။ ကျွန်မက မေမေ၏ ဘဝကိုသည့် ထက်ပို၍ ရေးပြသောစာသာ ဖတ်ချင်ပါသည်ဟု ကျွန်မ တောင်းဆိုလိုက်ပါသည်။ မှန်ပါသည်။ ကျွန်မ အလိုချင်ဆုံးအရာမှာ မေမေ့၏ဘဝ



စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အကြောင်း။ မေမေ သည်လောကမှ ထွက်ခွာမသွားမီ မေမေ့အကြောင်းကို ကျွန်မ ပြည့်ပြည့်စုံစုံ သိလိုလှပါသည်။ အမှန်ဆိုရလျှင် ကျွန်မပါ မသေဆုံးမီကာလမှာပေါ့။

ထို့နောက် ရက်အနည်းငယ်အကြာတွင် ကျွန်မ၏ နောက်ဆုံးထုတ်စာအုပ်ထဲမှ အကြောင်းအရာကို ဖတ်ကြားပေးဖို့ ဖိတ်ကြားခြင်းခံရပါသည်။ ထိုအခါ ကျွန်မ၏ စိတ်ထဲဝယ် ကျွန်မ၏ ၁၆နှစ်သမီးလေးကိုပါ ထိုပွဲသို့ ခေါ်သွားဖို့ စိတ်ကူးရလိုက်သည်။ "မေမေ သမီးကို တကယ်ပဲ ခေါ်သွားချင်လား"ဟု သမီးက မေးရှာသည်။

"တကယ်ပေါ့ကွဲ့"

"ဘာကြောင့်လဲဟင်"

"အင်း၊ ဘာကြောင့်လဲဆိုတော့ . . ."

ကျွန်မစိတ်ထဲမှာ ပြောချင်သည်ကတော့ သမီးသည် ဘယ်သောအခါမှ စာဖတ်သည့်သူ မဟုတ်သည့်အတွက်ကြောင့် ခေါ်သွားချင်ခြင်း ဖြစ်ကြောင်း ဟူ၍ပင်။ ကျွန်မစာထဲတွင် ပျော်စရာများ ပါဝင်သည်။ သူတို့လေးတွေကို အသိကြွယ်စေမည့် အကြောင်းများ ပါရှိသည်။ သို့သော် ကျွန်မ ထိုအကြောင်းကို သမီးအား ပြောနေလို့မဖြစ်ပါ။ အမှန်တရားကို သူ့ဘာသာသူ အဆုံးမှာ ရှာတွေ့လိမ့်မည်။ ဤသို့ဖြင့် ကျွန်မက "မေမေ့အနေနဲ့ အိမ်မှာ မေမေရှိနေတုန်းက အကြောင်းထက်





မေမေ့ရဲ့အပြင်က အကြောင်း သမီးကို ပိုသိစေချင်လို့ပဲ သမီး။ မေမေ့ရဲ့ မျက်နှာစာတစ်ခု သမီးကို အသိပေးချင်တဲ့အတွက်ပေါ့ကွယ်"ဟု ပြောပြလိုက်ရသည်။

ဤသို့နှင့်ပင် . . .

သမီးသည် ကျွန်မ၏ စာအုပ်ဖတ်ပြပွဲသို့ အတူလိုက်ပါလာပါသည်။ ကျွန်မ စာအုပ်ဖတ်ပြနေစဉ် သမီးအာရုံစိုက်မှ စိုက်ပါ့မလားဟု ပူပန်မိသည်မှာလည်း အမှောပင်။ ပြီးတော့ ကျွန်မစိတ်တွေက သမီးဆီမှာပဲရှိနေမှာလားဟူ၍ ပူပန်မိသည်ကလည်း တစ်ကြောင်းပင်ဖြစ်သည်။ သို့သော် ကျွန်မ၏စိတ်ထဲမှာ သူ့ကိုအာရုံထားမနေတော့ပါ။ စာဖတ်ခုံမြင့်ဆီသို့သာ ကျွန်မ သွားနေကျအတိုင်း သတိနှင့် လျှောက်ခဲ့သည်။ ကျွန်မ ယခုသူစိမ်းများအား ဖတ်ပြဖို့ ကြိုးစားရလေပြီ။ ထိုအခါ ကျွန်မအတွက် အံ့သြစရာတွေ့ရသည်။ သူတို့တတွေအားလုံးသည် အပြုသဘောဆောင်သော အမူအရာနှင့်အတူ စိတ်ဝင်စားအပြည့်ဖြင့် ငြိမ်သက်စွာ နားထောင်ပေးကြသည်ကို တွေ့နေရသောကြောင့် ဖြစ်သည်။ ကျွန်မ သည် စိတ်အတွင်းမှာ လှုပ်ရှားနေသော်လည်း တည်ငြိမ်သောအသံကိုဆောင်၍ စာများကို သူတို့ရှေ့မှာ ဖတ်ပြလိုက်ပါသည်။ ပြီးတော့ သူတို့တတွေ အကြိုက်တွေ့ပါစေဟူ၍ စိတ်ထဲက ကြိတ်ကာမျှော်လင့်မိသည်။ ထို့နောက် ကျွန်မအားလုံးဖက်သို့ ခေါင်းမော့ကြည့်လိုက်ရင်း "အားလုံးကို ကျေးဇူးအများကြီးတင်မိပါ



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တယ်ရှင်”ဟု ပြောလိုက်ပါ၏။ လက်ခုပ်သံ၊ ဩဘာသံများသည် ကျွန်မ ထိုင်ခုံတွင် ပြန်သွားထိုင်သည်အထိ မစဲအောင်ရှိနေသည်။

အမှန်ကို ပြောရလျှင် ထိုအဖွဲ့ကြီးထဲတွင် ကျွန်မ အထူးစိတ်ဝင်စားနေသော ပရိသတ်မှာ တစ်ယောက်တည်းသာလျှင် ရှိသည်။ ထိုသူမှာ ကျွန်မ၏ သမီးပင်ဖြစ်သည်။ ကျွန်မသည် သမီး၏ဘေးမှာ ဝင်ထိုင်လိုက်သည်။ သမီးသည် လက်ခုပ်လက်ဝါး တီးနေဆဲပင် ဖြစ်သည်။ သမီးသည် တကယ်တီးချင်မှ လက်ခုပ်ကိုတီးတတ်သူမျိုးထဲမှာပါသည်။ ကျွန်မအပေါ် အမိပွဲသယ်နှစ်မျိုးခန့်ဖြင့် တီးနေခြင်း ဖြစ်မည်ဟု ယုံကြည်မိပါသည်။ “မေမေဟာ သိပ်တော်တာပဲ”ဟု လေသံ လေးဖြင့် ချီးကျူးသည့် သမီးမျက်လုံးများသည် သူကြားလိုသော အရာများကိုကြားလိုက်သလိုမျိုးဖြင့် အရောင်တဖျတ်ဖျတ်လက်နေသည်။ ပြီးတော့ သူ ဖတ်ချင်သောစာကို ရေးပြသည်။ သမီး၏ အကြည့်က စာရေးဆရာတစ်ဦးနှင့် လာတွေ့နေသလို အကြည့်မျိုး ဖြစ်နေသည်။ ကျွန်မအဖို့တော့ ထိုမျှလောက်နှင့်ပင် လုံလောက် နေပြီဖြစ်သည်။ ကျွန်မသည် အရောင်တောက်တောက်အကျီနှင့် ဂါဝန်ပွပွကိုဝတ်သည့် မိန်းကလေးများအား မုန်းတတ်သော၊ ပြီးတော့ အမဲသား၊ ပြောင်းဖူးထောင်းနှင့် ငရုတ်ကောင်း၊ အမဲသားကရင်မ်တို့ကို စားတတ်သော၊ ပြီးတော့ ကျွန်မ၏ မွေးနေ့ လက်ဆောင်





အဖြစ် စာရှည်တွေရေးပေးလိုက်သော မေမေ့ကိုသာ ကျေးဇူးတင်နေမိပါတော့သည်။

မေမေ၏စာသည် ကျွန်မအဖို့ အောင့်ထားလောက်အောင် မစွမ်းနိုင်သည့် စာပင်ဖြစ်ပါသည်။

♦ ♦



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

# ဖေဖေ့ခရစ္စမတ်သစ်ပင်

My Father's Perfect Christinas By Thomas Cahill

နည်းစနစ်ရှိသူ ကျွန်တော်၏ ဖခင်အကြောင်း မစဉ်းစားမိဘဲနှင့် ခရစ္စမတ်သစ်ပင်အလှဆင်သည့် ကိစ္စကို ကျွန်တော် ပြုလုပ်နိုင်စွမ်း ရှိမည်မဟုတ်ပေ။ ကျွန်တော်၏ ဖခင်က ကိစ္စများကို မှန်ကန်စွာဆောင်ရွက်နိုင်သည် ရှိသလို မှားယွင်းစွာ ဆောင်ရွက်မိသည်များလည်း ရှိခဲ့သည်။

ဖေဖေကောင်းစွာ မစွမ်းဆောင်နိုင်သော အကြောင်းများထဲတွင် သီချင်းသီဆိုခြင်းလည်း ပါသည်။ ထို့အပြင် ပန်းချီရေးဆွဲခြင်း ကဲ့သို့သော အရာများလည်း ပါဝင်သည်။ ထိုအကြောင်းကိစ္စမျိုးက အနုပညာရှင်များ၏ ကိစ္စရပ်များသာဖြစ်၍ ဖေဖေပန်းချီရေးဆွဲတိုင်း သားသမီး ၆ယောက်စလုံးသည် အမေ့ဘက်မှ ရပ်တည်ကြသလို အမေ့ဘက်တော်သားများ ဖြစ်သွားတတ်ကြသည်။ အမေကလည်း သားသမီး ခြောက်ယောက်ရှေ့

ရှုဝံစာအုပ်တိုက်

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တွင် ဖေဖေ့ကို တင်းမာပြတတ်သည်။ မေမေက သူ၏ မကျေနပ်မှုကို တစ်နည်းမဟုတ် တစ်နည်းဖြင့် အရိပ်အရောင်ပြတတ်သည်။ အနုပညာကိစ္စနှင့် ပတ်သက်လာလျှင် ဖေဖေ့သည် စိတ်ရှုပ်ထွေးနေတတ်ပြီး ငြိမ်သက်နေတတ်သည်။ အနုပညာနှင့် ပတ်သက်လျှင် သူ့အဖို့ ဘာမျှမတတ်သလိုဖြစ်နေ၏။

သူနှင့်သူ့အစ်ကို လေးယောက် (ဖေဖေသည် အားလုံးထဲတွင် ကလေးနေရာကျသည်)တို့သည် လက်တွေ့ ဆောင်ရွက်နိုင်စွမ်းကြသူများ ဖြစ်ရာ သူတို့တွင် လုပ်စရာကိစ္စများ အစဉ်ရှိနေသည်။ သူတို့သည် အလုပ်နှင့်သာ ရှုန်းကန်နေကြသူများပီပီ ပြောစရာအကြောင်းက နည်းပါးကြသည်။ ကျွန်တော့် အမေနှင့် အမေ့ညီမများကတော့ ဘုရားအကြောင်း၊ တရားအကြောင်းများကိုသာ နာရီအတော်ကြာအောင် ထိုင်ပြောနေလေ့ရှိသည်။ ကျွန်တော့်အဖေနှင့် သူ့အစ်ကိုများသည် မိန်းမသားများနှင့် ကူးလူးပြောဆိုမှုမရှိသလို သူ့တို့ညီအစ်ကိုချင်းချင်းလည်း စကားစပ်ဟပ်ကြသည် မျိုးလည်းမရှိပေ။

သူတို့တတွေသည် သဘာဝကြောင့်မို့ စကားနည်းပါးသည့် သဘောမျိုး မဟုတ်သည်ကိုတော့ ကျွန်တော်သိသည်။ ဖေဖေတို့၏မိခင် ကျွန်တော်၏ အဘွားဖြစ်သူသည် ပြောစရာစကားမတွေ့သလို အစဉ်ရှိနေတတ်သည်။ သားတွေနှင့်လည်း ပြောလေ့ပြောထမရှိ။





တစ်ကြိမ်၌ ကျွန်တော်၏ ညီအစ်မများထဲမှ အစ်မတစ်ယောက် မွေးနေ့ပွဲကျင်းပရာ စားပွဲခင်းပေါ်တွင် ထွန်းထားသော မွေးနေ့ဖယောင်းတိုင်မီးသည် စားပွဲခင်းစက္ကူကို ကူးစက်လောင်ကျွမ်းသွား၏။ ထိုအခါ အမြဲတန်း မှုန်ကုပ် တည်ငြိမ်နေသော အဘွားသည် အိုလံပစ်အားကစားသမားကဲ့သို့ အရှိန်နှင့်ပြေးကာ လက်ထဲက အိတ်ဆောင် စာအုပ်မည်းကြီးဖြင့် ထိုမီးကို ရိုက်ပုတ်ငြိမ်းသတ်လိုက်သည်။ ကျွန်တော်၏ အမေမီးဖိုဆောင်မှ ပြေးထွက်လာသောအခါ ပျက်စီးသွားသော ကိတ်မုန့်တစ်ဒါဇင်ခန့်နှင့် မိန်းကလေးအားလုံး ငိုကြွေးနေသည့် မြင်ကွင်းကို တွေ့လိုက်ရသည်။

"ခုန မီးထလောင်တယ်၊ မာဂရက်" အဘွားက ကျွန်တော့် အမေကို ရှင်းပြသည်။ ထိုတစ်ခွန်းမျှသာ ပြောပြီး ခုံမှာပြန်ထိုင်ကာ ငြိမ်မြဲအတိုင်း ငြိမ်နေသည်။ ဘွားဘွားက လက်တွေ့သမားဆန်လှသည်။ စကားကို အလှတန်ဆာဆင်၍ မပြောတတ်၊ ပြောလျှင်လည်း တိုးတိုးကြီး။

ဖေဖေကမူ သူ၏ညီအစ်ကိုများထဲဝယ် အင်မတန် နူးညံ့အေးဆေးလှသူဖြစ်သည်။ လူကြီးလူကောင်းဟု မှတ်ချက်ချနိုင်သူမှာ ဖေဖေတစ်ယောက်တည်းသာ ရှိသည်။ ဖေဖေသည် သူ့အစ်ကိုများကဲ့သို့ သန်မာ ကြံ့ခိုင်မှုရှိ၍ ကိစ္စတိုင်းကို အစ်ကိုများနှင့်အပြိုင် ဆောင်ရွက်နိုင်စွမ်းရှိ၏။ သို့သော် ဖေဖေသည် တည်ငြိမ်သော



စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အဝတ်အစားကို သပ်ရပ်စွာ ဝတ်ဆင်လေ့ရှိသည်။ စကားပြောလျှင်လည်း လေးပင်စွာ တတ်သည်။ သည်နေရာမှာ အစ်ကိုတွေထက်သာသော သဘောရှိသည်။

ဖေဖေ့တွင် အပျော်သဘော လုပ်ဆောင်ထားသော အကြောင်းလေးများ ရှိတတ်သည်မှအပ နှုတ်ဆိတ်ရာတွင်တော့ သူ့မိသားစုနှင့် သွားတူသည်။ ညပေါင်းများစွာရှိသည့်အနက် အချို့ညများမှာတော့ ဖေဖေသည် အစအနောက် သန်တတ်သည်။ တစ်ခါတွင် ဖေဖေသည် ဂါတိုင်းဂစ်ချိုင်းဒဂေါ်ဝါး(ခ်)ဆိုသော မိန်းမတစ်ဦး၏ သရုပ်ကိုလုပ်၍ ကျွန်တော်တို့အား ခြောက်လှန့်ကာ ဖြေဖျော်သည်။ ဖေဖေက ခါးတွင် ရင်ဖုံးစည်းအဝတ်ကိုပတ်ကာ ခေါင်းတွင် လက်သုတ်ပဝါပေါင်းထားပြီး ခြောက်လှန့်ခြင်းဖြစ်သည်။ ဖေဖေသည် အိပ်ရာထက်မှာရှိနေသည့် ကျွန်တော်တို့ကို ရှင်မြူးစွာ ဟစ်အော်၍ နောက်ပြောင်သည်။ ဂါတိုင်းဂစ်ချိုင်းဆိုသည်မှာ ကလေးထိန်း မိန်းမအိုတစ်ယောက်ဖြစ်ပြီး ကလေးတိုင်းက သူမကိုတွေ့လျှင် ကြောက်ကြရစမြဲ။ ထိုမိန်းမကြီးသည် ဖေဖေ၏ အမေနှင့်တူပုံရကာ အခြားမိန်းမများထက် တစ်မူထူးခြားသော မိန်းမထဲမှ တစ်ယောက် ဖြစ်လျက် ခတ်တင်းတင်းခတ်ပြတ်ပြတ်နှင့် နှုတ်နည်းလွန်းလှသည့် မိန်းမမျိုးပေပဲလားဟု ကျွန်တော် တွေးကြည့်ဖူးသည်။ ထိုမိန်းမသည် ကြောက်စရာကောင်းလှသည်ဟု ကျွန်တော်တို့ အတွေးတွင် ဖြစ်ပေါ်





စေသည့်အကြောင်းမှာလည်း ကလေးတွေ၏ ပါးပြင်ထက်သို့ စိုစွတ်သည့် နှုတ်ခမ်းများဖြင့် အတားအဆီးမရှိ တစ်ယောက်ချင်းစီ နမ်းတတ်၊ ကြူတတ်သည့် သဘာဝကြောင့် ဖြစ်လိမ့်မည်။

ဖေဖေသည် မန်ဟက်တန်ဘရွန့်၏ အငှားဌာနမှ တက္ကဆီ ငှားရမ်းပြီး ကျွန်တော်တို့အား နာမည်ကြီးရုပ်ရှင်ကားကို လိုက်ပြချိန်သည် ကျွန်တော်တို့အတွက် အပျော်ဆုံးအချိန်များဖြစ်သည်။ (ထိုဌာနနှင့် ထိုအရပ်တို့မှ ကားဒရိုင်ဘာများသည် "ချီးဗ်"ဝတ်စုံများဝတ်ရလေ့ရှိသည်) ကျွန်တော်တို့သည် တစ်နေရာမှ တစ်နေရာဆီ သွားရဖို့အရေး မေမေ့အတွက် စားသောက်ဖို့ နှင့်အဝတ်လျှောက်ဖွပ်ခြင်း ကိစ္စရပ်များအတွက် အချိန်ပေးရပါသေးသည်။

"အို၊ ဖေဖေရယ် ကျွန်တော်တို့ ဒီအချိန်ကျမှ လက်မှတ်ရဖို့မှ လွယ်လှမယ်မထင်ဘူး" ဟု ကျွန်တော်တို့တတွေ ပြောမိတတ်၏။ သို့သော် ဖေဖေက ကြံရည်ဖန်ရည် ရှိသည်။ ရှေ့ဆုံးလက်မှတ်ပေါက်အနီးမှာ တစ်ကိုယ်တည်းဖြစ်နေသော အမျိုးသမီးကို မျက်စိမှိတ်ပြီး လှမ်းပြောင်ပြကာ မျက်စေ့တစ်ဖက်မှိတ်ပြ လိုက်၏။ ပြီးတော့ သူလိုချင်သည့် လက်မှတ်အရေအတွက်ကို လက်ချောင်းများဖြင့် လှမ်းထောင်ပြတတ်သည်။ ထိုအခါ အမျိုးသမီးက ဖေဖေလိုသလောက် လက်မှတ်များကို ဝယ်ပေးပြီး ဖေဖေပေးသော ပိုက်ဆံကိုယူကာ



စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပိုသောအကြွေကို ပြန်အမ်းသည်။ ဖေဖေက သကာရည်လောင်းထားသောအပြုံးဖြင့် လက်မှတ်များကို လှမ်းယူတတ်သည်။ ထိုအခါ လက်မှတ်ဝယ်ပေးသော အမျိုးသမီးကလည်း ကျေနပ်နေတတ်သည်။

အမှတ်တမဲ့ကြည့်သော် ဖေဖေသည် အိုင်းရစ်လူမျိုးတို့၏ ညို့မြှုပ်ုံးတစ်ခုကို ပြုံးနေသည်ဟု မှတ်ချက်ချမိချင်စရာပင်။ သို့သော် ဖေဖေ့ဘက်ကမူ ထိုအပြုံးကို သတိတရားဖြင့် ပရိယာယ်ဆင်ပြီး သုံးလိုက်ခြင်းသာ ဖြစ်သည်။ ပြီးတော့ ဖေဖေသည် မိန်းမတစ်ဦးအား မှန်ကန်စွာရွေးချယ်လာနိုင်သည့် သူ့စနစ်ပရိယာယ်ကို အမြဲလိုလိုပင် ကျွန်တော်တို့အား ပျော်ရွှင်စွာ ရှင်းပြတတ်မြဲဖြစ်သည်။

ဘော့စ်ဘောလုံးကစားပွဲသို့ တက်ရောက်ရမည့်အခါနှင့် စိန့်ပက်ထရစ်နေ့ စီတန်းပြပွဲနေ့များသို့ သွားကြည့်ရမည့် အခါများတွင်လည်း ဖေဖေ့မှာ အခြားသုံးစရာ နည်းလမ်းမျိုးစုံရှိသေး၏။ ဖေဖေသည် မော်တော်ဆိုင်ကယ်မောင်းနှင်ရမည့် နည်းစနစ် တို့ကိုလည်း ကျွမ်းကျင်သည်။ ကျွန်တော်တို့ကိုပါ သင်ပြပေးသည်။ သို့သော် ဖေဖေသည် စက်ဘီးတောင်စီးသူမျိုးမဟုတ်။ ဖေဖေ့တွင် ဂေါက်ရိုက်သည့် နည်းလည်းရှိသည်၊ ဆီကြော်မုန့်များ ကြော်သည့်နည်းလည်း တတ်မြောက်သည်။ ဆလတ်ရွက်များကို လှီးသည့် နည်းစနစ်ကိုလည်းကျွမ်းသည်။ ကြက်ဆင်သားများကို လှီးသည့်





နေရာတွင်လည်း ကျွမ်းသည်။ ချက်လက်မှတ်စာအုပ်ကို ထိန်းသိမ်းရမည့် နည်းလမ်းကိုလည်းသိသည်။ ထို နည်းစနစ်အားလုံးကို ဖေဖေက မေမေ့ကို ဘယ်နှခါ ပြောပြပြောပြ မေမေ့မှာ မှတ်မိသည်ဟူ၍မရှိ။

ဖေဖေသည် ကျွန်တော်တို့၏ လိုအပ်ချက် မှန်သမျှ ကူညီပေးနိုင်မြဲဟု အမြဲအမှတ်ထားကြသည်။ ကျွန်တော်တို့ လူပျိုလူရွယ်ဘဝတွင် ဘယ်လိုအကျဉ်းအကျပ်မျိုးပဲကြုံရ ကြုံရ ဖေဖေသည် ထိုပြဿနာများ အတွက် အရေးပါသော လက်နက်တစ်ခုသဖွယ် ဖြစ်လာသည်။ ဖေဖေသည် ကိုယ့်မိသားစု၏ ဆွေမျိုးသားချင်းများထဲမှ စိတ်နှလုံးတုန်လှုပ်ခြောက်ခြားဖွယ်ကိစ္စရပ်များ၊ ဆေးရုံကိစ္စများ၊ စိတ်ပိုင်းဆိုင်ရာအခြေအနေများမှ အစပြု၍ နာရေးကိစ္စ၊ အခွန်ဆောင်ရခြင်းကိစ္စအဆုံး ဦးဆောင်ပေးရမြဲ ပင်ဖြစ်သည်။

ဖေဖေနှင့် ပတ်သက်၍ ကျွန်တော် အကြိုက်ဆုံး ဖြစ်ရပ်မှာ ကျွန်တော်၏ ပထမဦးဆုံး ခရစ္စမတ်ဟု ဆိုရမည့် ၁၉၄၀ ခုနှစ်က ကျင်းပသည့် ခရစ္စမတ်ညပင်ဖြစ်သည်။ ဖေဖေသည် ခရစ္စမတ်ည ရောက်သည်အထိ အလုပ်နှင့်လက်မကွာ ရှိနေခဲ့သည်။ ဖေဖေသည် အပိုဝင်ငွေများများရသည့် ငွေနှင့်အတူ ခရစ္စမတ် သစ်ပင်တစ်ပင် ဝယ်ယူမည်ဟု ကြံရွယ်ခဲ့သည်။ သို့သော် ခရစ္စမတ်သစ်ပင်ဆိုင်ဆီသို့ ရောက်သွားသည့်အခါ တစ်ပင်သာကျန်နေကြောင်း တွေ့လိုက်ရသည်။ ထွားထွား



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကြိုင်းကြိုင်းတောက်တောက်ပပ ရှိနေသော မိန်းမကြီး တစ်ယောက်ကလည်း ထိုအပင်ကိုပင် ဝယ်ယူဖို့ ရောက်လာ၏။ အပင်ကကြီးလွန်းအားကြီးသည်မို့ ထိုမိန်းမက ဈေးကြီးပေးပြီး ဝယ်ယူရမှာ စိတ်မပါသလိုရှိနေသည်။ ထိုအခါ ဖေဖေက အခြေအတင်ပြောဆိုကာ အမျိုးသမီးကြီးနှင့် တစ်ဝက်စီပိုင်းဝယ်ကြဖို့ အကြံပြုသည်။ အမျိုးသမီးက သူ့ဘက်မှ အပြည့်အဝရတော့မည်မို့ ကောင်းစွာပင်သဘောတူသည်။

သို့ဖြင့် နှစ်ယောက်ပေါင်းစပ်၍ ထိုသစ်ပင်အား ဝယ်ယူလိုက်ကြသည်။ ဖေဖေကပင် သစ်ပင်ကြီးကို အမျိုးသမီးကြီး၏ ကားဂိုထောင်ထဲသို့ ဆွဲသွင်းပေးခဲ့သည်။ သစ်ပင်အား လွှဖြင့်ပိုင်းဖြတ်ပေးသူမှာ သူမ၏ ခင်ပွန်းဖြစ်သည်။ ထို့နောက် ပိုင်းဖြတ်ပြီးသွားသည့်အခါ ဖေဖေက အပေါ်ပိုင်းကိုယူသည်။ ထိုအခါ နှစ်ယောက်စလုံးအတွက် ခရစ္စမတ် သစ်ပင်ငယ်လေးကိုသာ ရကြတော့သည်။ ဖေဖေသည် သူ့ဝေစု ရပိုင်ခွင့်သစ်ပင်ကိုယူပြီး လမ်းထောင့်မှအကွေ့တွင် သမင်လည်ပြန် လှည့်ကြည့်လိုက်မိသည်တွင် ထိုထူးဆန်းသော သစ်ပင် အပေါ်အာသာငမ်းငမ်းဖြစ်နေသော ထိုအမျိုးသမီးကြီးတို့စုံတွဲကို တွေ့လိုက်ရသည်။

ကျွန်တော့်မိဘများ၏ စတုတ္ထမြောက် ရင်သွေး ဖြစ်သည့် ကျွန်တော့်အောက် ညီမငယ်မေရီအား ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ရက်နေ့တွင် မွေးဖွား





ခဲ့သည်။ ထိုကာလကတည်းကပင် ကျွန်တော်အမေ့ခရစ္စမတ်သစ်ပင် ဆင်ယင်ဖို့အခွင့်အလမ်း မရတော့ပေ။ ကလေးများ အိပ်ရာဝင်ပြီးနောက် ကျွန်တော်က ခရစ္စမတ်သစ်ပင်ပေါ်ဝယ် လက်ဆောင်ပစ္စည်းများကို မေမေ့ကိုယ်စား အလှတန်ဆာဆင်ပေးရပုံကို ယခုအချိန်အထိ ပြန်လည်အမှတ်ရနေသည်။ ကျွန်တော်သည် အသက်၉နှစ်မျှသာ ရှိသေးသော်လည်း မေမေသည် ဆေးရုံမတက်မီ ကျွန်တော့်အား လူကြီးအဖြစ်ကြုံလာရမည့် ဘဝသစ်အတွက် လုပ်ရှားရမည့် အကြံများကို သင်ကြားပေးခဲ့သည်။ ဘယ်သူ့ကိုမျှ ကြောက်ဖို့မလိုကြောင်းလည်း ပြောပြသွားသည်။ ကျွန်တော်၏ လူပျိုရွယ်ဘဝသည် ဖြစ်ရိုးဖြစ်စဉ်အကြောင်းများထက် ပိုပြီးသာယာရွှင်မြူးနိုင်သော အကြောင်းများရှိဖူးသည်ဟု ဆိုရမည်။

ကျွန်တော်မှတ်မိသော ညတစ်ညမှာ ကျွန်တော်သည် ညီလေးနှင့် ညီမလေးအတွက် လက်ဆောင်ပစ္စည်းများကို သူတို့မသိအောင် ခန်းမအတွင်းဖက်က အိပ်ရာထက်မှာ တင်ထားပေးခဲ့ခြင်းမဟုတ်ပါ။ ကျွန်တော်သည် နောက်တစ်နေ့ နံနက်တိုင် စိန့်နီကိုလတ်စ်မှ ပို့လိုက်သော လက်ဆောင်တွင် ဘာများထည့်ပေးလိုက်သလဲဆိုတာကိုလည်း မမှတ်မိပါ။ ကျွန်တော် မှတ်မိတာကတော့ ညအမှောင်ထုထဲတွင် ကျွန်တော်၏ ဖခင်နှင့်အတူ အလုပ်ထိုင်လုပ်နေခဲ့ပုံများသာဖြစ်သည်။



စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ခရစ္စမတ်သစ်ပင်ကို ခမ်းခမ်းနားနား အလှဆင်ရာတွင် ဖေဖေသည် နည်းပရိယာယ် ကြွယ်လွန်းလှသည်။ ပထမဦးစွာ လျှပ်စစ် မီးဘတ်သီးများကို သစ်ပင်များအတွင်း ဝှက်၍တပ်ဆင်သည်။ ကြိုးများကို မမြင်ရသလို မီးသီးများပါ မပေါ်လွင်အောင် ဖန်တီးသည်။ သို့သော် အလင်းရောင်ကတော့ ဆန်းကြယ်စွာ ထွက်ပေါ်နေသည်။ ထို့နောက် အလှတန်ဆာဆင်မြန်းမှုကိစ္စ၊ ရွှေခြည် ငွေခြည်များကို ရေခဲအစက်အပေါက်များ သဖွယ် တစ်တန်းမှတစ်တန်းချိတ်ဆွဲသည်။ဖေဖေသည် တချို့ ဖခင်များ ပြုလုပ်သလို စိတ်မရှည် လက်မရှည် ပုံစံမျိုးမရှိဘဲ အနုစိပ်သေသေချာချာ ဆင်ယင်သည်။ တဖြည်းဖြည်းနှင့် အထိမ်းအမှတ်သစ်ပင်မှာ အရောင်များပြိုးပြက်လာကာ မနက်ဖြန်တွင် ကျွန်တော်တို့၏ ဆွေမျိုးသားချင်းညီအစ်ကို မောင်နှမများ သြချ ကုန်မည်ကို ကြိုပြီး မြင်ယောင်မိသည်။

နောင် နှစ်ပေါင်းများစွာ ကြာလာတော့မှပင် ဖေဖေ၏ ငယ်စဉ်တောင်ကြေးအရွယ်က ခရစ္စမတ်သစ်ပင် တစ်ကြိမ်တစ်ခါမျှ ဆင်မြန်းခွင့်မရဖြစ်ခဲ့သည်ကို သိရှိလာရသည်။ ဖေဖေ၏မိဘများသည် တိုင်းတစ်ပါးမှ လာရောက်ခိုလှုံနေကြသူများဖြစ်သည်။ ကျွန်တော်၏ အဘိုး ဖေဖေ့ ဖေဖေသည် လမ်းပြင်နေရင်း မတော်တဆ ထိခိုက်မှုနှင့် ကွယ်လွန်ခဲ့ရသည်။ ထိုစဉ်ချိန်က ဖေဖေသည် ရက်သတ္တပတ်အနည်းငယ်သာ လူဖြစ်





သေးသည့် ကလေးငယ်ကလေး ပက်ထရစ် အဖြစ်သာ ရှိသေး၏။ ကျွန်တော်၏ နှုတ်ဆိတ်သော အဘွားက ဖေဖေ့ကို သန့်ရှင်းပေးသည့် ကိစ္စရပ်များတွင် တာဝန်ယူလာရသည်။ ဖေဖေ့ အမေ၏ဘဝသည် တစ်နေရာမှတစ်နေရာသို့ အနှင်ခံရသည့် စွန့်စားရမှုများကြုံသည်။ ထိုအခါ ဖေဖေ့အစ်ကိုများအား မိဘမဲ့ဂေဟာများသို့ ပို့ရပြန်သည်။ သို့သော် ထိုနေ့မှာပင် ဖေဖေ့မေမေက သူ့ကလေးတွေကို ပြန်ခေါ်သည့်အခါ ဖေဖေ့အစ်ကိုများက ဝမ်းနည်းငိုကြွေးခဲ့ရသည်။

ကျွန်တော်၏ ဖေဖေသည် ပြင်းထန်သော ဝေဒနာကို ခံစားခဲ့ရပြီးနောက် လုံးဝ အကြားအာရုံ ဆုံးအသွားရသည်။ ထိုအခါ ဆရာ ဆရာမများ၏ သင်ကြားမှုကို ကောင်းစွာမနာယူနိုင်ဘဲ ဖြစ်ခဲ့ရသည်။ ရှေ့ရေးကို မြော်မြင်တတ်သော သီလရှင်တစ်ဦးက သူတို့၏ အထက်တန်းကျောင်းသို့ ကျူရှင်လာပေးရင်းဖြင့် ကြင်နာတတ်သော ထိုဆရာမ၏ ကျေးဇူးကြောင့် ပညာသင်ဆုရသည်အထိ ဖေဖေ ထူးချွန်လာသည်။ ထိုအခါ ဖေဖေ့မိသားစုကြီးထဲတွင် ဖေဖေတစ်ယောက်သာ တက္ကသိုလ်ဘွဲ့ကို ရယူနိုင်ခဲ့သူဖြစ်ခဲ့သည်။ သို့သော် ဖေဖေသည် ဘဝတစ်လျှောက်လုံး နားပင်းသည့်ဘဝနှင့်ပင် ရင်ဆိုင်ဖြတ်သန်းလာခဲ့ရသည်။

ကျွန်တော်၌ အကျပ်အတည်းတစ်ခုနှင့် ရင်ဆိုင်နေရစဉ်က ဖေဖေတစ်ခါပြောဖူးသည်။ ဖေဖေက



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သူဖြစ်ချင်သည့် ဖခင်ဘဝကို ရခဲ့ပြီဆိုသော စကားပင်ဖြစ်သည်။ ဖေဖေဘာကို ဆိုလိုချင်မှန်း ကျွန်တော်မသိပြီ၊ သို့သော် သူ၏အစွမ်းအစပေါ် ထက်မြက်စွာဖြင့် နိုင်နင်းအုပ်ချုပ်နိုင်ခြင်းအပေါ် ရည်စူးပြောလာခြင်းဖြစ်သည်။ သံထည်အား သံလိုက်ဓါတ်အစွမ်းများ သွတ်သွင်းနိုင်ခဲ့သကဲ့သို့ပင် ဖြစ်လိမ့်မည်။ ထို့ကြောင့်ပင် ဖြစ်မည်။ ဖေဖေ့ဘဝ၌ မရည်ရွယ်ဖူးသော၊ စံနာမူနာအသွင်မရှိဖူးသော အကြောင်းများသည် ဖေဖေ့အား လုပ်နိုင်စွမ်းဘိသကဲ့သို့ စေစားလာနိုင်ခဲ့သည်။

မည်သို့ဆိုစေ ခရစ္စမတ်သစ်ပင် အလှတန်ဆာဆင်ယင်ရသည့် အကြောင်းသည် အနှစ် ၅၀ပင် ကျော်လာခဲ့ပြီ။ ၁၉၉၈ ခုနှစ်၏ဆောင်းရာသီတွင် ဖေဖေသည် ခရစ္စမတ်သစ်ပင်ကို ကျွန်တော်တို့ထံမှ တောင်းယူသွား၏။ နှစ်ပေါင်းများစွာကြာသည့်တိုင် ကျွန်တော်သည် ကျွန်တော်၏ ရင်သွေးငယ်များအတွက် ခရစ္စမတ်သစ်ပင်တစ်ပင် အလှဆင်သည်။ တစ်လောတုန်းကမူ ကျွန်တော့် သားသမီးများအား ခရစ္စမတ်သစ်ပင်ဆင်ယင်ရသည့် အတတ်ပညာကိုသင်ပြလိုက်ရသည်။ ပြီးတော့ ကျွန်တော်ပြန်တွေးကြည့်သည်။ ကျွန်တော့်ဖခင်၏ နည်းစနစ်သည် တကယ့်အနုပညာ သဘောပါဝင်သည်။ ထုံးတမ်းစဉ်လာတစ်ခုကို အစပြုရာမှ တစ်ဆင့် အဆုံးတိုင် ပြုလုပ်နိုင်စွမ်းသည့် သင်္ကေတသဘောများပါဝင်သည်။ လျှို့ဝှက်ဆန်းပြားစွာ ဆက်





နွယ်နေကြသော ကျွန်တော်တို့ အမျိုးအဆွေများ၏ အခြားတွင် ရှင်သန်နေမည်ဖြစ်သလို အဖေကတစ်ဆင့် အားထားလက်ဆင့်ကမ်းခြင်း၊ အစ်ကိုကတစ်ဆင့် ညီမအားလက်ဆင့်ကမ်းခြင်း၊ ခင်ပွန်းမှတစ်ဆင့် ဇနီးအားလက်ဆင့်ကမ်းပေးခြင်း၊ မျိုးရိုးအလိုက် တစ်ဆင့်ချင်းလက်ဆင့်ကမ်းခြင်းအားဖြင့် ရာသက်ပန်တည်ရှိနေရော့မည်။ ကျွန်တော့်အဖို့တော့ ထုံးတမ်းစဉ်လာအရ နှစ်စဉ် ပြုလုပ်ရသည့် ထိုကိစ္စတစ်ခုသည် စကြာဝဠာကြီးတစ်ခုလုံး၏ ထူးခြားကောင်းမွန်လှသော အလှတရား၏ သင်္ကေတတစ်ခုဖြစ်သလို စကြာဝဠာကြီးတစ်ခုလုံး၏ နာကျင်ဖွယ်ရာကောင်းသော အလှတရား၏ သင်္ကေတတစ်ခုလည်း ဖြစ်နေပါတော့သည်။

♦ ♦



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

# အယ်နီလို ဖြစ်ပါရစေ

MoreLike Annie By Marion Bond West

ကျွန်တော်၏ အိမ်နီးချင်းသစ်ကို တွေ့စတစ်ဒင်္ဂမှာတော့ စိတ်ထဲက မနှစ်မြို့ချင်အောင်ရှိလှသည်။ ထို အမျိုးသမီးက ပြုံးရွှင်လွန်းအားကြီးသည်။ အသံထွက်အောင် ရယ်လိုက်ပြန်လျှင်လည်း အသံက အလွန်ကျယ်လွန်းသည်။ ထို့အပြင် နှုတ်ခမ်းဆိုး ဆေးအရောင်ကလည်း တောက်ပလွန်းနေသည်။ ပြောင်းရွှေ့လာခါစက ကားပေါ်မှ ပစ္စည်းတွေ ပြောင်းရွှေ့ချနေကြစဉ်မှာပင် ထိုအမျိုးသမီးကျွန်မထံ ရောက်လာ၍ သူ့ကိုယ်သူ မိတ်ဆက်သည်။ ပြီးတော့ ကြည့်စမ်းပါဦး။ ကျွန်မ၏တံခါး သံဇကာနှင့်ရံထားသည်ကို မြင်သွားသောအခါ "အားပါးပါး" ဆိုသော အံ့အားသင့်သံမျိုးဖြင့် တကယ့်မိတ်ဟောင်းရင်းချာနှင့်တွေ့နေသလို ရေရွတ်ပြန်သည်။ "ကျွန်မနာမည် အယ်နီလီတေးကားလို့ခေါ်တယ်။ အခုတော့ ရှင်တို့ရဲ့ အိမ်နီးပါးချင်းဖြစ်လာရပြီပေါ့" ပြောပြောဆိုဆို ကျွန်မကို

ရှုဝံစာအုပ်တိုက်

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရုတ်တရက် ပွေ့ဖက်သည်။ သူ့ပခုံးက ကျော်အကြည့်တွင် ဆံပင်နက်နက်နှင့် ချာတိတ်သုံးယောက်ကို တွေ့ရသည်။ ထိုကောင်လေးတွေမှာလည်း ပွင့်လင်းလွန်းလှသည့်အပြုံးများကို မြင်တွေ့နေသည်။

"ကျွန်မရဲ့ လက်ဖက်ရည် သောက်ချိန်တောင်ရောက်နေပါပေါ့လား" ဟု အသံထွက်ကြေညာရင်းနှင့် ခုံတစ်လုံးမှာထိုင်၏။ ကျွန်မ သူ့အတွက် ပန်းကန်လုံးတစ်ခုထဲ လက်ဖက်ရည်ငှဲ့ပေးလိုက်သည်။ ကျွန်မအဖို့ ပြုံးပြဖို့ကြိုးစားလို့ မရနိုင်အောင်ပါပဲ။ ကျွန်မ ဟန်လုပ်အပြုံးကလေးတောင် မပြုံးလိုက်မိ။ သူပြန်ထွက်သွားပြီးနောက်တွင် ကျွန်မသည် ဘာစကားကိုမျှ မပြောနိုင်တော့ဘဲ တစ်ချိန်လုံး မျက်မှောင်ကြုတ်နေမိသည်။

နောက်တစ်နေ့ စနေနေ့ နေပင်မထွက်သေးကျွန်မအိမ်နီးချင်းသစ် ကောင်လေးတွေ၏ ဆူညံသံများကို ပွက်လောရိုက်အောက်ကြားရသည်။ သူတို့တတွေသည် ခြံနောက်ဘက်တွင် သစ်ပင်တစ်ပင်အတွက် အိမ်ဆောက်လုပ်နေကြ၏။ အယ်နီက ကားဂိုထောင် အနီးတွင် နှင်းဆီတွေစိုက်ပျိုးဖို့ စီစဉ်နေ၏။ နေ့လည် ကျွန်မလမ်းလျှောက်ထွက်လာစဉ် အယ်နီက "မာရီယန်ရေ ဒီကိုလာပြီး ကျွန်မရဲ့နှင်းဆီပင်တွေကို ကြည့်စမ်းပါဦးရှင်"ဟု လှမ်းခေါ်သည်။ ကျွန်မသည် စိတ်လိုက်လက်ရမရှိလှဘဲ ဝင်သွားမိသည်။





"ဘလေ့စ်နှင်းဆီတွေအတွက် မြေဆွေးတွေကို အသုံးပြုဖို့ မကောင်းပါဘူး အယ်နီ။ ပြီးတော့ ဒီနှင်းဆီမျိုးဟာ ဒီအရပ်မှာ ရှင်သန်ဖို့ မလွယ်လှဘူး။ ကျွန်မလည်း အရင်က စမ်းသပ်ပြီးစိုက်ဖူးတယ်လေ"ဟု ကျွန်မက သူ့ကို ပြောလိုက်မိသည်။

"ဒါပေမဲ့ ကျွန်မက လော့ဒ်သခင်ဆီမှာ ခွင့်ပန်ပြီးမှ နှင်းဆီပင်တွေ ရှင်သန်ကြံ့ခိုင်မှုနဲ့ ဝေဆာမှုအတွက် စီစဉ်ခဲ့တာပါ"ဟု အယ်နီကဆိုသည်။ ကျွန်မအကြည့်ထဲတွင် ဒေါသအရိပ်တွေ ပါသွားမလား မဆိုနိုင်။ "မထစတမ်းလေးထိုင်လိုက်ပါဦးနော်။ ကျွန်မ ကလေးတွေအတွက် ကြက်ပေါက်ကလေးတွေ သွားကြော်လိုက်ဦးမယ်။ ချက်ပြုတ်ဖို့အပြောင်းအလဲလုပ်မှ ဖြစ်တော့မှာကိုး"

သူဝင်သွားပြီး မကြာခင်မှာပင် ကျွန်မ၏ နှာခေါင်းဆီသို့ ကြက်ကြော်နံ့များသင်းပျံ့ဝင်လာ၏။ ဂျူလီနှင့် ဂျနီဖာဆိုသော ကျွန်မ၏ သမီးနှစ်ယောက်ကလည်း နှင်းဆီပန်းခြံများကို ကြည့်ရန် ရောက်လာကြသည်။ အယ်နီပြန်ထွက်လာပြီး ကျွန်မသမီးနှစ်ယောက်ကို တစ်ပြိုင်နက်ပင် ပွေ့ချီ၏။

"အန်တီ ဘာတွေချက်နေတာလဲ"

ဂျနီဖာကမေးသည်။

"ကြက်ပေါက်ကလေးတွေလေ"

အယ်နီက ခပ်မြူးမြူးကလေး ဖြေသည်။



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကြက်ပေါက်ကလေးတွေချက်သည့် ကိစ္စတွင် ဘာတွေများ ရှင်မြူးစရာပါလို့လဲဟု ကျွန်မတွေး၍ အံ့သြနေမိသည်။ ကျွန်မသည် ထိုအနံ့ရလာသောအခါ သွားရည်များကျလာတော့မယောင် ဖြစ်လာရသည်။

အယ်နီ၏ကလေးများက ကျွန်မတို့ကို လာရောသည်။ သူတို့လေးတွေ၏ စကားသံက တစ်သမတ်တည်းပင် ကျယ်လောင်လှသည်။ အယ်နီက ကျွန်မကို ခွင့်ပန်ပြီးနောက် မီးဖိုပေါ်က ကြက်ပေါက်ကြော်ကို ချရန်ဝင်သွားသည်။ ပြီးတော့ မယုံနိုင်စရာကောင်းသော ကိစ္စရပ်တစ်ခု လုပ်ချလာသည်။ ပန်းကန်ပက်လက်ကြီးနှင့် ကြက်ကျွပ်ကျွပ်ကြော်များကိုထည့်ယူလာပြီး ကျွန်မတို့အား တချို့တစ်ဝက် ပေးသည်။ ကျွန်မ၏ သမီးနှစ်ယောက်ဖြစ်သည့် ဂျူလီနှင့်ဂျနီဖာကတော့ အံ့အားသင့်သည့် သဏ္ဌာန်အထင်းသား။ သူတို့ နှစ်ယောက်က ကြက်ခြေထောက်တစ်ချောင်းကို ကောက်ကိုင်သည်။ ကျွန်မလည်း တစ်ခုတစ်လေ နှိုက်လိုက်ချင်၏။ သို့ပေမဲ့ ကျွန်မငြင်းဆန်မိသည်။ ဪ၊ ဘယ်သူကများ အခုညနေလိုအချိန် စပ်ကူးမတ်ကူးကာလထဲမှာ ညစာနှင့် ဧည့်ခံသည်ရှိသလဲဟု ကျွန်မ၏ အတွေးက ကာဆီးလိုက်ခြင်းဖြစ်သည်။

နောက်ရက်တွင် ကျွန်မ၏ သမီးတစ်ယောက်ကပြောသည်။

“အန်တီအယ်နီက ဘာလုပ်သလဲသိလားဟင် မေမေ။ အဝတ်တွေ ခေါက်သိမ်းနေရာကနေ သမီးတို့ကိုမြင်တာနဲ့ ဆက်မလုပ်တော့ဘဲ ဝင်လာခဲ့ဖို့ လှမ်းခေါ်တယ်။ ပြီးတော့ မီးဖိုပေါ်မှာ တင်ထားတဲ့ ကွတ်ကီးပူပူတွေချပြီး သမီးတို့နဲ့အတူ ဝင်စားတယ်သိလား”





ကျွန်မသည် ကိုယ့်ဝန်းကိုယ့်ခြံထဲတွင် အိမ်နီးချင်းကလေးများနှင့်အတူ ကိုယ်လည်း ဝင်စားတာမျိုးကို မနှစ်မြို့သူဖြစ်သည်။

တစ်နေ့တွင် အယ်နီက ကျွန်မအသိထဲမှာ မီးပူတိုက်ပေးနိုင်သည့်သူ ရှိမရှိမေးလာသည်။ အယ်နီက သူ့မှာ နောက်ကျောနာသည့် ဝေဒနာရှိ၍ ကြာကြာထိုင်မရကြောင်းပြောပြသည်။ ကျွန်မက ခေါင်းခါပြလိုက်သည်။ ကျွန်မက သူ့အား နာမည်တစ်ဒါဇင်လောက်မှည့်ပေးလိုက်သလို အပြုံးမျိုး အယ်နီ့မျက်နှာမှာ တောက်ပစွာပေါ်လာသည်။

“အင်း၊ ဘုရားသခင်ကိုပဲ အားကိုးရတော့မှာပေါ့လေ”

ကျွန်မ သူ့အား အထိတ်တလန့်နှင့် ကြည့်မိလိုက်သည်ထင်သည်။

“ဘုရားသခင်က တကယ်ပို့ပေးမှာပါ မာရီယန်။ ကျွန်မအတွက် တကယ်ကောင်း မွန်တဲ့လူမျိုး ကို ပေးပို့လိုက်မှာပါ”

နောက်တစ်ပတ်အကြာတွင်မူ အယ်နီလီတေးကားနှင့်သားသုံးယောက်ဖြစ်ကြသည့် ဝိန်း၊ မိုက်နှင့် ဂတ်တို့ကို ကျွန်မတို့၏ဘုရားကျောင်း၌ သွားဆုံသည်။ ကျွန်



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မ ခင်ပွန်းဂျယ်ရီနှင့်သမီးနှစ်ယောက်ကတော့ ခုံတန်းတွေပေါ်ကပင် ကျော်၍သူတို့အား ဆီးပွေ့ကြိုသည်။ ကျွန်မကတော့ အဝေးကသာ လက်ကိုဝှေ့ယမ်းပြလိုက်သည်။ ကျွန်မတို့၏ တနင်္ဂနွေတစ်ရက်ကျောင်း၏ ဆရာမအသစ်အဖြစ် အယ်နီ့ကိုတွေ့လာရသောအခါ မယုံနိုင်အောင် ကျွန်မအံ့အားသင့်မိသည်။ ဩော်သူက စေတနာ့ဝန်ထမ်း တစ်ယောက်ပါပဲလား။

ကြာသပတေးနေ့ တစ်ရက်မှာပင် အယ်နီအိမ်၌ မိန်းမသားတစ်ဦးကို တွေ့ရသည်။ ဩော်၊ အယ်နီသည် မီးပူတိုက်ပေးမည့် အကူအညီတစ်ယောက်ကို တကယ်ပင် တွေ့လာပြီပဲ။ ထို့အတူပင် ကျွန်မ အထင်နှင့်အမြင် ပါစင်အောင်လွဲသည်အထိ ဖြစ်ရတာကတော့ သူ့ ဘလေ့စ်နှင်းဆီနီနီများသည် စွင့်လန်းဝေဖြာစွာ ရဲရဲတောက်လျှက်ပွင့်လန်းနေကြခြင်းပင်။ သူက ကျွန်မလက်မောင်း ကိုကိုင်ထားရင်း "လိုချင်တဲ့အရာတိုင်းအတွက် တောင်းဆုပြုယူလို့ရနိုင်ပါတယ် မာရီယာ" အယ်နီ၏အသံ က ညင်ညင်သာသာရှိလှသည်။ "ကျွန်မဒီကို ရွှေ့ပြောင်းမလာခင်က အိမ်နီးပါးချင်းကောင်းတွေ တွေ့ရပါစေသားလို့ ဆုတောင်းခဲ့တာ အခုတွေ့ပြီမဟုတ်လား"

ကျွန်မ သူပေးသော နှင်းဆီများကို လက်ခံယူရင်း ကျေးဇူးတင်စကားတစ်ခွန်း ပြောနိုင်ဖို့ပင် အားထုတ်နေရသည်။ သို့သော် အယ်နီနှင့်တွေ့ချိန်တိုင်းမှာ





ကျွန်မ ဘာကြောင့် စိတ်မသက်မသာဖြစ်ရမှန်း ခုတော့ သိလာရပြီ။ တောက်ပသော နှုတ်ခမ်းနီကြောင့် မဟုတ်သလို၊ နှင်းဆီပန်းများကြောင့် လည်းမဟုတ်၊ ပွေ့လားဖက်လားကြောင့်လားဆိုတော့လည်း မဟုတ်ပြီ။ စင်စစ် ကျွန်မ၏ စိတ်ခံစားချက်ထားရှိမှုတစ်ခု မပြည့်ဝသေးသည့် အတွက်ကြောင့်သာဖြစ်နေမှန်း ယခုသိလာရပြီ။ အယ်နီ့ကို ကြည့်လိုက်တိုင်း အမြဲတန်းပျော်ရွှင်မြူးတူးနေသည်။ ကျွန်မသည် အယ်နီ့လိုဖြစ်ချင်သော ဆန္ဒများအမှန်တကယ်ဖြစ်ပေါ်နေမိသည်။ သို့သော် ထိုအပျော်အား ဘယ်ကနေရှာဖွေရမည်မသိသလို ဘယ်လိုအစပြုရ မည်ကိုတောင် မသိနိုင်ဘဲ ဖြစ်နေသည်။

ကျွန်မသမီး ဂျနီဖာ၏ပါးစပ်အတွင်းမှ ပါးကြိတ်အားခွဲထုတ်ယူရမည်ဆိုသည့်အခါ အယ်နီသည် ကျွန်မ ထိတ်လန့်ရတော့မည်ကိုသိ၍ အိမ်ထဲဝင်လာသည်။ သူက ဂျနီဖာအားဆုပ်ကိုင်ထားသည်၊ ဆေးရုံပေါ်ရောက်သောအခါ ဂျနီဖာသည် MANKY ဟု စာ တန်းထိုးထားသော ပန်းရောင်ကလေးစောင်ကို ခြုံထားသည်။ ဂျနီဖာက သူ့စောင်လေးအား ကျွန်မကို လျှော်ဖွပ်ခိုင်းသည်။ ကျွန်မတို့အိမ်မှာ အဝတ်လျှော် ခြောက်သွေ့စက်ကလည်း မရှိပြီ။

ကျွန်မ မာန်မာနကို ခဝါချပြီး အယ်နီ့ဆီသွားအကူအညီတောင်းဖို့ စိတ်ကူးကြည့်သည်။ ကျွန်မမသွားမီ ကိုယ့်ကိုကိုယ် အရင်မေးကြည့်သည်။



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

"ငါ့ . . . သွားတောင်းဝံ့ပါ့မလား"

ထုံးစံအတိုင်း အယ်နီက ပွေ့ဖက်နှုတ်ဆက်၏။ ပြီးတော့ ကျွန်မအတွက် ထောပတ်မုန့်ပွ နှစ်ချပ်ကို ကင်ကျွေး၍ စက်ထဲထည့် ထားသော စောင်ကို လျှော်ဖွတ်ပြီး ခြောက်သွေ့သည့်တိုင် စောင့်ကြသည်။ "ဘုရားသခင်" ကျွန်မစိတ်ထဲကတောင်းဆုပြုသည်။ "တပည့်တော်မကို အယ်နီ့လိုဖြစ်အောင် ကူပါဘုရား"

ထိုနှစ်ဩဂုတ်လမှာပင် ကျွန်မ၌ ကိုယ်ဝန်ရှိနေကြောင်းသိလာရသည်။ ကျွန်မနှင့် ကျွန်မခင်ပွန်းဂျယ်ရီတို့သည် နောက်ထပ် ရင်သွေးတစ်ဦးရရှိဖို့ စောင့်စားနေသည်မှာ ကြာမြင့်လှပြီဖြစ်သည်။ ကိုယ်ဝန်ရင့်လာသည့်အခါ မကြာမီမှာပင် ဖွားတော့မည့် အရိပ်အရောင်များပြလာသည်။ ဒီဇင်ဘာတစ်ရက်တွင် ဆရာဝန်က ကျွန်မကိုယ်ဝန်သည် အမြွှာဖြစ်နေကြောင်း ပြောပြသည်။

ကျွန်မသည် ဆရာဝန်၏ ရုံးခန်းမှတစ်ဆင့် ဂျယ်ရီ၏အလုပ်တိုက်သို့ ကြိုးစား၍အရောက်သွားသည်။ သို့သော် သူအပြင် သွားနေကြောင်းသာ သိရသည်။ ကျွန်မ ထိုအကြောင်းကို တစ်ယောက်ယောက်အား ပြောပြမှဖြစ်မည်။ ကျွန်မကားကို အိမ်ဆီသို့မောင်းခဲ့သည်။ ကျွန်မ၏ နှလုံးသားတို့ ခုန်ပေါက်နေသည်။ ကျွန်မ၏ ခြံအနီးချဉ်းကပ်မိစဉ်မှာ ထိုကိစ္စ မည်သူ့ကို ပြောပြရမည်မှန်း ကျွန်မသိနားလည်လာရသည်။

ကျွန်မသည် အယ်နီ့ထံပြေးမိမတတ် လှမ်းထွက်ခဲ့သည်။ ကျွန်မ အမြွှာရှိနေကြောင်း ပြောပြလိုက်





သည့်အခါ အယ်နီသည် အသံထွက်အောင် ဖျစ်အော်၍ ရယ်မောကာ တစ်အော်တည်းအော်နေရင်းက ကျွန်မကို ပွေ့ဖက်ရာ ကျွန်မကလည်း ပြန်လည်တုံ့ပြန်မိသည်။

ထို့နောက် အယ်နီက ကျွန်မကို အိမ်နီးပါးချင်းများဆီသို့ ခေါ်သွားသည်။ သူကတွေ့သည့် တံခါးတိုင်းကို ဘဲလ်နှိပ်ပြီး ဖွင့်လာသည့် သူတိုင်းအား ကျွန်မ၏ အမြွှာကိုယ်ဝန်အကြောင်း ကြေညာနေသည်။

"မာရီယန်နဲ့ ဂျယ်ရီတို့မှာ အမြွှာပူးရှိလာတော့မယ်သိလား"

အယ်နီသည် ကျွန်မကို အမြဲတမ်းပင် စစ်စစ်ဆေးဆေးလုပ်သည်။ သူ့အိမ်တွင် ခိုင်းထားသော အမျိုးသမီးအား ကျွန်မဆီလွှတ်၍ တစ်နေ့မှာ ကျွန်မအဝတ်တွေကို မီးပူတိုက်ခိုင်းပြန်သည်။ အယ်နီက ကျွန်မကို ကလေးရေချိုးသည့် ရေပန်းသွားလေးတစ်ခု ပေးသည်။ ကျွန်မ မီးဖွားဖို့ နောက်ဆုံး ဆေးရုံတက်ရောက်ရသည့်ရက်မှာအယ်နီသည် ကျွန်မသမီးနှစ်ယောက်အား ခေါ်ထားသည်။ ကျွန်မ၏ အမြွှာနှစ်ယောက် အိမ်ပြန်လာသည့်အခါ နဖူးပြင်တွင် နှုတ်ခမ်းနီပေရာများ ပါလာတတ်သည်။ သူတို့၏ နာမည်က လွန်နှင့်ဂျီရမီ။

နောင်နှစ်ပေါင်းများစွာ ကြာလာသည့်အခါ အယ်နီတို့၏နေအိမ်နှင့် ကျွန်မတို့ အိမ်၏ဆက်ဆံမှုသည် နှစ်ပြည်ထောင် ဖွံ့ဖြိုးခိုင်မြဲလာသည်။ ထို့နောက် တစ်နေ့မနက် အယ်နီအိမ်နောက်ဘက်မှ ဝင်ရောက်၍



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထူးထူးခြားခြား ငြိမ်သက်လျက်ရှိသည်ကို တွေ့လိုက်ရသည်။ သူသည် အရယ်အပြုံးလည်းမရှိ။ပွေ့လား ဖက်လားလည်းမရှိ။ ကျွန်မသည် အယ်နီ့အား တစ်ခါမျှ သည်လိုပုံစံနှင့် မမြင်ဖူးသေး။

"ကျွန်မတို့ ပြောင်းကြရ တော့မယ်လေ" ဟု ဆိုလာတော့မှ အကြောင်းမှန်ကို သိလိုက်ရသည်။

ကျွန်မသည် နှစ်ရက်အကြာတွင် အိပ်ခန်း ပြူတင်းပေါက်မှနေ၍ ကားအကြီးကြီးဆိုက်၍ ပစ္စည်းတွေ ရွှေ့ပြောင်းမလားဟု မျှော်ကြည့်သေးသည်။ ကျွန်မ၏ စိတ်ထဲကတော့ သူတို့ပြောင်းရမည့်ကိစ္စ တစ်နည်းနည်းနှင့်ပျက်သွားပါစေဟု မျှော်လင့်နေမိသည်။ သို့သော် နောက်ဆုံးတော့ ကြီးမားလှစွာသော ကားကြီးတစ်စီး ကျွန်မတို့ အိမ်အနီးမှာ လာဆိုက်သည်။ အယ်နီတို့ မိသားစုနှင့် သူတို့ ပစ္စည်းတွေ ထွက်ခွာသွားသည်အထိ ကျွန်မငေးနေမိသည်။

ထိုမှ လပေါင်းများစွာကြာပြီး တစ်နေ့ညနေတွင် ကျွန်မချောကလက်ကိတ်များကို ရေခဲသေတ္တာထဲ ထည့်၍ ပြင်ဆင်နေခိုက် သမီးနှစ်ယောက်ကျောင်းမှ ပြန်ရောက်လာကြရင်း ပြောနေသည်ကို ကြားလိုက်ရသည်။ ဂျနီဖာက "မေမေသာ ကိတ်မုန့်လေး အချပ်လိုက်လှီးပေးရင် ဘယ်လောက်ကောင်းမလဲနော်"ဟု သူ့ဆန္ဒကို ပြောပြနေသည်။

ထိုအခါ အစ်မဖြစ်သူ ဂျူလီက





"မေမေက ကျွေးမှာမဟုတ်ဘူးဟ။ ကုမ္ပဏီအတွက်သာ လုပ်ပေးမှာ"ဟု ဆိုသည်။

ကျွန်မက သမီးတွေကို လှမ်းခေါ်လိုက်ပြီးနောက် ကိတ်မုန့်ပေါ်တွင် အုပ်ထားသော ဖန်အခုံးကိုဖွင့်လိုက်သည်။ ထို့နောက်ကိတ်မုန့်ကို အချပ်အလှလိုက်ကြီးတွေလှီးပြီး နို့များကိုဖန်ခွက်တွေထဲ လောင်းထည့်သည်။ ပြီးတော့ တစ်ခါ အမွှာသားငယ်များဖြစ်ကြသော ဂျွန်နှင့်ဂျီရီမီတို့အား အထဲသို့လာခိုင်းသည်။

မွန်းလွဲချိန်ကြီးမှာပင် ကျွန်မတို့ မိသားစုစားပွဲမှာ ဝိုင်းလိုက်ပြီး ကိတ်ချပ်များနှင့် နို့များကိုစားသောက်ဖြစ်ကြသည်။ ကျွန်မ ဖယောင်းတိုက်ထားသော ကြမ်းပြင်တစ်ခုလုံး အမွှာတို့၏ ကိတ်မုန့်ကြွေကျသော အမှုန့်များဖြင့်ဖွေးဖွေးလှုပ်လှုပ် ရှိနေသည်။ ကျွန်မ၏ အတွင်းအနက်အရှိုင်းတစ်နေရာက အပြုံးသည် မျက်နှာထက်ဆီသို့ မှန်မှန်ကြီးခရီးဆက်လာသည်။

"မေမေ သမီးတို့ကို ပါတီပွဲတစ်ခု ကျင်းပပေးနေတာလားဟင်"

သမီးတစ်ယောက်ကမေးသည်။

"ဟုတ်တာပေါ့ကွယ်။မစ္စစ်အယ်နီပြုလုပ်လေ့ရှိတဲ့ ပါတီမိတ်ဆုံစားပွဲမျိုးပဲပေါ့" ကျွန်မကပြောရင်း ပြုံးမိသည်။ အယ်နီ၏ အရိပ်အစတစ်စသည် ကျွန်မတို့၏ နောက်ဝယ်ကြွင်းကျန်နေတုန်းပါပဲလား။



စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

# အပြုံးရှင်

That Smile By Anonymous

၁၉၈၅ ခုနှစ်က ဆောင်းဦးပေါက်ကာလကို ပြန်ပြောင်းပြောပြရပါမည်။

ထိုစဉ်က ကျွန်တော့်အသက်က ၂၅ နှစ်။ ကျွန်တော်သည် ပီတာစဘတ်မြို့ရှိ ဘဏ္ဍာရေး အဖွဲ့အစည်းကြီးတစ်ခုမှာ နည်းစံနစ်ပိုင်းဆိုင်ရာ ဆန်းစစ်လေ့လာ သူတစ်ယောက်အဖြစ် အလုပ်လုပ်သည်။ အမှန်မှာတော့ ထိုကိစ္စသည် သိပ်အရေးမကြီးပါ။ အရေးကြီးတာက မိုးရွာပြီးစ နံနက်ခင်းတစ်ခုတွင် ကျွန်တော်အလုပ်သို့ လမ်းလျှောက်သွားခြင်းပင်ဖြစ်သည်။ လူသွားလမ်းကလေးများမှာ ရေအိုင်လေးတွေရှိနေဆဲ။ လေထုကအေးမြနေဆဲ။ ကျွန်တော်သည် မြို့လယ်ကောင်ကြီးမှာ လမ်းလျှောက်နေခြင်း ဖြစ်သော်လည်း မနက်ခင်းသည် အလွန်လှပနေသည်မှာ ငြင်း၍မရ။ ကျွန်တော်သည် ကားမောင်းသူတို့၏ သတိရှိပုံမျိုးနှင့် ကျွန်

ရွှေဝံစာအုပ်တိုက်

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တော့်ဖိနပ် တွေကို ရေမစိုစေရန်အတွက် သူများ ခြေထောက်ကို မနင်းမိရုံလောက်ကိုသာ ကြည့်ပြီး ခေါင်းငိုက်စိုက်ချလျက် လမ်းလျှောက်နေသည်။ သူမရှူးဖိနပ်ကလေးသည် ကျွန်တော့်ကို စိတ်ဝင်စားစေသည့် ပထမဆုံးသောအရာဖြစ်နေသည်မှာ အံ့ဩစရာမဟုတ်ဟု ကျွန်တော် ထင်မိသည်။

သူမ၏ ရှူးဖိနပ်သည် ရှူးဖိနပ်တို့၏ ဆွဲဆောင်မှုရှိပုံမျိုး အပြည့်ရှိသည်။ သူမနှင့် ကျွန်တော် မျက်နှာချင်းဆိုင်လျှောက် နေကြသည်ဖြစ်၍ ရှေ့ဆက်လျှောက်လာသောအခါ ကျွန်တော့်မြင်ကွင်း ထဲသို့ သူမ၏ ခြေဖမိုးလေးက ဝင်ရောက်လာသည်။ ခြေဖမိုးလေးတွေကလည်း ဆွဲဆောင်မှုရှိသည်။ ကျွန်တော့်တို့ချင်းနီးကပ်လာသောအခါ သူမတစ်ကိုယ်လုံးကို မြင်ရရန် ကျွန်တော်ခေါင်းကို ဖြည်းညှင်းစွာ မော့လိုက်သည်။ သူမကလည်း ချစ်စရာကောင်းနေသည်။ သူမသည် လုပ်ငန်းဝတ်စုံကိုဝတ်ထားပြီး ကျွန်တော်လိုပင်ရုံးသို့သွားသူ တစ်ယောက်ဆိုတာသိသာလွန်းလှသည် သို့ရာတွင် ကျွန်တော်တို့သွားနေသည်က ဆန့်ကျင်ဘက်ဆီသို့သာ။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ နှစ်ယောက်နီးကပ်လာသောအခါ ကျွန်တော် သူမတစ်ကိုယ်လုံးကို မြင်ရပြီ။ ကျွန်တော့်အကြည့်က သူမျက်လုံးနားသို့ရောက်တော့မှ ကျွန်တော့်အကြည့်သူခိုးကို လူမိသွားပြီဆိုတာ သဘောပေါက်လိုက်မိပါတော့သည်။ ဆွဲဆောင်





မှုရှိသည့် သူမကိုဆက်မကြည့်တော့ဘဲ ခေါင်းပြန်ငုံ့ပစ်လိုက်မည်ဟု ကျွန်တော်စဉ်းစားမိသော်လည်း သူမနှင့်မျက်လုံးချင်း ဆုံလျှက်ဆက်ကြည့်နေမိသည်။ လက်ပူးလက်ကျပ်တော့ မိလေပြီ။ ကျွန်တော်သူမကို ကြည့်နေခဲ့တာကို သူမက စောင့်ကြည့်နေခဲ့သည်မှာ သိသာလွန်းနေသည်။ ကျွန်တော် မွှန်ထူသွားလောက်အောင်ရှက်ရတော့မည်ဟု ကြံနေချိန်မှာပဲ တဏှာရူးတွေကိုကြည့်ပုံမျိုး မဟုတ်သည့် အကြည့်မျိုးကို သူမထံမှာ တွေ့လိုက်ရသည်။ လုပ်ငန်းခွင်ထဲက မိန်းမသားတွေဟာလည်း တကယ်တော့နှလုံးသားနဲ့ မိန်းမသားတွေပါပဲ ဆိုသည့် အချက်ကို မေ့ပစ်ဖို့ငြင်းဆန်နေသည့် လူတွေကိုကြည့်ပုံမျိုးဖြင့် ကျွန်တော်ကိုကြည့်သည်။ ကျွန်တော်အကြီးအကျယ်အံ့အားသင့်သွားတာကတော့ သူမကျွန်တော်ကို ပြုံးပြလိုက်ခြင်းပါပဲ။ ထိုကဲ့သို့ နွေးထွေးသောအပြုံး ပြခြင်းကိုက လွန်လွန်းပြီမို့ ကျွန်တော်အနေနှင့် ပြန်ပြုံးပြရုံသာ တတ်နိုင်တော့သည်။ မနက်ခင်းမှာသူကအချိန်ပိုယူပြီး အကောင်းဆုံးပြင်ထားခဲ့သည်ကိုကျွန်တော်က အသိအမှတ်ပြုသဖြင့် ဝမ်းသာပါသည်ဟု ဆိုလိုခြင်းဖြင့် သူမက ကျွန်တော့်ကိုပြုံးပြခြင်း ဖြစ်မည်။ လုပ်ငန်းကို ဘေးဖယ်ထားပါက သူမသည်လည်းမိန်းမသားတစ်ယောက်၏နှလုံးသားရှိနေသည်ဆိုတာကိုမမေ့ကြောင်းပြောချင်သောအပြုံးမျိုး။ ထိုအပြုံးကအမှုအရာဖြင့် ကျေးဇူးတင်ပါသည်ဟု ပြောသောအပြုံး



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။




မျိုး။ ထိုအပြုံးက ကျွန်တော်ရောက်သည့်နေရာကို မေ့သွားစေသည့် အပြုံး။ ကျွန်တော်ဘာကြောင့် ဒီနေရာမှာရောက်နေရတာလဲဆိုတာကို မေ့သွားစေသည့်အပြုံး။ ထိုအပြုံးက ကျွန်တော့်နှလုံးသားကို လမ်းမပေါ် မြောက်ပြီး အမြဲပြာလွင်နေသည့် ကောင်းကင်တွေဆီ သယ်သွားသောအပြုံး ။

သူမကပြုံးပြသည် ကျွန်တော်က ပြန်ပြုံးပြမိသည်။

ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက်ကျော်လွန်သွားကြသည်။ ကျွန်တော် သူမကို နောက်ထပ်မတွေ့ရတော့ပေ။ နောင်ဆယ့်တစ်နှစ်ကြပြီးသည့်အထိ ကျွန်တော်သူမကို သတိရနေဆဲ။ သူမ၏အပြုံးကို သတိရနေဆဲ။ သူမလည်း ကျွန်တော့်အကြောင်းစဉ်းစားနေဆဲဖြစ်မည်ဟု ကျွန်တော်မျှော်လင့်နေမိသည်။

♦ ♦






စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)